AlmightyAlmighty Sword Domain (Yang Ye)

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

{မြင့်မြတ်နယ်မြေ}

Book.5(926-941) ယန်ယဲ့ Vs cရဲကေရီ

၉၂၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၆ - မီးဝိညာဉ်ဘိုးဘေး နှင့် ရင်ဆိုင်

ယန်ယဲ့ သည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ
သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၁၁
ကောင် ပေါ်လာသည်။ သူက ထိုလူကို
ကြည့်ကာ “အခုကော ဘယ်လိုလဲ။”

ထိုလူက ယန်ယဲ့ ကို ခဏလောက်
စိုက်ကြည့်ရင်း “မင်းထွက်သွားလို့ရတယ်။
အခွင့်အရေးရှိရင် ငါတို့ကို လာကူပါဦး။"

"မင်းဆန္ဒအတိုင်း!" စကားပြီးသည်နှင့်
ယန်ယဲ့သည် စိတ်ဆန္ဒကို ထုတ်လွှတ်၍
သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးများနှင့်
ဓားများကို
မူလစေတီထဲသို့ပြန်သိမ်းလိုက်သည်။
ထို့နောက်မှာတော့ သူ့ခန္ဓာကိုယ်သည်
တဖျပ်ဖျပ်ခတ်ကာ
အလင်းတန်းတစ်ခုအသွင်ဖြင့်
ထွက်ပေါက်ကနေ တဟုန်ထိုး
ပျံသန်းသွားပါတော့သည်။

ယန်ယဲ့ ထွက်သွားသည်နှင့် တပြိုင်နက်
ထိုလူ၏ရှေ့တွင် လွင့်မျောနေသာ
လက်ဝါးကပ်တိုင်လေးက ကွဲထွက်သွားပြီး
ထွက်ပေါက်တွင် တောက်ပသော
အလင်းတန်းတစ်ခု ပေါ်လာသည်။

ထိုအလင်းတန်း ထွက်လာသည့်နောက်တွင်
ထွက်ပေါက်ဆီသို့ ရောက်လာသည့်
နယ်ခြားမိစ္ဆာများအားလုံး
နောက်ပြန်လွင့်ထွက်ကာ တစ်ဦးတစ်ယောက်မျှ
ဖြတ်ကျော်နိုင်ခြင်း မရှိခဲ့ပေ။

ထိုအတောအတွင်း အောက်ဖက်ရှိ
ပေါ်တယ်များကနေ အလင်းတန်းများ
လင်းလက်လာပြီး
သူတော်စင်တစ်ပိုင်းအဆင့်များ ဆက်တိုက်
ပေါ်လာကြသည်။
သိပ်မကြာခင်မှာပဲ သူတော်စင်တစ်ပိုင်းအဆင့်
၁၀၀ ကျော် ရောက်လာပြီး ပြင်းထန်သော
တိုက်ပွဲတစ်ခုဖြစ်ပေါ်လာပါသည်။

"ဆရာကြီး ရှန်းမို၊ ကျေးဇူးပြုပြီး ငါတို့ကို
လက်တစ်ကမ်း ဌားပါ!" ချီလင်ပေါ်တွင်
ရပ်နေသော အမည်မသိလူ၏ ရှေ့တွင်

အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ဦး ပေါ်လာပြီး
သူ့မျက်နှာနှင့် အသံဟာ စိုးရိမ်စိတ်များဖြင့်
ပြည့်နှက်နေသည်။

အဘယ်ကြောင့်ဆိုသော် အနှောင်အဖွဲ့စေတီ
သည် ဆက်တိုက် တုန်ခါနေပြီး
မည်သည့်အချိန်တွင် ပြိုလဲသွားမှန်းမသိ
ဖြစ်နေသောကြောင့်ပင်။

ဆရာကြီးရှန်းမို ဟုအခေါ် ခံရသည့်လူက
အောက်ဖက်ရှိ အနက်ရောင်စေတီကြီးကို
စိုက်ကြည့်ရင်း မျက်လုံးထဲ၌ လေးလံသော

အမှုအရာ အရိပ်အယောင်များ ရှိနေသည်။
“မင်းတို့အားလုံး အခုချက်ချင်း မထွက်နိုင်ဘူး!”
သူ့ထံမှ စကားဆုံးသည်နှင့်
အနက်ရောင်ချီလင်က စေတီ၏ ထိပ်ဆုံးသို့
တဟုန်ထိုးပျံသွားလေသည်။

ထို့နောက် ရှန်းမိုက ခါးမှဓားကို ဖြုတ်ယူကာ
ကောင်းကင်သို့ ညွှန်ပြလိုက်ပြီး "ကမ္ဘာကြီးက
ငါ့ရဲ့အဆောင်စာရွက်၊ နေနဲ့ လကို
အဆောင်စုတ်တံအဖြစ်သုံးမယ်။
မဟာတာအိုကက ခါတ်ကူပစ္စည်းဖြစ်ရမယ်။

ဒါတွေအားလုံးသုံးပြီး
"ကောင်းကင်တံဆိပ်"ရေးထိုးမယ်။”

ထိုစကားများ ပြောပြီးသည်နှင့်
သူ့လက်ထဲမှဓားကို လျင်မြန်စွာ
ပစ်လွှတ်လိုက်သည်။
ဓားက ပျံတက်သွားသည်နှင့် ပတ်ဝန်းကျင်
ကီလိုမီတာ ၅၀၀၀ အကွာတွင်ရှိသော
ကောင်းကင်နှင့် မြေကြီးကြားတွင်
အပြောင်းအလဲတစ်ခု ရုတ်တရက်
ဖြစ်လာသည်။

မရေမတွက်နိုင်အောင်
လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်ကွန်ယက်များ ကောင်းကင်မှ
ဆင်းသက်လာပြီး ဓားထိပ်တွင် စုစည်းကာ
ထို့နောက် မြေပြင်သို့ ပြန်ကျလာလေသည်။

ရှန်းမို၏ ဘေးနားမှာ ရပ်နေသည့် အဘိုးအိုသည်
အံ့အားသင့်သွားသည်။ ကီလိုမီတာ ၅၀၀၀
အကွာအဝေးရှိ ဝိညာဉ်စွမ်းအင်ကို
အမှန်တကယ် ထုတ်ယူနေပြီး ၎င်းသည်
ဓားထိပ်ဖျားခွ် စုစည်းနေသည်မဟုတ်ပါလား။

အချိန်အနည်းငယ်အတွင်းမှာပင် အရှည် ၃၀ မီတာနှင့် အကျယ် ၁ မီတာရှိသော ရောမ တံဆိပ်ကြီးသည် လေထဲတွင် ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ရှန်းမိုး၏ မျက်နှာသည် အနည်းငယ် ဖျော့တော့သွားသည်။

"ချိတ်ပိတ်စမ်း!" ရှန်းမိုက ဓားကို ဖိချလိုက်ရင်း တစ်ချိန်တည်းမှာပင် ရောမ စည်းတံတိပ်ကြီးက စေတီတော်ပေါ်မှ တောင်ကဲ့သို့ ဆင်းသက်လာသည်။

မဟာတာအို၏ အရှိန်အဝါကို သယ်ဆောင်လာသော ရှေ့စွမ်းအင်

ကြိုးတစ်ချောင်း ကျဆင်းလာပြီး
တုန်ခါနေသော အနှောင်အဖွဲ့စေတီ သည်လည်း
ချက်ချင်း တိတ်ဆိတ်သွားသည်။

အဘိုးအိုသည် ဤမြင်ကွင်းကိုမြင်သောအခါ
သက်ပြင်းတစ်ချက်ချလိုက်သည်။

ထိုအချိန်တွင် ရှန်းမိုက “ဒီတံဆိပ်က သူတို့ကို
တစ်လခွဲလောက် အနည်းဆုံး
တံဆိပ်ခတ်ထားနိုင်တာမို့ အဲဒီအခါမှာ အထဲက
စွမ်းအင်တွေ ကုန်သွားလိမ့်မယ်။ ဒါကြောင့်
မင်းတို့က သူတော်စင်တစ်ပိုင်းအဆင့်တွေ

စေလွှတ်ပြီး ဒီအဆောင်တံဆိပ်ထဲကို
စွမ်းအင်တွေ ထည့်ပေါင်းပေးဖို့လိုတယ်။ ဒါမှ ၂
လလောက် ခံနိုင်ရည်ရှိမှာပါ”

"နားလည်ပါတယ် ဆရာကြီးရှန်းမို!"
အဘိုးအို က ကမန်းကတန်း
ခေါင်းညိတ်လိုက်သည်။

ရှန်းမိုက အောက်ဖက်မြေပြင်ထဲရှိ
အနက်ရောင်စေတီကြီးကို ငုံ့ကြည့်လိုက်ပြီး
"အခုကစလို့ နောက်ထပ်နှစ်လကြာရင်
သေခြင်း၊ရှင်ခြင်း ဆုံးဖြတ်ရတော့မယ်။"

စကားပြောပြီးသည်နှင့် ချီလင်၏ခေါင်းကို
ပုတ်လိုက်သည်။
ချီလင်က သူ့ရည်ရွယ်ချက်ကို နားလည်ပုံဖြင့်
အနက်ရောင်အလင်းတန်းအဖြစ်ပြောင်းလဲကာ
ရပ်နေသည့်နေရာမှ ပျောက်ကွယ်သွားခဲ့သည်။

...

ယန်ယဲ့ သည် ထွက်ပေါက်မှ
ထွက်လာပြီးနောက် လမ်းတစ်လျှောက်လုံး
မရပ်မနားဘဲ ထွက်ပြေးသွားခဲ့သည်။

ဤအချိန်တွင် သူ့မျက်နှာသည်
စိတ်လှုပ်ရှားပျော်ရွှင်မှုများ ဖုံးလွှမ်းသွားသည်။

ရှေးဟောင်းနတ်ဓားကို ရခဲ့သည့်နောက်
စစ်မှန်သော
"ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား"ကို
အသုံးပြုနိုင်ပြီမဟုတ်ပါလား။
ထို့အပြင် သူသည် ဓားနယ်မြေ၏
စစ်မှန်သောလျှို့ဝှက်ချက်များကိုပါ
ဆုပ်ကိုင်နိုင်ပါဦးမည်။ ပြောရလျှင်
ဤအချိန်ကစပြီး

သူတော်စင်တစ်ပိုင်းအဆင့်များ ခွေးတွေ၊
ဝက်တွေလို သတ်ပစ်နိုင်ပါသည်။

ဤအချက်ကို တွေးကြည့်သောအခါ ယန်ယဲ့၏
မျက်နှာသည်
သိသာထင်ရှားသည့်အပြုံးများပေါ်လာသည်။

သို့သော် မကြာမီမှာပင် ထွက်ပြေးနေသည်ကို
ရုပ်လိုက်ကာ သူ့မျက်နှာပေါ် ရှိ
အပြုံးများသည်လည်း အေးခဲသွားခဲ့သည်။
အဘယ်ကြောင့်ဆိုသော် မီးဝိညာဉ်မျိုးနွယ်စု၏
ဘိုးဘေး နှင့် မီးဝိညာဉ်မျိုးနွယ်စု၏

ပညာရှင်များ သူ့ရှေ့တွင်
ရပ်နေသောကြောင့်ဖြစ်သည်။
ထို့အပြင် အခြား သူတော်စင်တစ်ပိုင်းအဆင့်
၁၁ ပါးသည်လည်း ၎င်းဘေးတွင်
ရပ်နေပါသည်။
အဘိုးအိုချန်းယန်၊ အဘိုးအိုတုန်ဖန်း နှင့်
မဟာအကြီးအကဲ တို့လည်း ပါသည်။

"ယန်ယဲ့၊ မင်းရဲ့ဓားကို ဘယ်တော့မှ
ဆွဲမထုတ်တော့ဘူးလို့ ငါထင်ခဲ့တယ်!"
မီးဝိညာဉ်ဘိုးဘေးက မထီမဲ့မြင်အပြုံးဖြင့်
“မင်းရဲ့ဓားစွမ်းအင်ကို ခံစားမိလိုက်တာနဲ့

ငါဒီကိုချက်ချင်း ပြေးလာလိုက်တာ။
စိတ်ရှည်သည်းခံတဲ့သူကို ကောင်းကင်ဘုံက
ဆုချတယ်ထင်ပါ့။ ငါနောက်ဆုံးတော့
မင်းကိုတွေ့ပြီ။ ဒီနေ့ ငါ့ရဲ့
မီးဝိညာဉ်မျိုးနွယ်ဝင်တွေကိုယ်စား မင်းကို
အဆတစ်သန်းလောက် ပေးဆပ်ခိုင်းမယ်!"

"ဒါ ငါ့ရဲ့ဓားစိတ်ဆန္ဒကြောင့်
သတိထားမိသွားတာပေါ့။" ယန်ယဲ့သည်
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။
ရှေးဟောင်းမြင့်မြတ်မြို့တော် သည်

အမှန်တကယ် အနီးနားတွင် ရှိနေသည်ကို
အံ့အားသင့်စွာ သတိပြုမိလိုက်သည်။
"ဒါဆို အနှောင်အဖွဲ့စေတီက
ရှေးဟောင်းမြင့်မြတ်မြို့တော် အနီးမှာ
ရှိနေခဲ့တာလား။"

ထို့နောက် မီးဝိညာဉ်ဘိုးဘေး နှင့် အခြား
သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါးကို
အေးစက်စက်စိုက်ကြည့်ရင်း မျက်လုံးထဲမှာ
သတ်ဖြတ်ချင်စိတ်များပေါ်လာလေသည်။
သူက "နိမ့်ကျတဲ့ခွေးယုတ်တွေ၊ ဒီနေ့ မင်းတို့ကို

ကောင်းကင်ဘုံဖျက်ဆီးခြင်း အစစ်က
ဘာလဲဆိုတာ သိခွင့်ပြုမယ်!"

သူစကားပြောပြီးသည်နှင့်
ညာလက်ခ္ဍကိုင်ထားသည့်
ရှေးဟောင်းနတ်ဓားကို
ဆွဲထုတ်လိုက်ပါတော့သည်။

၉၂၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၇ - သတ်ဖြတ်ပြီ

"မလှုပ်ဘူးလား၊ ဆွဲထုတ်လို့မရဘူး။
ဘာဖြစ်နေတာလဲ။ "

ယန်ယဲ့ သည် ခေါင်းငုံ့ကာ
ရှေးဟောင်းနတ်ဓားကို ကြည့်ရင်း
ကျိန်ဆဲလိုက်၏။
အစောပိုင်းက တံဆိပ်ခတ်ထားသဖြင့် ဓားကို
ဆွဲမထုတ်နိုင်သော်လည်း ယခုမရတာကတော့
သိပ်ပြီးအဓိပ္ပါယ်မရှိလှပေ။

သို့သော် မည်မျှပင်
အားကုန်သုံးဆွဲထုတ်နေသည့်တိုင် ဓားကို
ဆွဲထုတ်နိုင်ခြင်းမရှိသေးပါ။

တစ်ဖက်တွင်မူ မီးဝိညာဉ်မျိုးနွယ်စုမှ
ပညာရှင်များအားလုံး
အံ့အားသင့်သွားကြသည်။ ယန်ယဲ့
ဓားဆွဲထုတ်တော့မည့်အချိန်မှာ ၎င်းတို့
သတိအပြည့်ထားနေသည်ဟု ဆိုနိုင်သည်။
 လက်ရှိ ယန်ယဲ့ သည် အဆင့် ၄ သိုင်းကေရာဇ်
သာဖြစ်သည့်တိုင် သာမန်အမြင်ဖြင့် ၎င်းကို
ကြည့်၍မရပေ။

သို့သော် သူသည် သူ၏ဓားကို အမှန်တကယ်
ဆွဲထုတ်လိမ့်မည်မဟုတ်ဟု
တွေးထင်ခဲ့ကြသည်...။

"ယန်ယဲ့၊ မင်း ငါတို့ကို ပြဿနာရှာဖို့
ကြိုးစားနေတာလား။" အဘိုးအိုချန်းယန် သည်
ယန်ယဲ့ကိုပြင်းပြင်းထန်ထန် စိုက်ကြည့်ကာ
တိုက်ခိုက်ရန် ပြင်လိုက်သည်။
သို့သော် ယန်ယဲ့သည် ဓားကို
ထပ်မံဆုပ်ကိုင်ထားကြောင်း မြင်လိုက်ချိန်တွင်
သူ၏ မျက်ခွံများ လှုပ်ယမ်းသွားပြီး နောက်ကို
ခုန်ဆုတ်သွားပါတော့သည်။

ယန်ယဲ့၏ဓားပညာသည်
မည်မျှအားကောင်းသည်ကို သူ
ကောင်းကောင်းမှတ်မိနေသေးသည်၊ ထို့ကြောင့်
အနည်းငယ်မျှ မပေါ့ဆဝံ့ပေ။

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့ သည် သူ၏
ရုပ်ခန္ဓာခွန်အားတစ်ခုလုံးကိုပါ
အပြည့်အဝသုံးလိုက်ပါသည်။
ရှေးဟောင်းနတ်ဓားက
အနည်းငယ်လှုပ်သွားသဖြင့် သူ့စိတ်ထဲ
ဝမ်းသာသွားသည်။

ထို့ကြောင့် သူ၏ခွန်အားရှိသမျှကို
ဆက်လက်အသုံးပြုပြီး ဆွဲထုတ်လိုက်ရာ
စင်တီမီတာဝက်ခန့် တက်လာခဲ့သည်။

သို့သော်လည်း ယန်ယဲ့၏ ညာဘက်လက်ကို
ဖုံးအုပ်ထားသည့် ဝတ်ရုံစတစ်ခုလုံးသည်
ကွဲအက်ကာ ပြာအဖြစ်
လောင်ကျွမ်းသွားလေသည်။

ဤရုတ်တရက် အခြေအနေကြောင့် ယန်ယဲ့၏
အမူအရာမှာ သိသိသာသာ
ပြောင်းလဲသွားသည်။ ထိုအချိန်မှာပဲ
သူ၏ညာလက်မောင်းတစ်ခုလုံး

ကွဲအက်သွားကာ သွေးများပင်
ပန်းထွက်လာခဲ့သည်။

ယန်ယဲ့ သည် ထိတ်လန့်သွားပြီး ဓားကို
ဓားအိမ်ထဲသို့ အမြန်ပြန်တွန်းလိုက်သည်။
ဆက်ဆွဲထုတ်နေရင်သူ့လက်တစ်ဖက်လုံး
ကွဲကြေသွားမှာကို အလိုလိုသိနေ၏။

တစ်ဖက်တွင်မူ မီးဝိညာဉ်မျိုးနွယ်စု၏
ပညာရှင်များသည် အတော်လေး
အံ့အားသင့်သွားကြသည်။ ရှင်းရှင်းပြောရရင်
ယန်ယဲ့ဟာ ဓားဆွဲထုတ်ရင်းနဲ့

လက်တစ်ဖက်လုံး ကွဲကြေသွားမယ်လို့
သူတို့လည်း မထင်ထားခဲ့ပေ။

ထိုအချိန်တွင် ယန်ယဲ့ သည် ခေါင်းမော့ကာ
မီးဝိညာဉ်ဘိုးဘေး နှင့်
သူတော်စင်တစ်ပိုင်းအဆင့်များကို
စိုက်ကြည့်လိုက်ပြီး “နောက်တစ်ခါ…
နောက်တစ်ကြိမ် ကောင်းကင်ဘုံဖျက်ဆီးခြင်း
ဆိုတာ ဘာလဲ… မင်းတို့သိအောင်ပြမယ်။"
စကားဆုံးသည်နှင့် ချက်ချင်းပင်
သူ၏ညာခြေကို မြေပြင်သို့ နင်းလိုက်ကာ

အဝေးဆီသို့
တဟုန်ထိုးခုန်ထွက်သွားတော့သည်။
တစ်ခဏလေးအတွင်းမှာပင် ယန်ယဲ့ဟာ
မီးဝိညာဉ်ဘိုးဘေးနှင့်
သူတော်စင်တစ်ပိုင်းအဆင့်များများ၏
ရှေ့ကနေ ပျောက်ကွယ်သွားလေသည်။

"သူ့နောက်ကိုလိုက်ကြ!" ယန်ယဲ့
ထွက်ပြေးသွားသည်ကို မြင်လိုက်ချိန်တွင်
မီးဝိညာဉ်ဘိုးဘေးသည် ထိတ်လန့်နေရာကနေ
သတိဝင်လာပြီး ဒေါသတကြီး
အော်ဟစ်လိုက်သည်။

ဤအခိုက်အတန့်တွင် ထွက်ပြေးနေရင်း
ယန်ယဲ့သည် မျက်ခုံးများ
တင်းကျပ်စွာချည်နှောင်နေသည်။
" ဒီလိုမျိုး မဖြစ်သင့်ဘူး။ ငါ ဘယ်လိုလုပ်
မဆွဲနိုင်ရတာလဲ။ ဓားဝိညာဉ်ဖြစ်နိုင်သလား။
ဒါက သိပ်ဖြစ်နိုင်ချေ မရှိပါဘူး။ မှန်ပါတယ်၊
စစ်မှန်တဲ့ဓားဝိညာဉ်ဖြစ်သွားလို့များလား"

"ဓားဝိညာဉ်" ကို တွေးလိုက်သောအခါ
ယန်ယဲ့၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားခဲ့သည်။

ယုတ္တိနည်းကျကျပြောရလျှင် ဓားဝိညာဉ်သည်
ရှေးဟောင်းနတ်ဓားဖြင့်
ပြန်လည်ပေါင်းစပ်ပြီးနောက် လုံးဝ
ပြန်ကောင်းလာသင့်သည်မဟုတ်သလော။

သို့သော်လည်း ယခုအချိန်အထိ သူမကိုယ်တိုင်
ထွက်ပေါ်မလာသေးပေ။ ထို့အပြင် သူသည်
ယခုအချိန်တွင် ဓားဝိညာဉ်ကို
ဆက်သွယ်၍မရတော့ကြောင်း
သတိပြုမိခဲ့သည်။

"သူမ ဘာဖြစ်သွားတာလဲ"

ထိုအချိန်မှာပဲ မီးဝိညာဉ်ဘိုးဘေးသည်
သူ့ရှေ့တွင်ပေါ်လာသဖြင့်
တွေးလက်စအတွေးစများကို
ဖြတ်တောက်ပစ်လိုက်သည်။

"ယန်ယဲ့၊ ငါ မင်းကို လိုက်ရှာနေတာ
ဘယ်လောက်ကြာပြီလဲ သိလား"
မီးဝိညာဉ်ဘိုးဘေးက မှုန်ကုပ်ကုပ်အမှုအရာနဲ့
ယန်ယဲ့ကို စိုက်ကြည့်ရင်း "ငါ့ရဲ့
စိတ်အာရုံအသိကို မြို့ရဲ့ပတ်ပတ်လည်
ကီလိုမီတာ ထောင်သောင်းချီတဲ့
ဧရိယာတစ်ခုလုံး နေ့တိုင်း ဖြန့်ကျက်ပြီး

မင်းကိုရှာနေခဲ့တာ။ ကံဆိုးတာလို့ပဲပြောရမယ်။
အရင်နေ့တွေတုန်းက မင်းကိုဘယ်လိုမှ
အာရုံမခံနိုင်ခဲ့ဘူး။

အခုတော့ ကံကောင်းလိုက်တာ။
စောင့်ဆိုင်းနေတဲ့သူတွေဆီကို
ကံကောင်းခြင်းတွေရောက်လာတယ်ဆိုတာအ
မှန်ပဲ။ ဒီနေ့ မင်းရဲ့ဓားစိတ်ဆန္ဒကို
ငါတွေ့လိုက်ပြီဆိုမှတော့ ဓားရဲ့အရှိန်အဝါကို
ငါဘယ်တော့မှ မေ့မှာမဟုတ်ဘူး။"

ဤအချိန်တွင် ယန်ယဲ့ သည်
မြောက်ဖက်တည့်တည့်ကို

လှမ်းကြည့်လိုက်သည်။
ရှေးဟောင်းမြင့်မြတ်မြို့တော် ကို
မမြင်နိုင်တော့ပေ။ တစ်နည်းဆိုရသော်
လက်ရှိတွင် သူတို့က မြို့နှင့် အနည်းဆုံး
ကီလိုမီတာ ထောင်ပေါင်းများစွာ
ဝေးကွာနေ၏။

"ယန်ယဲ့၊ ဒီနေ့တော့ မင်း လွတ်မြောက်နိုင်မှာ
မဟုတ်ဘူး!" အဘိုးအိုချန်းယန် နှင့် အခြား
သူတော်စင်တစ်ပိုင်းအဆင့်များလည်း
ရောက်လာပါပြီ။

ဤအခိုက်တွင် သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါးက လမ်းကြောင်းအသီးသီးကို ခွဲထွက်သွားကာ ယန်ယဲ့ ထွက်ပြေးနိုင်သည့် နေရာအားလုံးကို ပျတ်ဆို့ထားလိုက်ကြသည်။

"ထွက်ပြေးဖို့ ဘယ်သူပြောလဲ" ယန်ယဲ့က သူ့အား ဝိုင်းရံထားသူများကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး ဒီနေ့ ကိုယ့်သေတွင်းကို တူးနေမှဖြင့် ငါယန်ယဲ့က သေချာပေါက် ဖြည့်ဆည်းပေးလိုက်ပါ့မယ်။" စကားပြောနေစဉ် သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါး ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ဖိနှိပ်ရေးကျောက်တုံးကို ထုတ်ကာ ၎င်းတို့၏ ကျင့်ကြံမှုကို အဆင့် ၉ သိုင်းကေရာဇ်ထိ ဖိနှိပ်ပစ်လိုက်သည်။

“သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါး။ တစ်ယောက်က အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့် ။ ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?" အားလုံးက သူတို့ရှေ့မှ မြင်ကွင်းကို မယုံကြည်နိုင်စွာ စိုက်ကြည့်နေကြသည်။

"သောက်ကျိုးနည်း။
သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါး
ဖြစ်နေတဲ့အပြင် အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်
တောင်ပါနေသေးတယ်။ ဒါက
ဘယ်လိုဖြစ်နိုင်မလဲ။ ဒါက
ဘယ်လိုဖြစ်နိုင်မှာလဲ။"

“ထားလိုက်ပါ! လူတိုင်း ဆုတ်ခွာပြီး
မြင့်မြတ်ခန်းမတွေကနေ
အကူအညီတောင်းရမယ်။"မီးဝိညာဉ်ဘိုးဘေး

က အခြေအနေကို သဘောပေါက်သည့်အလား
နောက်ပြန်ဆုတ်ရန် အမိန့်ပေးလိုက်သည်။

ဤအချိန်တွင် သူတို့၏ ကျင့်ကြံမှုသည် အဆင့်
၉ သိုင်းကေရာ၏ သာဖြစ်ရာ
သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါးကို
ရင်ဆိုင်နိုင်မည်မဟုတ်ချေ။
ထို့ကြောင့် မီးဝိညာဉ်ဘိုးဘေးက
တုံ့ဆိုင်းမနေဘဲ ချက်ချင်း ဆုတ်ခွာရန်သာ
အမိန့်ပေးခဲ့သည်။
ကံမကောင်းစွာပဲ ၎င်းတို့ရှိနေသည့် နေရာနှင့်
ပတ်ပတ်လည်တွင်

ရွှေရောင်အတားအဆီးတစ်ခု
ရုတ်တရက်ပေါ်လာခဲ့သည်။

ရွှေရောင်အလင်းအတားဆီးသည်
အဘိုးအိုမန်းယွမ် ထံမှ ရထားသည့်
အတားအဆီးအလံများဖြင့်ဖန်တီးထားသော
ကောင်းကင်အဆင့်အတားအဆီးဖြစ်သည်။
အဆင့်လွန်စွမ်းအင်ကျောက်တုံးများစွာကို
အသုံးပြုလိုက်ရသည့်တိုင်
မီးဝိညာဉ်ဘိုးဘေးနှင့်
သူတော်စင်တစ်ပိုင်းအဆင့် ၁၁ ပါးကို
သတ်နိုင်ခဲ့ရင် ထိုက်တန်ပါလိမ့်မည်။

“သတ်!” ယန်ယဲ့ အမိန့်ပေးလိုက်သည်နှင့်
ဓားအစေခံ ၁၁ ဦးသည် မီးဝိညာဉ်မျိုးနွယ်စု၏
ပညာရှင်များထံ တရကြမ်းခုန်ဝင်လာကြသည်။
ဤအချိန်တွင် ယန်ယဲ့၏ လက်ထဲ၌
တာအိုအဆင့်ဓားတစ်ချောင်းပေါ်လာပြီး
ဓားစိတ်ဆန္ဒကိုအပြည့်အဝထုတ်ဖော်ကာ
အနီးမှ သူတော်စင်တစ်ပိုင်းအဆင့်အား
ပိုင်းချလိုက်သည်။

တိုက်ပွဲသည်
တစ်ဖက်သက်ဆန်သည်ဟုပြောရပေမည်။

တိုက်ပွဲစတင်ကတည်းက
မီးဝိညာဉ်မျိုးနွယ်စု၏
သူတော်စင်တစ်ပိုင်းအဆင့်များ အားလုံး
လုံးလုံးလျားလျား ဖိနှိပ်ခံခဲ့ရသည်။

ဖိနှိပ်ရေးကျောက်တုံးဖြင့် ဖိနှိပ်ထားသည့်အပြင်
ယန်ယဲ့၏ ကောင်းကင်အဆင့် ၂
ဓားစိတ်ဆန္ဒကြောင့် ၎င်းတို့အရှိန်က
သိသိသာသာကိုလျော့ကျသွားခဲ့သည်။
ထို့ကြောင့် လက်ရှိတွင် ယန်ယဲ့နှင့်
ဓားအစေခံများ၏ တိုက်ခိုက်မှုကို
မည်သို့မျှမခုခံနိုင်တော့ပေ။

ဆူး!

ရုတ်တရက် အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက်
မီးဝိညာဉ်မျိုးနွယ်စု၏
သူတော်စင်တစ်ပိုင်းအဆင့် သည်
ခန္ဓာကိုယ်တစ်ခုလုံး တစ်ချက်တုန်ခါသွားကာ
နေရာတွင်ပင် တောင့်တင်းလာသည်။
သူ့ရင်ဘတ်တွင်လည်း
လက်သီးအရွယ်အပေါက်တစ်ခု ပေါ်လာသည်။

သူတော်စင်တစ်ပိုင်းအဆင့်
သေဆုံးသွားသည်နှင့် တပြိုင်နက် ယန်ယဲ့ သည်
သူ၏ညာလက်ကို ဝှေ့ယမ်းကာ အလောင်းကို
မူလစေတီထဲသို့ ထည့်သိမ်းလိုက်သည်။

ထိုနောက် ဓားအစေခံနှင့် တိုက်ခိုက်နေသည့်
သူတော်စင်တစ်ပိုင်းအဆင့် ထံသို့
ထပ်မံခုန်ဝင်သွား၏။
ဤတစ်ကြိမ်တော့ သူတော်စင်တစ်ပိုင်းအဆင့်
ဓားအစေခံ နှစ်ယောက်ပါ ပါဝင်လာသဖြင့် ၁
ယောက် ၃ ယောက် ဖြစ်သွားပါသည်။

သူတော်စင်တစ်ပိုင်းအဆင့်က
ထိတ်လန့်သွားပြီး ရှောင်တိမ်းရန်
ပြင်နေချိန်မှာပဲ ဓားတစ်ချောင်းက
ဂင်းဏါရင်ဘတ်ကို
အသာလေးထိုးဖောက်သွားပါတော့သည်။

ထို့နောက်မှာတော့ တိုက်ပွဲဟာ ၄ ယောက်နှင့် ၁
ယောက် ....

၅ ယောက် နှင့် ၁ ယောက်အထိ ဖြစ်လာပါပြီ။...

...

အချိန် သိပ်မကြာလိုက်ပေ။ ၃ ယောက်သာ ကျန်တော့၏။ မီးဝိညာဉ်မျိုးနွယ်စု၏ ဘိုးဘေး၊ အဘိုးအိုချန်းယန် နှင့် အဘိုးအို တုန်ဖန်း တို့ပင်။ ဤအချိန်တွင် သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၉ ယောက်က မီးဝိညာဉ်ဘိုးဘေးကို ဝိုင်းရံထားပြီး နောက်ဆုံး ၂ ယောက်ကတော့ အဘိုးအိုချန်းယန် နှင့် အဘိုးအိုတုန်ဖန်းကို တိုက်ခိုက်နေခဲ့သည်။

ဤအခိုက်အတန့်မှာ မီးဝိညာဉ်မျိုးနွယ်စုသည် လုံးဝ ပျက်သုဉ်းသွားပြီဖြစ်ရာ သူတို့ ၃ ဦး၏

မျက်နှာများသည် စိတ်ဓာတ်ကျနေသော
အမူအရာများဖြင့် ပြည့်နှက်နေပါသည်။
နောက်ဆုံးတွင် သူတို့ သေဆုံးသွားသည်နှင့်
ရှေးဟောင်းမြင့်မြတ်မြို့တော်တွင် နေထိုင်သည့်
မီးဝိညာဉ်မျိုးနွယ်ဝင်များ အားလုံး
အခြားသူများ၏ ကျွန်ပြုနှိမ့်ချခြင်းကို
ခံရပေမည်။

နတ်ဆိုးအကျဉ်းထောင်ကနေ နယ်ခြားမိစ္ဆာများ
ထွက်ပေါ်လာချိန်တွင်
ပရမ်းပတာအခြေအနေများဖြစ်ပျက်လာပေဦး
မည်။ ထိုအချိန်တွင် အကာအကွယ်

မရှိတော့သည့် မီးဝိညာဉ်မျိုးနွယ်စုသည် လုံးဝ
မရှင်သန်နိုင်တော့ပေ။

၉၂၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၈ - မတူညီသောဓားဝိညာဉ်

မီးဝိညာဉ်ဘိုးဘေး သည်လည်း ဤအခိုက်တွင်
အမှန်တကယ် စိတ်ပျက်အားငယ်မှုနှင့်
နောင်တရမှုများနှင့် ပြည့်နေပါသည်။

အကယ်၍ သူသည် ထိုနေ့က
အဘိုးအိုချန်းယန်ကိုသတ်ပြီး ယန်ယဲ့အား
အဆင့်အတန်းတစ်ခုပေးခဲ့လျှင်
မီးဝိညာဉ်မျိုးနွယ်စုဟာ ဤကဲ့သို့
ပျက်သုဉ်းသွားမည်မဟုတ်ပေ။ သူသည်လည်း
ယခုအချိန်တွင် သေရမည်မဟုတ်ပါ။

နောက်ဆုံးတွင်
အဘိုးအိုချန်းယန်တစ်ယောက်တည်းကို
စွန့်ပယ်လိုက်ပါက
မီးဝိညာဉ်မျိုးနွယ်စုတစ်ခုလုံး
ငြိမ်းချမ်းစွာနေထိုင်နိုင်ပေသည်။

ကံမကောင်းစွာဖြင့် ထိုနေ့က ယန်ယဲ့ကို
သတ်ရန်သာ ရွေးချယ်ခဲ့၏။

အတိတ်က ဖြစ်ပျက်ခဲ့သည်များကို အသာထား၊
ဤနေ့ ယန်ယဲ့ကို လိုက်မရှာပါက
မီးဝိညာဉ်မျိုးနွယ်စု၏ ကျန်ရစ်သော
သူတော်စင်တစ်ပိုင်းအဆင့်များ
သေဆုံးသွားမှာမဟုတ်ပေ။

ဘုန်း

ဤအချိန်တွင် မီးဝိညာဉ်ဘိုးဘေး၊
အဘိုးအိုချန်းယန်နှင့် အဘိုးအိုတုန်ဖန်း
တို့အားလုံး ဒဏ်ရာအသီးသီးရနေကြပါပြီ။

ယန်ယဲ့ သည် အဘိုးအိုချန်းယန်ကို
စိုက်ကြည့်ကာ "ဘာလို့ မင်းကို အခုအချိန်အထိ
အသက်ရှင်ခွင့်ပေးထားတာလဲ သိလား။
ဘာလို့လဲဆိုတော့ မင်းကိုသတ်ရင်
ငါတကယ်ကို လွယ်လွယ်နဲ့ လွတ်ပစ်ရလိမ့်မယ်
လို့ ခံစားမိလို့ပဲ။ ရှောင်မန်ကို သတ်ခဲ့လို့
မင်းတစ်သက်လုံး ကြောက်စရာကောင်းပြီးတဲ့
တန်ကြေးနဲ့ ပေးဆပ်ခိုင်းမယ်!" ရှောင်မန်

အကြောင်းတွေးလိုက်ချိန်တွင် ယန်ယဲ့၏ မျက်လုံးထဲ၌ သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ ပေါက်ကွဲလာပါသည်။

"ယန်ယဲ့၊ ငါက မင်းကို သနားပါလို့ တောင်းပန်စေချင်တာလား။ ဟားဟား!" အဘိုးအိုချန်းယန် သည် အရူးတစ်ယောက်လို အော်ရယ်လိုက်ပြီး "မင်းဆီက သနားဖို့ ငါ တောင်းမယ် ထင်လား။

အိပ်မက်သာမက်နေလိုက်။ အဲဒီနေ့က မင်းကိုသတ်ဖို့ အရာအားလုံးကို စွန့်စားပြီး ဒီလိုကပ်ဘေးဖြစ်မလာအောင် မလုပ်ခဲ့တာ

ငါနောင်တရတယ်။ ဒါပေမဲ့ ငါသေရင်တောင်
အကြာကြီးမရှင်သန်နိုင်လို့ ကောင်းပါတယ်။
မြင့်မြတ်ခန်းမတွေက မင်းကို
အသက်ရှင်ခွင့်ပေးမှာမဟုတ်ဘူး။ ဟားဟား!"

ဗုစ်....ဗုစ်....ဗုစ်....ဗုစ်

အလင်းတန်း ၄ ခု လင်းလက်သွားပြီးနောက်
ဓား ၄ ချောင်းက အဘိုးအိုချန်းယန်ကို
မြေပြင်ပေါ်တွင် ကပ်ရိုက်ချလိုက်ကာ
နာကျင်သော အော်ဟစ်သံတစ်ခု
ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် အဘိုးအိုချန်းယန်၏ ရင်ဘတ်ကို ညာခြေဖြင့် တက်နင်းကာ “မင်း ငါ့ဝိညာဉ်ကို ထုတ်ယူပြီး အသက်ရှင်လျှက် မြေကြီးအောက်မှာ မီးရှို့ထားချင်တယ်လို့ ပြောခဲ့တယ်မဟုတ်လား။ သနားစရာပဲ..... မင်း ဒါကိုမလုပ်နိုင်ခဲ့ဘူးလေ။ ဒါပေမဲ့ မင်းကိုယ်တိုင် ကြုံတွေ့ခွင့်ပေးလိုက်ရလို့ ငါတော့အရမ်းကံကောင်းသွားပြီ။" စကားပြောနေစဉ် လက်ဝါးကိုဆန့်ပြီး အဘိုးအိုချန်းယန်၏ ဦးခေါင်းကို ဖိလိုက်သည်။

သူ့လက်ဝါးမှ အားပြင်းသော စုပ်ယူအားတစ်ခု ထွက်လာပြီး....

“အား!!!” အဘိုးအိုချန်းယန် သည် ချက်ချင်းပင် နာကျင်စွာ အော်ဟစ်လေသည်။

မကြာခင်မှာပဲ ယန်ယဲ့ဟာ အဘိုးအိုချန်းယန်၏ ဝိညာဉ်ကို ဆွဲထုတ်ပြီးသွားသည်။
ထိုအရာ၏ နာကျင်မှုကို စကားလုံးများဖြင့် ရိုးရှင်းစွာ ဖော်ပြရန်ပင် မဖြစ်နိုင်ပေ။
အဘိုးအိုချန်းယန်၏ မျက်နှာသည် ပြင်းထန်စွာ ကွဲအက်သွားသည့် အတိုင်းအတာအထိပင်။

ယန်ယဲ့ သည် အချိန်ဆွဲမနေတော့ပေ။
အဘိုးအိုချန်းယန်၏ ဝိညာဉ်ကို
ဓားအစေခံတစ်ဦးထံ
ချက်ချင်းပစ်လွှတ်လိုက်သည်။
ဓားအစေခံသည် မြေပြင်သို့
လျှပ်တပြက်ခုန်ချလာကာ လမ်းကို
ပိတ်ဆို့ထားလိုက်သည်။

"ဒါကိုအဆုံးသတ်ဖို့အချိန်တန်ပြီ!"ယန်ယဲ့ သည်
သူ့လက်ဖဝါးကို လှန်လိုက်ပြီး တိုက်ပွဲတွင်
ခါးသီးစွာ

မီးဝိညရုန်းကန်နေသောဘဉ်ဘိုးဘေးဆီသို့
ပစ်လွှတ်လိုက်သည်။

ဓားသည် စူးရှစွာတောက်ပလာပြီး
မီးဝိညာဉ်ဘိုးဘေး၏ ရင်ဘတ်ကို
တိုက်ရိုက်ထိုးဖောက်သွားပါတော့သည်။

အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်
သည် ထိုကဲ့သို့ သေဆုံးသွား၏။

မီးဝိညာဉ်ဘိုးဘေးသည် ယန်ယဲ့အား
နာကြည်းမှုအပြည့်အကြည့်များဖြင့်
စူးစိုက်စိုက်ကြည့်နေခဲ့ပြီး

နောက်ဆုံးမသေခင်အထိ
ထိုအတိုင်းပင်ရှိနေခဲ့သည်။

ယန်ယဲ့ သည် မီးဝိညာဉ်ဘိုးဘေး၏
အလောင်းကိုသိမ်းလိုက်ကာ
အဘိုးအိုတုန်ဖန်းအား စိုက်ကြည့်လိုက်ပြီး
"ထွက်သွားလို့ရပြီ!"

"ဘာကြောင့်လဲ?" အဘိုးအိုတုန်ဖန်း က
အသံတိုးတိုးဖြင့် မေးသည်။

"ရှောင်မန်သာ အသက်ရှင်နေသေးရင်
သူ့မအဖိုးကို သတ်ပစ်ဖို့ လုံးဝ မလိုပါဘူး။
မင်းမှာ မြေးမလေးတစ်ယောက်ရှိလို့
ကျေးဇူးတင်ရမှာ!" ယန်ယဲ့ သည်
အဘိုးအိုတုန်ဖန်းကို
အေးစက်စက်တစ်ချက်ကြည့်ကာ
နောက်ပြန်လှည့်၍ ထွက်သွားခဲ့သည်။

အဘိုးအိုတုန်ဖန်း သည် ယန်ယဲ့
ထွက်သွားသည်ကို ကြည့်နေပြီး ထွက်မသွားခင်
ခဏလောက် ငြိမ်သက်စွာ ရပ်နေခဲ့သည်။

သတ်မှတ်ထားသောအကွာအဝေးကို
ရောက်လာပြီးနောက် ယန်ယဲ့ သည် ရုတ်တရက်
ရပ်တန့်လိုက်၏။

ဤအချိန်တွင် သူ၏လက်ထဲရှိ
ရှေးဟောင်းဓားအိမ်က ပြင်းထန်စွာ
တုန်ခါလာပြီး
အလင်းတန်းများဖြာထွက်လာသည်။
ထို့နောက်တွင် ဓားဝိညာဉ်သည် သူ့ရှေ့တွင်
ပေါ်လာသည်။

သို့သော်၊ ဓားဝိညာဉ်သည် ယခင်ကနှင့်
အနည်းငယ် ကွဲပြားသည်။ သူမသည်
အနီတစ်ဝက်အနက်တစ်ဝက်ဝတ်ရုံရှည်ကို
ဝတ်ဆင်ထားပြီး သူမ၏ မျက်နှာသည်
အလွန်အေးစက်နေခဲ့သည်။
ထို့အပြင် သူမ၏ မျက်လုံးများသည်
ရက်စက်ကြမ်းကြုတ်စွာ
သတ်ဖြတ်လိုစိတ်များဖြင့် ပြည့်နှက်နေပါသည်။

ယန်ယဲ့ လည်း ဤအခြေအနေကြောင့်
မျက်မှောင်ကြုတ်လိုက်သည်။ ရုတ်တရက်
ဓားဝိညာဉ်သည် သူမ၏လက်ချောင်းများကို

ပွတ်သပ်ကာ ယန်ယဲ့ဆီသို့
လက်ညိုးထိုးလိုက်သည်။

ထိုခဏလေးမှာပဲ
ဓားစွမ်းအင်အမြောက်အများက ယန်ယဲ့
ဆီရောက်လာပါသည်။

ယန်ယဲ့၏ အမူအရာသည် သိသိသာသာကို
ပြောင်းလဲသွားပါတော့သည်။

ဓားစွမ်းအင်က လုံးဝ နေရာလွတ်မရှိသည့်
ရောမစွမ်းအင်မုန်တိုင်းကြီးတစ်ခုကဲ့သို့ပင်။

ဓားစွမ်းအင်တစ်ခုစီတိုင်းက ယန်ယဲ့၏
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ ထက်ပင်
အားနည်းသည်မဟုတ်ပေ။
မရေမတွက်နိုင်သော
ဓားစွမ်းအင်များရှိနေသည့်အပြင် အားလုံးက
အလွန်လျင်မြန်ပြီး ကြောက်စရာကောင်း၏။
ယန်ယဲ့ဟာ ဓားဝိညာဉ်က
ရုတ်တရက်တိုက်ခိုက်လာမည်ဟု
မျှော်လင့်မထားသဖြင့် ဓားစွမ်းအင်ကို
မရှောင်နိုင်တော့ပေ။

“နင်က အရမ်းအားနည်းတယ်။ နင့်လိုလူက ဘယ်လိုလုပ်ပြီး ငါ့သခင်ဖြစ်ဖို့ ထိုက်တန်မှာလဲ" ဓားစွမ်းအင်ဖြင့် ဖုံးအုပ်ထားသော ယန်ယဲ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း ဓားဝိညာဉ်၏ ပါးစပ်ထောင့်တွင် လှောင်ပြောင်သရော်မှုတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက် တစ်ဖက်လှည့်ကာ ထွက်သွားရန် ပြင်လိုက်လေသည်။

အုန်း!

ရုတ်တရက် ဓားစွမ်းအင်များ ကွဲထွက်သွားပြီး ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ဓားဝိညာဉ်၏ မျက်ခုံးများသည် အနည်းငယ်တွဲကျနေပြီး ယန်ယဲ့ကို လှည့်ကြည့်လိုက်မိသည်။

ဤအချိန်တွင် ယန်ယဲ့၏ ခန္ဓာကိုယ်ပေါ်တွင် ရွှေရောင်အလွှာပါးပါးလေးရှိနေပြီး ဟာကျူလီသံချပ်ကာဖြင့် ဖုံးအုပ်ထားသည်။

“မင်းက ဓားဝိညာဉ်မဟုတ်ဘူး!” ယန်ယဲ့ သည် သူ့လက်ဝါးကို လှန်လိုက်ရင်း လနတ်ဓားကို ထုတ်ယူလိုက်၏။

တစ်ချိန်တည်းမှာပင် ကောင်းကင်အဆင့် ၂
ဓားစိတ်ဆန္ဒသည် ပြင်းထန်စွာထွက်ပေါ်လာပြီး
ဓားဝိညာဉ်အပေါ် ဖုံးအုပ်ထားသည်။

သို့သော် ဓားဝိညာဉ် နှင့် ၃
မီတာအကွာသို့ရောက်လာချိန်တွင် သူ၏
ဓားစိတ်ဆန္ဒ သည် တစ်လက်မမျှပင်
မရွှေ့နိုင်တော့သည်ကို သတိပြုမိကာ
ထိတ်လန့်သွားခဲ့သည်။

သူ၏ ဓားစိတ်ဆန္ဒသည် တစ်စုံတစ်ခုကြောင့်
ရပ်တန့်သွားသလိုပင်။

၉၂၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၉ - အစစ်အမှန် ဓားနယ်မြေ

မဟုတ်ဘူး

ဓားဝိညာဉ်က ယန်ယဲ့ ဝတ်ထားသည့်

ဟာကျူလီသံချပ်ကာက ကိုဝ

တစ်ချက်ကြည့်လိုက်ပြီး "ဒါဆို နင်က

အကာအကွယ်ရတနာကို အားကိုးတာပေါ့။

နင့်ကို စကားပြောဖို့တောင်မတန်ဘူး။

နင်က သူမ နင့်ကို အထင်ကြီးအောင် တွေးပြီး
နင့်ကို သူမရဲ့သခင်အဖြစ်
တကယ်အသိအမှတ်ပြုစေခဲ့တာကို
ငါတွေးမိတယ်။ ဘယ်လောက်တောင်
ရယ်စရာကောင်းလိုက်တာလဲ!"
စကားပြောနေစဉ်တွင် ဓားဝိညာဉ်သည်
ရုတ်တရက် သူမ၏ပါးစပ်ကိုဖွင့်ကာ
စုပ်ယူလိုက်သည်။
ထို့နောက် စုပ်ယူအားတစ်ခု ထွက်လာပြီး
ယန်ယဲ့၏ ဓားစိတ်ဆန္ဒ ကို သူမ၏ပါးစပ်ထဲသို့
စုပ်သွားခဲ့သည်။

ယန်ယဲ့ ဟာ အတော်လေး အံ့သြသွားသည်။

"ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ ။ သူမက
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကို
ပိုင်ဆိုင်ထားတာလား"

ဓားဝိညာဉ်သည် သူမ၏မျက်နှာမှာ
လောဘကြီးသောအမူအရာဖြင့်
အသက်ပြင်းပြင်းရှူလိုက်ပြီး
"နင့်ရဲ့ဓားစိတ်ဆန္ဒက မဆိုးပါဘူး။ ဒါပေမဲ့
ရယ်စရာကောင်းတာက နင်ငါ့ရှေ့မှာ
ဓားစိတ်ဆန္ဒကို တကယ်အသုံးချဝံ့တာပဲ။ ငါက

ဓားစိတ်ဆန္ဒ နဲ့ ဓာစွမ်းအင်တွေအားလုံးကို
ခုခံနိုင်တယ်ဆိုတာ နင်မသိဘူးလား။
ဘာကြောင့်လဲဆိုတော့ ငါ့မှည သန်စွမ်းတဲ့
ဓားခန္ဓာကိုယ်ရှိလို့။ အဲဒါက ဓားစိတ်ဆန္ဒ နဲ့
ဓားစွမ်းအင်တွေအားလုံးကို
စုပ်ယူနိုင်ရတဲ့အကြောင်းအရင်းပဲ။"

"သူမက တကယ်ပဲ ဓားစိတ်ဆန္ဒကို
ခံနိုင်တယ်။" ယန်ယဲ့ သည်လည်း မျက်ခွံများ
တဆတ်ဆတ်လှုပ်ယမ်းသွားပါသည်။

လနတ်ဓားကို ပြန်သိမ်းကာ ဟာကျူလီတူကို ထုတ်ယူရင်း အသက်ပြင်းပြင်းရှူပြီး "ကောင်းပြီ၊ အခု ငါ့မှာ မေးစရာတစ်ခုပဲရှိတယ်၊ မင်းက ဓားဝိညာဉ်ဟုတ်သလား မဟုတ်ဘူးလား။ အဲဒါကို ဖြေပါ။"ဟု ပြောလိုက်သည်။

"ဟုတ်တယ်!" အနီရောင်ဝတ်အမျိုးသမီးက အေးစက်စွာ ရယ်မောရင်း "နင်ပြောတာကို ငါနားလည်ပါတယ်။ နင်အရင်တုန်းက သိခဲ့တဲ့ ဓားဝိညာဉ်ကလည်း ငါပဲ။ ဒါပေမဲ့ အဲဒါက ငါ့ရဲ့ မပြည့်စုံတဲ့ ပုံစံပဲ။အခုတော့ ငါတို့ရဲ့

ဝိညာဉ်တွေက ပေါင်းစည်းလိုက်ပြီဆိုတော့
နင့်ရှေ့မှာရပ်နေတာက စစ်မှန်တဲ့ ဓားဝိညာဉ်ပဲ။
နားလည်လား...."

ယန်ယဲ သည် စကားမပြောသေးဘဲ သူမကို
ခဏလောက် စိုက်ကြည့်နေခဲ့သည်။ အဆုံးတွင်
သူက ခေါင်းယမ်းပြီး "ထွက်သွားတော့!"

သူမ က “ဘာလဲ ? နင်ငါ့ကို
နောက်မှထောင်ချောက်ဆင်ဖမ်းဖို့
အခုချက်ချင်းလွှတ်လိုက်ဖို့
ရည်ရွယ်ထားတာလား။"

ယန်ယဲ့က အတော်လေးစိတ်ပျက်သွားသည်။
အမှန်တော့ သူသည် အခက်အခဲမျိုးစုံကို
တွေ့ကြုံခဲ့ရသော်လည်း
အဆုံးမှာရလိုက်သည်ကား
ဤအရာများပင်ဖြစ်နေသည်။
ဤအခြေအနေအတွက် မည်ကဲ့သို့
ပျော်ရွှင်နိုင်မည်နည်း။

ယန်ယဲ့သည် ပုခုံးတွန့်ပြီးပြောလိုက်သည်။
"မင်းရဲ့အကူအညီကြောင့်သာမဟုတ်ရင်
ဓားတာဆီသွားမယ့် ငါ့လမ်းကြောင်းမှာ

မှားယွင်းတဲ့လမ်းတွေ
အများကြီးရှိမှာသေချာတယ်။ ပြီးတော့
အတိတ်မှ မင်းက ငါ့ကို
အန္တရာယ်ရှိမယ့်အခြေအနေတွေကနေ
ကယ်တင်ပေးခဲ့တယ်။

အတိုချုပ်ပြောရရင် ငါမင်းကို
ကယ်တင်ပြီးပြီဆိုတော့ အဲဒါကို
ကျေးဇူးပြန်ဆပ်တာလို့ သတ်မှတ်နိုင်တယ်။
မင်းငါ့ကိုဘာမှအကြွေးမတင်ပါဘူး!"

သူမက "နင်ငါမပါဘဲ
ကောင်းကင်ဘုံဖျက်ဆီးခြင်းကို

မလုပ်နိုင်ဘူးဆိုတာ သဘောပေါက်လား။
ဒါ့အပြင် လောကသုံးပါးဓား ရဲ့
နောက်ဆုံးအဆင့် ၂ ခုကိုလည်း
ရမှာမဟုတ်ဘူး။".

"အခု ဘာလိုချင်လို့လဲ!?" ယန်ယဲ့ သည်
အတော်လေး ဒေါသထွက်သွားသည် "မင်း
ငါ့အနားမှာ မနေချင်ဘူးလို့ ပြောနေတာလေ...
ဘာထူးလဲ။ ဒါ့ပြင် မင်း ထွက်ပြေးဖို့ ကြံထားရင်
မင်းကို တားနိုင်မယ် မထင်ဘူး!”

သူမ၏ လက်ရှိ အင်အားသည် အနည်းဆုံး
သူတော်စင်တစ်ပိုင်းအဆင့် ရှိနေသည်ဖြစ်ရာ
သူ၏လက်ရှိခွန်အားက မတားနိုင်ပေ။
ထို့အပြင် သူမသည် ဓားစိတ်ဆန္ဒ နှင့်
ဓားစွမ်းအင်ကို ခံနိုင်ရည်ရှိသောကြောင့်
မည်သို့တိုက်ခိုက်တော့မည်နည်း။

သူမက ရုတ်တရက် "ငါ စိတ်ပြောင်းသွားပြီ!"

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"
ယန်ယဲ့ကမျက်မှောင်ကြုတ်လိုက်သည်။

အနီရောင်ဝတ်အမျိုးသမီးက သူသိသော ဓားဝိညာဉ် နှင့် မတူပေ။ သူမဟာ လူကောင်းတစ်ယောက်မဟုတ်ဘူးဆိုတာ သိသာပါသည်။

သူမက "ငါ ဓားစွမ်းအင်ကို အမြဲစုပ်ယူနေဖို့ လိုတယ်။ သာမန်ဓားစိတ်ဆန္ဒ နဲ့ ဓားသမားတွေက ငါ့ရဲ့လိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်ဘူး။ နင်ကတော့ အရည်အချင်းပြည့်မီတယ်။ ဒါပေမဲ့လည်း နင့်ကို ငါ့သခင်အဖြစ် ငါအသိအမှတ်ပြုမှာ မဟုတ်ဘူး။ ငါတို့ အတူတူ

အလုပ်လုပ်လို့ရတယ်။ ကမ္ဘာကြီးဆီကို
ပရမ်းပတာအခြေအနေတွေ
ဆင်းသက်တော့မှာကို နင် သတိပြုသင့်တယ်။
ငါတို့နှစ်ယောက်လုံး
အတူပေါင်းပြီးအလုပ်လုပ်တာက
အကျိုးရှိနိုင်တယ်။"

"အဲဒါကနေ ငါဘာရနိုင်မလဲ။" ယန်ယဲ့ သည်
ချက်ချင်းပင် မေးလိုက်၏။ အကယ်၍
ဂင်းသည် ဓားဝိညာဉ်ဟောင်းဖြစ်ခဲ့လျှင်
ဤစကားမျိုးပြောနေမည်မဟုတ်ချေ။

သို့သော်
ဤအနီရောင်ဝတ်အမျိုးသမီး(ဓားဝိညာဉ်အသ
စ်) နဲ့ ရင်ဆိုင်ရချိန်မှာတော့ သူက အတော်လေး
ခေါင်းကိုက်နေသည်။
အဘယ်ကြောင့်ဆိုသော်
သူမ၏ပင်ကိုယ်စိတ်က သူ့ကို
ဆန့်ကျင်နေသောကြောင့်ပင်။

"နင်ကျင့်ကြံတဲ့အခါ ငါ နင့်ကိုလမ်းပြနိုင်တယ်!"
ဓားဝိညာဉ်က "ဒါ့အပြင်
မဟာလောကသုံးပါးဓားနည်းစနစ်ရဲ့ အဆင့် ၂ နဲ့
အဆင့် ၃ ကိုပါ သင်ယူနိုင်တယ်။ ပြီးတော့

အဲဒါထက် ပိုသာလွန်တဲ့
တခြားဓားနည်းစနစ်တွေကို ငါတတ်နိုင်သမျှ
သင်ပေးမယ်။”

"ငါ့မှာ အခြေအနေတစ်ခုရှိသေးတယ်!"
ယန်ယဲ့က ခေါင်းညိတ်ကာ ပြောသည်။

"ဘာလဲ?"

"ဓားနယ်မြေ ကို ဘယ်လိုသုံးရမလဲဆိုတာ
ပြောပြပါ။" ယန်ယဲ့ သည် သိချင်လိုစိတ်ဖြင့်

မေးလိုက်၏။ "ဓားနယ်မြေ" သည် သူ့အတွက် အရေးကြီးဆုံးပင်။

အဘယ်ကြောင့်ဆိုသော် စစ်မှန်သော ဓားနယ်မြေကို နားလည်ထားမှသာလျှင် ပညာရှင်အများအပြားကိုတိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

ဓားဝိညာဉ်၏ မျက်လုံးများသည် အနည်းငယ်ကျဉ်းမြောင်းသွားကာ ယန်ယဲ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

"ဘာလဲ? ဒါ ပြဿနာမဟုတ်ဘူး ဟုတ်တယ်မလား" ယန်ယဲ့က သူ့မကို ပြန်ကြည့်ကာ "ဒါမှမဟုတ် မင်းမသိဘူးလား?"

"ငါသိတယ်!" “ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ မပြောတတ်ဘူး။ လောလောဆယ်တော့ မဟုတ်သေးဘူး၊ အနည်းဆုံး နည်းနည်းတော့စောင့်ရမယ်!"

"ဘာကြောင့်လဲ?" ယန်ယဲ့က ထိုစကားကြောင့် မျက်မှောင်ကြုတ်လိုက်သည်။

သူမက အေးစက်စွာပြန်ဖြေခဲ့သည်။
"ဘာအကြောင်းမှုမရှိဘူး!"

ယန်ယဲ့ သည် ပါးစပ်ထောင့်များ
လှုပ်ယမ်းသွားသည်။ ဤအခိုက်အတန့်တွင်
သူ့စိတ်ထဲ၌ ဓားဝိညာဉ်ကို
ရိုက်နှက်ဆုံးမချင်သော်လည်း နောက်ဆုံးတွင်
သူ့ကိုယ်သူ ထိန်းထားလိုက်ရသည်။ သူက
ခဏလောက်စဉ်းစားပြီး "ငါ့ခွန်အားက
သူတော်စင်တစ်ပိုင်းအဆင့်တွေလောက်
သိပ်မကောင်းဘူးလေ။ ဒီတော့

စစ်မှန်တဲ့ဓားနယ်မြေ ကို
အသုံးပြုနိုင်မှပဲရမယ်။
ဒါမှသာ ငါသူတို့ကို တိုက်နိုင်မှာ။
ဘယ်လိုလုပ်ရမလဲ သိရင် ပြောပြပေးပါ။
နောက်ဆုံးတော့ ငါတို့က
တစ်ယောက်နဲ့တစ်ယောက် သိတာကြာပြီလေ။
အဆင်ပြေလား?"

သူမက "နင်ဆုပ်ကိုင်ထားတဲ့ ဓားနယ်မြေက
အစစ်အမှန်မဟုတ်တာ။"

"မင်းဘာကိုဆိုလိုတာလဲ?" ယန်ယဲ့က ချက်ချင်းမေးလိုက်ပါသည်။

သူမက "ငါ လုံးဝပြန်နိုးမလာမချင်း ဓားနယ်မြေရဲ့လျှို့ဝှက်ချက်အမှန်တွေကို ပြောပြနိုင်မှာ မဟုတ်ဘူး!"

ယန်ယဲ့ က "ဒါက မင်းကို ခြိမ်းခြောက်နိုင်လား"

သူမက “ဟုတ်တယ်!” ဟု ပွင့်ပွင့်လင်းလင်း ဖြေသည်။

ယန်ယဲ့ သည် ဓားဝိညာဉ်ကို ခဏတာ
စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်ကာ
“ကောင်းပြီ။ ဒါဆို မင်းပြောတဲ့အတိုင်း ငါ့ရဲ့
ဓားနယ်မြေက စစ်မှန်တဲ့ဓားနယ်မြေ
မဟုတ်ဘူးပေါ့။"

"အဲဒါနဲ့ဝေးတယ်!" သူမက "အများဆုံးအနေနဲ့
ဓားနယ်မြေရဲ့ကနဦးလို့
ယူဆနိုင်တာလောက်ပဲ။ ဘာစွမ်းအင်
ဥပဒေသမှာမပါဘူးလေ။"

"စစ်မှန်တဲ့ဓားနယ်မြေက
ဘယ်လောက်ကြောက်စရာကောင်းလဲ"
ယန်ယဲ့က ဆက်မေးလိုက်သည်။

ဓားဝိညာဉ်က ကောင်းကင်ကို မျှော်ကြည့်ကာ
“နင်က အဲဒီအထဲမှာ ကောင်းကင်ဘုံပဲ။
နင့်ရဲပြိုင်ဖက်က ကောင်းကင်ကို ခုခံဖို့
ခွန်အားမရှိသရွေ့ သူ နင့်ကိုအနိုင်ယူဖို့
အခွင့်အရေးရှိမှာမဟုတ်ဘူး။"

“တစ်နည်းပြောရရင် ဓားနယ်မြေက
တကယ်ကို မယုံနိုင်စရာပဲ။

ငါ့ပြုင်ဖက်က ကောင်းကင်ဘုံကို အန်တုနိုင်တဲ့ စွမ်းအားတွေ ပိုင်ဆိုင်ထားရင် အဲဒါကို ကျော်လွှားနိုင်မှာ မဟုတ်လား။” ယန်ယဲ့က ထပ်မေးလိုက်ပြန်သည်။

"ဘယ်လို မသိတာလည်း!" သူမက ယန်ယဲ့ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "ဒီကမ္ဘာမှာ လုံးဝနည်းစနစ်တွေ နယ်ပယ်တွေ မရှိပါဘူး။ ဓားနယ်မြေရဲစွမ်းအားက နင့်အပေါ်မှာ မူတည်တယ်။ တကယ်လို့ နင်က ကောင်းကင်နဲ့မြေကြီးကို ကျော်လွန်ရင် နင့်ရဲရန်သူက

ကောင်းကင်ဘုံကိုအန်တုနေရင်တောင်
ဓားနယ်မြေကို ချိုးဖျက်နိုင်မှာမဟုတ်ဘူး။
နည်းစနစ်တွေ ဒါမှမဟုတ်
ဘယ်လိုစွမ်းအားတွေပဲဖြစ်ဖြစ်
စစ်မှန်တဲ့အရာတွေက
အသုံးပြုတဲ့သူအပေါ်မှာပဲ မူတည်တာ။"

ယန်ယဲ့ သည် အချိန်အတော်ကြာအောင်
လေးလေးနက်နက် စဉ်းစားရင်း
ခေါင်းညိတ်ကာ "ငါ နားလည်ပါတယ်။
ငါ့ရဲ့ဆွန်အားကို မြှင့်တင်ဖို့ပဲ၊
ဓားနယ်မြေအပေါ်မှာ

အရမ်းမျှော်လင့်မထားသင့်ဘူးမဟုတ်လား။
မဟုတ်လို့ရှိ ငါက
တကယ်ဆုပ်ကိုင်ထားရင်တောင် မသန်မာရင်
အသုံးမကျဘူး!"

"အနည်းဆုံးတော့ နင့်မှာ အသိဉာဏ်တွေ
ရှိသေးတယ်!" ဓားဝိညာဉ်က ယန်ယဲ့ကို
စိုက်ကြည့်ကာ အေးစက်စွာ ပြောလိုက်သည်။

ယန်ယဲ့ သည် သူမကို တစ်ချက်ကြည့်လိုက်ပြီး
စကားတစ်ခွန်းမှ မပြောနိုင်တော့ပေ။
မီးဝိညာဉ်မျိုးနွယ်စု၏

သူတော်စင်တစ်ပိုင်းအဆင့်များကို သတ်ရန်
သူပေးဆပ်ခဲ့သည့် တန်ကြေးကို
တွက်ချက်နေလိုက်သည်။

အခုလေးတင် ၎င်းတို့အား
ထောင်ချောက်ဆင်ဖို့ပတွက်
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀၀
နီးပါးသုံး၍ ကောင်းကင်အတားအဆီးတစ်ခု
ဖန်တီးခဲ့၏။

ထိုအရာက သူ့အတွက် အတော်လေး
နာကျင်စရာပင်။

ကံအားလျော်စွာဖြင့်
အဆင့်လွန်စွမ်းအင်ကျောက်တုံး သုံးရ
ထိုက်တန်သည်ဟု ဆိုရပေမည်။
အကြောင်းအရင်းမှာ
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၁၀
ယောက်ကို ရလိုက်ရုံသာမကဘဲ
အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်
ပါထပ်ရလိုက်သည်။

ထို့အပြင် သူသည် ၎င်းတို့၏
ပိုင်ဆိုင်မှုအားလုံးကို သိမ်းယူခဲ့သည်။
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၀၀၀၀၊ နှစ်

၁၀၀၀ သက်တမ်းရှိ မီးသလင်းကျောက် ၃၀ ကျော် နှင့် အခြားသော ရတနာ အနည်းငယ်ပင် ပါဝင်သည် ။

 သို့သော် အဆိုပါ ရတနာများ၏ စုစုပေါင်းတန်ကြေးဟာ အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၀,၀၀၀ ခန့် ဖြစ်သည်။

၎င်းသည် အလဲအလှယ်စျေးကွက်အရ တန်ကြေးပါ။

 မည်သို့ပင်ဖြစ်စေ သူသည် ဓားအစေခံများ အပြင် အရင်းအမြစ်များကိုပါ ရလိုက်သည်ဖြစ်ရာ ဤတစ်ကြိမ်တွင်

အကျိုးအမြတ်ကြီးကြီးမားမားဟုဆိုနိုင်ပါသည်

။

၉၃၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၀ - မြင့်မြတ်သောအကြီးအကဲ

ယန်ယဲ့ သည် ဆိတ်ငြိမ်သောနေရာတစ်ခုကို
အမြန်ရှာလိုက်ပြီး သူတော်စင်တစ်ပိုင်းအဆင့်

အလောင်းများကို ဓားအစေခံများအဖြစ်
စတင်ဖန်တီးလိုက်သည်။

ဓားအစေခံများက သူ့အတွက်
အလွန်အရေးကြီး၏။နောက်ဆုံးတွင်
နယ်ခြားမိစ္ဆာများအားလုံး
လွတ်မြောက်လာသည်နှင့်
ပရမ်းပတာအခြေအနေများ
ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။
ထိုအချိန်တွင် ခွန်အားသာလျှင်
အသက်ရှင်သန်ရန်အခွင့်အရေးဖြစ်သည်။

ထို့အပြင် သူသည် သန်မာသောခွန်အားကို
ပိုင်ဆိုင်ရမည့်အပြင် သူ့နောက်တွင်လည်း
ဆန်းကြယ်တိုက်ကြီးဟူသည့်
ရောမဝန်ထုပ်ကြီးတစ်ခုရှိနေ၏။

တစ်နည်းပြောရရင် ဤလောကမှာ
သူကာကွယ်ပေးရမည့်သူများစွာရှိနေပါသည်။

မြင့်မြတ်နယ်မြေ သည် ပရမ်းပတာအဖြစ်
ကျသွားနိုင်သော်လည်း
ဆန်းကြယ်တိုက်ကြီးကိုတော့ ဖရိုဖရဲအဖြစ်သို့
ရောက်သွားအောင် ခွင့်မပြုနိုင်ပေ။

ဓားဝိညာဉ်က “နင် တတ်နိုင်သမျှ
သူတော်စင်တစ်ပိုင်းအဆင့်ကို
အမြန်ဆုံးရောက်ရမယ်” ဟု လေးနက်စွာ ပြော
လေသည်။

"ငါစိတ်မပူဘူး၊ မင်းက ဘာလို့ဖြစ်နေတာလဲ။"
ယန်ယဲ့က သူမကို လစ်လျှူရှုကာ
ဓားအစေခံများပြုပြင်ရန်သာ
အာရုံစိုက်လိုက်၏။

“နယ်ခြားမိစ္ဆာတွေနဲ့ မြင့်မြတ်နယ်မြေ
နှစ်ခုလုံးက

နင့်ရဲ့နောက်ဆုံးရန်သူမဟုတ်ဘူးဆိုတာကို
နင်သဘောပေါက်သင့်တယ်။
နင့်ရဲ့ရန်သူအစစ်က ကောင်းကင်ပြင်ပက
အပေါင်းအပါတွေပဲ။ နင် သူတို့ကို
တိုက်ခိုက်နိုင်မယ်လို့ ထင်လား။
နင့်ရဲ့ယုံကြည်မှုကို ဖျက်ဆီးဖို့
ငါမကြိုးစားပေမယ့် ကောင်းကင်ပြင်ပရဲ့
သိုင်းသူတော်စင်တစ်ယောက်ဆိုရင်တောင်
တိုက်ကြီးတစ်ခုလုံးကို ဖျက်ဆီးဖို့
လုံလောက်တယ်!" ဓားဝိညာဉ်က
အေးစက်သောအသံဖြင့် ပြောလိုက်သည်။

"သူတို့ ဒီကိုဆင်းလာရဲသလား" ယန်ယဲ့က
ရယ်မောလိုက်ပြီး "ဒီကမ္ဘာမှာ
မရေတွက်နိုင်တဲ့ပညာရှင်တွေနဲ့
နယ်ခြားမိစ္ဆာတွေက
မူလခရမ်းရောင်စွမ်းအင်ကိုရတာနဲ့
သိုင်းသူတော်စင်အဆင့်ကို
ချက်ချင်းရောက်သွားလိမ့်မယ်။ အဲဒီအချိန်မှာ
ကောင်းကင်ပြင်ပက သိုင်းသူတော်စင် ၁၀,၀၀၀
ကျော်ကို မကြောက်ဘူးဆိုတာ
ဖြစ်နိုင်ပါ့မလား။"

"လူမိုက်စကားမပြောစမ်းနဲ့!" သူမက ရုတ်တရက် ဒေါသတကြီးနဲ့ "နင် တကယ်ကို မသိတာပဲ! ကောင်းကင်ပြင်ပမှာ ဘယ်လိုအခြေအနေရှိလဲ သိလား။ သိုင်းသူတော်စင်က တကယ်ကြောက်စရာကောင်းတယ်လို့များ နင်ထင်နေသလား။ လွန်ခဲ့တဲ့နှစ်တွေက နယ်ခြားမိစ္ဆာတွေအကုန်လုံး သိုင်းသူတော်စင်တွေချည်းပဲ။ နောက်ဆုံးတော့ သိုင်းသူတော်စင်တွေအားလုံး ဒီနေရာမှာ ပိတ်လှောင်ခံလိုက်ရတာပဲလေ။"

"စကားကောင်းကောင်း မပြောနိုင်ဘူးလား"
ယန်ယဲ့ သည် အနည်းငယ် မကျေမနပ်ဖြစ်ပြီး
"အရင်တုန်းက ဓားဝိညာဉ်ကပဲ
ပိုချစ်စရာကောင်းတယ်"

"ချစ်စရာကောင်းတာလား?" သူမက
အေးစက်စွာ အော်ဟစ်လိုက်သည်။ "နင်
အိပ်မက်မက်နေတာဖြစ်မယ်။"

ယန်ယဲ့ သည် သူမနှင့်
နောက်ထပ်အချိန်မဖြုန်းတော့ဘဲ

ဓားအစေခံများကိုသာ
သန့်စင်လိုက်ပါတော့သည်။

ဤသို့ဖြင့် တစ်နေ့တာ
ကုန်ဆုံးပြီးနောက်မှာတော့ ယန်ယဲ့ဟာ
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၁၀
ယောက်ကို ထပ်မံပိုင်ဆိုင်ခဲ့ပါပြီ။
ယခုအချိန်တွင် သူက
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၂၁
ယောက်ရှိနေပြီး ၂ ယောက်က အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့် များပင်တည်း။

ထိုသို့သော အင်အားသည် နှစ် ၁၀,၀၀၀ ကျော်
တည်ရှိခဲ့သော မျိုးနွယ်စုကိုပင်
ဖြတ်ကျော်နိုင်စွမ်းရှိသည်။

"အရုပ်တွေလား?
သူတော်စင်တစ်ပိုင်းအဆင့်ရုပ်သေး?
အုံ့ဩစရာပဲ!" ရုတ်တရက် အသံတစ်ခု
ထွက်ပေါ်လာသည်။ ယန်ယဲ့ နှင့် ဓားဝိညာဉ်
တို့၏ အမူအရာများ ပြောင်းလဲသွားကြသည်။
တစ်ချိန်တည်းမှာပင် အသံထွက်လာသည့်ဆီသို့
လှည့်ကြည့်လိုက်ရာ
ခမ်းနားသည့်ဝတ်ရုံရှည်ကိုဝတ်ဆင်ထားသော

လူလတ်ပိုင်းအမျိုးသားတစ်ဦး
မလှမ်းမကမ်းတွင် ရပ်နေသည်ကို
တွေ့လိုက်ရသည်။

"မင်း အဲဒီမှာ ရပ်နေတာ
ဘယ်လောက်ကြာပြီလဲ" ယန်ယဲ့ သည်
လူလတ်ပိုင်းအမျိုးသားကို စိုက်ကြည့်နေသည်။

“မင်း ဒီရုပ်သေးတွေကို သန့်စင်ပြီးကတည်းက။
စပ်စုမိလို့ ဆက်ကြည့်နေတာ။ တစ်နေ့လုံး
ဒီအတိုင်း ကုန်သွားလိမ့်မယ်လို့ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။” လူလတ်ပိုင်း က
ပြန်ပြောသည် ။

"တစ်နေကုန်….

သောက်ကျိုးနည်းပြီထင်တယ်...."

ဓားဝိညာဉ်နှင့် ယန်ယဲ့
တို့နှစ်ယောက်စလုံးလည်း အံ့သြသွားကြသည်။

လူလတ်ပိုင်းအမျိုးသားသည် အသက် ၃၀
ဝန်းကျင်သာရှိပုံရ၏။

မီးခိုးရောင်ဖျော့ဖျော့ဝတ်ရုံရှည်ကို
ဝတ်ဆင်ထားကာ ဆံပင်ရှည်များဟာ
သူ့ပခုံးထက်တွင် ဖြည်ကျနေသည်။ သူ့ပုံစံက
အတော်လေး ပျင်းရိနေသူလိုပင်။

သူ၏ အပြင်ပန်းသွင်ပြင်ကို အခြေခံပါက
လူလတ်ပိုင်းအမျိုးသားဟာ ဘာထူးခြားမှု
တစ်စုံတစ်ရာ မရှိပေ။ အမှန်တကယ်တော့
ၢင်းက အလွန်သာမာန်ဆန်သော
လူလတ်ပိုင်းအမျိုးသားတစ်ယောက်ဟုသာထင်
ရ၏။

သို့သော် ဓားဝိညာဉ်နှင့် ယန်ယဲ့
တို့နှစ်ဦးစလုံးသည် ကြောက်မက်ဖွယ်ရန်သူနှင့်
ရင်ဆိုင်နေရသကဲ့သို့ မျက်နှာအမူအရာများက
မှုန်ကုပ်ကုန်ဖြစ်နေကြသည်။

နောက်ဆုံးတွင် လူလတ်အပိုင်းအမျိုးသားက
သူတို့အနားမှာ တစ်ရက်လုံး
ရပ်ကြည့်နေသည့်တိုင်
လုံးဝသတိမထားမိလိုက်ဘူးမဟုတ်ပါလား။

အထူးသဖြင့် ယန်ယဲ့၏ အမူအရာသည်
အတော်လေးကို ဆိုးရွားနေပါပြီ။

လူလတ်ပိုင်းအမျိုးသား ထံကနေ
သူရလိုက်သည့် အန္တရာယ်အင်္ဂေအသက်ဟာ
အကြီးအကဲမှ နှင့် အဘိုးအိုလုယန် တို့ကဲ့သို့
ဖြစ်နေသောကြောင့်ပင်။ ယန်ယဲ့၏ မျက်နှာသည်
အလွန်လေးနက်နေပါသည်။
ထို့အပြင် ဤလူလတ်ပိုင်းက အကြီးအကဲ
မူထက်ပင် အားမနည်းနိုင်ပေ။

“မင်းက မြင့်မြတ်ခန်းမတွေရဲ့ မြင့်မြတ်သခင်
လား။" ယန်ယဲ့ သည် စကားပြောနေရင်း
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၂၁

ယောက်နှင့် ဖိနှိပ်ရေးကျောက်တုံးကို
အသင့်ပြင်ထားလိုက်သည်။
တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်မှလည်း
ဆန်းကြယ်ချီစွမ်းအင်များ
ဖြည်းညှင်းစွာထွက်ပေါ်လာပါသည်။

ထိုအချိန်တွင် ဓားဝိညာဉ်၏အသံသည်
သူ့စိတ်ထဲတွင် ရောက်လာသည်ကို
ကြားလိုက်ရသည် "နင့်ရဲ့ဓားအစေခံတွေကို
မသုံးနဲ့။ သူက အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်တွေထက်တောင်
ပိုပြီးအစွမ်းထက်တယ်။ ဒီတော့

နင့်ရဲ့ဓားအစေခံတွေနဲ့ သူ့ကိုတိုက်ခိုက်တာက
ကိုယ့်သေတွင်းကိုတူးသလိုပဲ။ နောက်မှ
အခြေအနေအရ လုပ်မယ်။”

ယန်ယဲ့ သည် နှလုံးသားတစ်ခုလုံး
တုန်ခါသွားသလိုခံစားမိလိုက်သည်။
သူ့ရှေ့တွင်ရပ်နေသော
လူလတ်ပိုင်းအမျိုးသားက အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်များ
ထက်သာလွန်သည်လား။
တစ်နည်းဆိုရသော် ၎င်းသည် အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့် ပင်ဖြစ်နေနိုင်သည်။

"သောက်ကျိုးနည်းပြီ။ ဒီတစ်ခါတော့
တကယ်လျှောပြီထင်တယ်။"

ယန်ယဲ့၏ မျက်နှာသည် မထင်မှတ်ဘဲ
လေးနက်နေပါသည်။

လူလတ်ပိုင်းအမျိုးသားက ခေါင်းယမ်းလိုက်ပြီး
“ငါ့ကို မြင့်မြတ်သောအကြီးအကဲ လို့ခေါ်တယ်။
မင်း ငါ့အကြောင်းကို ကြားဖူးထားမှာပါ!"

"မြင့်မြတ်သောအကြီးအကဲ?" ယန်ယဲ့ဟာ
ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

မြင့်မြတ်နယ်မြေတွင် အထွတ်အထိပ်ပညာရှင် ၃ ဦးရှိကြောင်း သူလည်းသိထားသည်။

နံပါတ်တစ်ပညာရှင်သည် လျှို့ဝှက်ဆန်းကြယ်သော "မြင့်မြတ်အရှင်" ဖြစ်သည်။ ကျန်နှစ်ဦးကတော့ မြင့်မြတ်သောအကြီးအကဲများ ဖြစ်ကြ၏။

မြင့်မြတ်သောအကြီးအကဲများသည် မီးဝိညာဉ်ဘိုးဘေးကဲ့သို့ပင် အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်များဟုသာ သူ ထင်ထားခဲ့လေသည်။

သို့သော် မြင့်မြတ်သောအကြီးအကဲတစ်ဦးစီက အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်

ထက်သာလွန်သည့် တည်ရှိမှုဟု တစ်ခါမျှ
မထင်ထားမိပေ။

ထို့အပြင် မြင့်မြတ်သောအကြီးအကဲ
နှစ်ယောက်လုံးက မြင့်မြတ်အရှင်၏
အောက်တစ်ဆင့်သာနိမ့်လေသည်။
ထိုသို့ဆိုလျှင် မြင့်မြတ်အရှင်သည်
မည်မျှကြာက်စရာကောင်းနေမည်နည်း။

လူတ်ပိုင်းအမျိုးသား၏ အကြည့်သည်
ဓားဝိညာဉ်အပေါ်သို့ ရုတ်တရက်
ဆင်းသက်လာပြီး "ဒီနတ်ဓားဝိညာဉ်က

နယ်ခြားမိစ္ဆာတွေကို ချုပ်နှောင်တဲ့
အဓိကသော့ချက်ကိုး။ နယ်ခြားမိစ္ဆာတွေကို
ချုပ်နှောင်ဖို့ မလိုအပ်တော့ပေမယ့် သူမက
အဲဒီအပေါင်းအပါတွေကို
ခြိမ်းခြောက်နိုင်သေးတယ်။ ဒါဆို သူမကို
ငါ့လက်ထဲ ပြန်ထည့်ပေးစေချင်တယ်။"

ဓားဝိညာဉ်၏ အမှုအရာသည်လည်း
အနည်းငယ်ပြောင်းလဲသွားပါသည်။
သေချာသည်မှာ သူမလည်း
လူလတ်ပိုင်းမျိုးသားက

မြင့်မြတ်သောအကြီးအကဲ ဖြစ်နေမည်ဟု
မမျှော်လင့်ထားခဲ့ပေ။

ထိုအတောအတွင်း လူလတ်ပိုင်းက ယန်ယဲ့
ထံသို့ အကြည့်လွှဲကာ "အစက ငါ
သူတစ်ယောက်တည်းအတွက် လာခဲ့တာ။
မင်းနဲ့တွေ့မယ်လို့ ငါဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ မင်းက ယန်ယဲ့
မဟုတ်လား။ မင်းအကြောင်း ငါကြားဖူးတယ်။
ဆန်းကြယ်တိုက်ကြီးက မင်းလို
မဟာပါရမီရှင်တစ်ယောက်ကို
မွေးထုတ်ပေးနိုင်တာ တကယ့်ကို

အံ့သြစရာပါပဲ။ ဒီနေ့ မင်းကိုတွေ့ပြီဆိုတော့ မင်းလည်း ငါနဲ့အတူ မြင့်မြတ်ခန်းမကို ပြန်လာခဲ့ပါ!"

"ဘာကြောင့်လဲ?" ယန်ယဲ့ သည် သူ၏ခန္ဓာကိုယ်မှ ဆန်းကြယ်ချီစွမ်းအင်များကို အပြည့်အဝထုတ်ဖော်ရင်း တိုးညှင်းသော အသံဖြင့် မေးလိုက်သည်။

၉၃၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၁ - အမည်မဲ့မြို့မှ အကူအညီ

လူလတ်ပိုင်းအမျိုးသားက ပြုံးပြီး "မင်းကို
သတ်ရတာ တကယ်ကို
ဖြုန်းတီးသလိုပဲဖြစ်လိမ့်မယ်။ ဒါကြောင့်
မင်းကို ပြောင်းလဲပြီး ငါ့မြင့်မြတ်ခန်းမရဲ့
အဖွဲ့ဝင်အဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်ပြီ။
သေချာပါတယ်၊ မင်းကို ပြောင်းလဲဖို့ ဘယ်လိုမှ
မဖြစ်နိုင်ဘူးဆိုရင် သေခြင်းကနေ
လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။
နောက်ဆုံးတော့ မင်းက ကိုယ့်ကိုယ်ကို

ဒုက္ခရောက်အောင် လုပ်ခဲ့တာလေ။
မြင့်မြတ်နယ်မြေမှာ
မင်းသေတာကိုမြင်ချင်နေတဲ့သူတွေမှ
အများကြီးရှိပဲ။"

"သူ့ကို ဖိနှိပ်လိုက်!" ထိုအချိန်တွင်
ဓားဝိညာဉ်သည် ရုတ်တရက် ဒေါသတကြီး
အော်ဟစ်လိုက်သည်။

ဓားဝိညာဉ်စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
ဖိနှိပ်ရေးကျောက်တုံးကို
ချက်ချင်းအသက်သွင်းလိုက်ရာ

လျှို့ဝှက်ဆန်းကြယ်သောစွမ်းအားတစ်ခု
ပေါ်လာသည်။

လူလတ်ပိုင်းအရွယ်၏ မျက်ခုံးများသည်
အနည်းငယ် တွဲချည်သွားခဲ့သည်။

ထိုအချိန်တွင် ဓားဝိညာဉ်သည်
လက်နှစ်ဖက်ကိုဆန့်ကာ
ချိတ်ပိတ်သည့်သဏ္ဌာန်လုပ်လိုက်ပြီး
"သတ္တုဓား ပုံစံ! သစ်သားဓားပုံစံ! ရေဓား ပုံစံ!
မီးဓား ပုံစံ! မြေကမ္ဘာဓား ပုံစံ!" သူမ၏
အသံဆုံးသည်နှင့် တစ်ပြိုင်တည်းတွင် အရောင်
၅ မျိုးဖြင့် ဖန်တီးထားသည့် စက်ဝိုင်းပုံသဏ္ဌာန်

ဓားတစ်ချောင်းက ယန်ယဲ့ နှင့်
သူမ၏ခြေထောက်အောက်တွင် ပေါ်လာသည်။

"ဒြပ်စင်ငါးမျိုးဓားပုံသန်းခြင်း!"
သူမပြောပြီးသည်နှင့်တပြိုင်နက်
နှစ်ယောက်လုံး ချက်ချင်းပင်
ပျောက်ကွယ်သွားပြီး ကီလိုမီတာ ၅၀၀၀
အကွာတွင် ပေါ်လာကြသည်။

"ဒြပ်စင်ငါးမျိုးဓားပုံသန်းခြင်း လား?"
လူလတ်ပိုင်းအမျိုးသားက ပါးစပ်ထောင့်တွင်
အပြုံးတစ်ခုပေါ်လာပြီး

"တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်!"
စကားပြောနေရင်းနဲ့ သူက လက်ညှိုးကို ရှေ့ကို
ညွှန်လိုက်သည်။

ကီလိုမီတာ ၅၀၀၀ အကွာ။.... ယန်ယဲ့ နှင့်
ဓားဝိညာဉ်တို့က ခဏရပ်နေစဉ်
ကောင်းကင်ကိုပင်ထိုးဖောက်နိုင်သည့်
ရောမလက်ညိုးကြီးက ၎င်းတို့နောက်မှာ
ပေါ်လာသည်ကိုသတိထားမိသွားကြလေသည်။
ရောမလက်ချောင်းကြီးသည် ကမ္ဘာလောကကို
ဖျက်ဆီးပစ်နိုင်သည့် ကြောက်မက်ဖွယ်

စွမ်းအားများ ပါဝင်နေပြီး သူတို့နှစ်ဦး အပေါ်
တိုက်ရိုက်ကျဆင်းလာခဲ့ပါသည်။

ယန်ယဲ့ သည် နေရာတွင်ရပ်နေပြီး
ဧရာမလက်ချောင်းကြီးကို
မမှိတ်မသုန်စိုက်ကြည့်နေခဲ့သည်။ သူသည်
ရှောင်တိမ်းခြင်းမပြုခဲ့ပေ။
မည်သို့ပင်ဖြစ်စေ ဤတိုက်ခိုက်မှုကို
ခုခံနိုင်စွမ်းမရှိသလို
ရှောင်တိမ်းနိုင်မည်မဟုတ်ကြောင်းလည်း
သိထားသည်။

ဤအခိုက်တွင် ယန်ယဲ့သည် သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ သူ့နောက်ကျောတွင်
အဆောင်တစ်ခု နှင့် ဓားဝိညာဉ် ပေါ်လာသည်။
ထိုအချိန်မှာပဲ ရောမလက်ချောင်းကြီးက
ဂင်းကို ထိမှန်သွားသည်။

အုန်း!

အဆောင် နောက်မှာ ရပ်နေသည့် ယန်ယဲ့ဟာ
သွေးကြိုး ၁၀ ချောင်းခန့် အန်ထုတ်လိုက်ရပြီး
ဓားသည်လည်း
ပြင်းထန်စွာတုန်လှုပ်သွားပါတော့သည်။

ဤအဆောင်သည်
နတ်ဘုရားအဆင့်အဆောင်သခင်ထံမှ
ငရဲကေရီရလာခဲ့သော အဆောင်ပင်ဖြစ်သည်။
သို့သော် အဆောင်က တိုက်ခိုက်မှု၏ ၅၀
ရာခိုင်နှုန်းကို ခုခံလိုက်သည့်တိုင် သူသည်
ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။
ဟာကျူလီသံချပ်ကာ
ဝတ်ဆင်ထားသော်လည်း
သူ့ခန္ဓာကိုယ်တစ်ခုလုံးမှ အရိုးများ
ကွဲအက်လုနီးဖြစ်နေသလို ခံစားရသည်။

အကယ်၍ နတ်ဘုရားအဆင့်
အဆောင်သာမရှိလျှင် ယခုအချိန်မှာ
သူ့အနေဖြင့် ဒုက္ခိတဖြစ်နေလောက်ပါပြီ။
မြင့်မြတ်သောအကြီးအကဲ သည်
အမှန်တကယ်ပင်
ကြောက်မက်ဖွယ်ကောင်းလှ၏။

"လေဒြပ်စင်!" ဤအချိန်တွင် ဓားဝိညာဉ်သည်
ဒြပ်စင် ၅ မျိုးဓားနည်းစနစ်ကို
ထပ်မံအသုံးပြုလိုက်ကာ နှစ်ယောက်စလုံး
နောက်တစ်ကြိမ် ပျောက်ကွယ်သွားကြသည်။

သူတို့နှစ်ဦး ပျောက်ကွယ်သွားသည်နှင့်
တပြိုင်နက် အကာအကွယ်အဆောင် သည်
အစိတ်စိတ်အမှာမှာ ကွဲကြေသွား၏။ ထို့နောက်
အဆောင်ပတ်ပတ်လည် ၃ ကီလိုမီတာ
အကွာတွင်ရှိသော
အာကာသဟင်းလင်းပြင်သည် ချက်ချင်းပင်
ပြိုကျသွားတော့သည်။

"နတ်ဘုရားအဆင့် အကာအကွယ်အဆောင်
လား?" ကီလိုမီတာ ၅၀၀၀ အကွာမှာ
ရပ်နေသည့် လူလတ်ပိုင်းအမျိုးသားသည်ပင်
မျက်လုံးထဲ၌ အံ့ဩမှု အရိပ်အယောင်အချို့

ပေါ်လာပြီး “သူ့မှာ နတ်ဘုရားအဆင့် အကာအကွယ်အဆောင် ပိုင်ဆိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ငါတောင် တကယ်ပဲ အံ့ဩမိတယ်။"

စကားပြောနေစဉ်တွင် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ရာ အသက်ရှူ၂ ရှိုက်စာတွင်းမှာပဲ ယန်ယဲ့နှင့် ဓားဝိညာဉ် ရပ်နေခဲ့သည့်နေရာကို ရောက်လာခဲ့သည်။

"ဒြပ်စင် ၅ မျိုးဓားပျံသန်းခြင်း? တကယ်ကို စိတ်ဝင်စားဖို့ကောင်းတယ်!”

လူလတ်ပိုင်းအမျိုးသားက ရှေ့သို့
ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့နှင့် ဓားဝိညာဉ်တို့သည်
ရူးသွပ်စွာ ထွက်ပြေးခဲ့ကြသည်။

အချိန် ၁၀ မိနစ်ထက် မနည်းမှာပင်
ဓားဝိညာဉ်သည် ဒြပ်စင် ၅ မျိုးဓားနည်းစနစ်ကို
၁၅ ကြိမ် နီးပါး လုပ်ဆောင်ခဲ့သည်။
ထိုအချိန်မှာပင် လူလတ်ပိုင်းအမျိုးသားက
ဂင်းတို့နောက်တွင် ရှိနေကြောင်းကို
ခံစားမိနေကြသည်။

အချိန်မရွေး သူတို့ရှေ့မှာ ပေါ်လာသလိုပင်။

ထို့ကြောင့် နှစ်ယောက်လုံးက လုံးဝကို
မနှောင့်နှေးဝံ့ကြပေ။ တစ်ချိန်တည်းမှာပင်
ယန်ယဲ့ သည် သူ၏
ဆန်းကြယ်ချီစွမ်းအင်များကို ဓားဝိညာဉ် ထံသို့
အဆက်မပြတ်ပို့လွှတ်ပေးလိုက်သည်။

သို့သော်လည်း "သူက ငါတို့နောက်ကို
လိုက်နေတုန်းပဲ။ ဒီအတိုင်းသာ
ဆက်သွားနေမယ်ဆိုရင် သူက ငါတို့ကို
မသတ်ရင်တောင် သေတဲ့အထိ

ပင်ပန်းလိမ့်မယ်” ဓားဝိညာဉ်သည် ဒြပ်စင် ၅ မျိုးဓားနည်းစနစ်ကို အသုံးပြုနေရင်း လေးလံသောအသံဖြင့် ပြောလာခဲ့သည်။

"ငါတို့ဘာလို့ ဆန်းကြယ်တိုက်ကြီးကို မပြန်ကြတာလဲ။" ယန်ယဲ့က အကြံပြုလိုက်သည်။ ဆန်းကြယ်တိုက်ကြီးသို့ ပြန်သွားလျှင် အကြီးအကဲမူ နှင့် အဘိုးအို လုယန် တို့ ရှိနေသောကြောင့် လူလတ်ပိုင်းအမျိုးသားကို ကြောက်ရွံ့နေစရာ မလိုတော့ပေ။ လူလတ်ပိုင်းအမျိုးသားသည် အနည်းငယ် သန်မာသော်လည်း အကြီးအကဲမူ

နှင့် အဘိုးအိုလုယန် တို့အား
တိုက်ခိုက်နိုင်မည်ဟုတော့ မထင်ထားပေ။

"ငါတို့လုပ်နိုင်မှာမဟုတ်ဘူး!" ဓားဝိညာဉ်က
“သူအရှိန်မြင့်နေတုန်း ငါတို့
အရှိန်လျှော့လာနေပြီ။ ငါတို့
ရပ်တန့်မိလိုက်တာနဲ့ သူ ငါတို့ရှေ့မှာ ပေါ်လာဖို့
အချိန်တစ်ဝက်လောက် အချိန်ယူရလိမ့်မယ်။
ဟေး .....

နင်က ယောက်ျားပဲ၊ ဒီအခြေအနေကနေ
ရုန်းထွက်ဖို့ အမြန်စဉ်းစား!”
ဓားဝိညာဉ်၏အသံသည် သူမပြောပြီးသည်နှင့်

ဒေါသအရိပ်အယောင်ကို
သယ်ဆောင်လာသည်။

"နင် ဒီလောက်ရက်စက်နိုင်တာလား" ယန်ယဲ့
သည် ဓားဝိညာဉ်ကို မကျေမနပ်ဖြင့်
ကြည့်လိုက်သည်။ အဘယ်ကြောင့်ဆိုသော်
ဓားဝိညာဉ်အဟောင်းနှင့် နှိုင်းယှဉ်ကြည့်လျှင်
သူမ၏ ဒေါသသည်
လုံးဝကြောက်စရာကောင်းသောကြောင့်ပင်။

“ငါတို့ အဖမ်းခံရရင် ငါက
လွတ်လပ်ခွင့်ပဲဆုံးရှုံးလိမ့်မယ်။ ဒါပေမဲ့
ငါမသေဘူး။ တခြားတစ်ဖက်မှာ နင်က

လွတ်လပ်မှုကို ဆုံးရှုံးမယ့်အပြင် ၊
တွေးကြည့်ပါ။ အတိမှာ မြင့်မြတ်နယ်မြေရဲ့
အဖွဲ့ဝင်ဘယ်လောက်များများကို နင်
သတ်ခဲ့တာလဲ။

သူတို့က နင့်ကို အသက်ရှင်ခွင့်ပေးမှာတဲ့လား။
ဒါကြောင့် မသေချင်ရင် တစ်ခုခုကို
အမြန်စဉ်းစားပါ။နင်သာ
တကယ်ဘာမှမစဉ်းစားနိုင်ရင်
ငါတွေးနိုင်တဲ့တစ်ခုတည်းသောနည်းလမ်းကို
သုံးဖို့ကလွဲပြီး ရွေးချယ်စရာမရှိတော့ဘူး!"
ဓားဝိညာဉ် ကပြောလိုက်သည် ။

ယန်ယဲ့က “မင်းမှာ နည်းလမ်းရှိလို့လား။ အဲဒါဘာလဲ?"

“နင့်ကို ဒီမှာပဲ ထားခဲ့ပြီး ငါတစ်ယောက်တည်း ပြေးမယ်” ဟု အေးစက်စွာ ပြန်ဖြေခဲ့သည်။

ယန်ယဲ့ သည် ပါးစပ်ထောင့်များ တွန့်ကွေးသွားကာ သူမကို လက်မထောင်ပြရင်း “မင်းက တကယ်တော်တာပဲ! တကယ်တော့ ငါ့မှာ မသေချာတဲ့ နည်းလမ်းတစ်ခုရှိတယ်။ ဘယ်ဖက်ကို ဦးတည်ပါ။ အမည်မဲ့မြို့ကို သွား။” ဤအချိန်မှာတော့ ယင်ယင် ဆိုသည့်

မိန်းမငယ်လေး တစ်ယောက်အကြောင်း
တွေးနေခဲ့သည်။

သူမ တိုက်ခိုက်သည်ကို မမြင်ဖူးသော်လည်း
ထိုကလေးမလေးသည်
အလွန်ကြောက်စရာကောင်းသော
ဖြစ်တည်မှုတစ်ခုဖြစ်ကြောင်း သူသိသည်။
လူလတ်ပိုင်းအမျိုးသားကို ရင်ဆိုင်နိုင်ခြင်း
ရှိမရှိ သူလည်းမသိပေ။
မည်သို့ပင်ဆိုစေကာမူ သူ့တွင်
အခြားရွေးချယ်စရာမရှိသဖြင့်
ထိုမိန်းမငယ်လေးကိုသာ

နောက်ဆုံးအားကိုးရာအဖြစ်သာ
ကြိုးစားနိုင်ခဲ့သည်။

ဓားဝိညာဉ်သည် သူ့ကိုကြားသောအခါ လုံးဝ
တုံ့ဆိုင်းမနေဘဲ ချက်ချင်း
ဦးတည်ချက်ပြောင်းကာ အမည်မဲ့မြို့ဆီသို့
ပြေးသွားခဲ့သည်။
သူမမှာ တခြားရွေးချယ်စရာရှိရင် ယန်ယဲ့ကို
မစွန့်လွှတ်ချင်ပေ။
နောက်ဆုံးတွင် သူမ၏ ခွန်အားကို မြှင့်တင်ရန်
ဓားစိတ်ဆန္ဒကို အဆက်မပြတ်
စုပ်ယူနေရပေမည်။

ထို့အပြင် သူမသည် ဓားစိတ်ဆန္ဒ နှင့်
ဓာစွမ်းအင် တို့အား ခုခံနိုင်စွမ်းရှိသော်လည်း
လူသားများကဲ့သို့ ဓားစိတ်ဆန္ဒကို
အဆက်မပြတ် မထုတ်ဖော်နိုင်ပေ။

သူတို့နှစ်ဦး ပျောက်ကွယ်သွားပြီးနောက်
တစ်ခဏလေးအတွင်းမှာပင်
လူလတ်ပိုင်းအမျိုးသားသည်
သူတို့ရပ်နေခဲ့သည့် နေရာကို ရောက်လာခဲ့၏။

လူလတ်ပိုင်းအမျိုးသားသည် လူနှစ်ဦး
ထွက်ပြေးသွားသည့် ဦးတည်ရာဆီသို့
လှမ်းကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်
"အပြစ်မဲ့မြို့(အမည်မဲ့မြို့)" ဟုရေရွတ်ရင်း
ရှေ့ကို နောက်တစ်ကြိမ်
လှမ်းတက်လိုက်ပါသည်။

၉၃၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၂ - ယင်ယင် Vs မြင့်မြတ်သောအကြီးအကဲ

ယန်ယဲ့ နှင့် ဓားဝိညာဉ် တို့သည် အမည်မဲ့မြို့သို့ ရောက်ရန် အချိန်အတော်ကြာ ပျံသန်းခဲ့ရသည်။ သို့သော် မြို့ဝင်ပေါက်ရှေ့သို့ ရောက်လာပြီးနောက် ပျံသန်းခြင်းမပြုဘဲ ဝင်ပေါက်ကိုသာ ဖြတ်လျှောက်သွားကြသည်။

ထိုအချိန်တွင် ခပ်ဝဝ အမျိုးသားတစ်ဦးသည်
ၜင်းတို့၏လမ်းကြောင်းကို
ပိတ်ရပ်ထားလေသည်။

ၜင်း၏လက်ထဲမှာ
ပုဆိန်တစ်လက်ကိုကိုင်ထားပြီး ယန်ယဲ့ နှင့်
ဓားဝိညာဉ် ကို စူးစူးရဲရဲစိုက်ကြည့်ကာ
“ဒီလမ်းကို ငါပိုင်တယ်။ မြို့ထဲကိုဝင်ချင်ရင်
ပိုက်ဆံနည်းနည်းချန်ထားခဲ့…”

"ငရဲကို သွားလိုက်!" ယန်ယဲ့ သည်
အချိန်ကိုမဖြုန်းလိုသော်လည်း
ခပ်ဝဝအမျိုးသားက လာရှုပ်နေသဖြင့်
ဒေါသထွက်သွားသည်။

သူ၏လက်သီးကို ရှေ့ဆန့်ထုတ်ကာ
ခပ်ဝဝအမျိုးသားကို ထိုးချလိုက်သည်။

ဘုန်း

လက်သီးချက်က ခပ်ဝဝအမျိုးသားအား
လွင့်ပျံသွားစေကာ
ဖက်တီးပုံဖြစ်သွားစေသည်။
ထိုအချိန်တွင် ယန်ယဲ့ တို့နှစ်ဦးက ချက်ချင်းပင်
ပျောက်ကွယ်သွားကာ 'ဗုဒ္ဓမျှော်စင်' ဆီသို့
တဟုန်ထိုး ပျံသန်းသွားတော့သည်။

"ခွေးကောင်!" ဖက်တီးသည်
မြေကြီးအပျက်စီးများထဲကနေ
ကုန်းရုန်းထလာပြီး ပါးစပ်ကနေ
ကျိန်ဆဲလိုက်ရင်း မြို့အဝင်ဝသို့ ပြန်လာခဲ့သည်။
သို့သော် ရုတ်တရက်ဆိုသလိုပင်

မြို့ဝင်ပေါက်သို့ လူလတ်ပိုင်းအမျိုးသားတစ်ဦး ရောက်လာသည်ကို ထပ်မံမြင်တွေ့လိုက်၏။

ဖက်တီးက လူလတ်ပိုင်းအရွယ်ကို အရင်လူ ၂ ယောက်နှင့် အဖော်လို့ ထင်ပြီး ချက်ချင်း ဒေါသထွက်သွားလေသည်။

သူ့လက်ထဲက ပုဆိန်ကို လျင်မြန်စွာ ဝှေ့ယမ်းကာ လူလတ်ပိုင်းမျိုးသားအား ခုတ်ချလိုက်ရင် "ငါ့ပုဆိန်က သွေးဆာနေပြီ" ဟု ဒေါသတကြီး အော်ငေါက်လိုက်သည်။

သို့သော် သူ၏ပုဆိန်ခုတ်ချက်က
လူလတ်ပိုင်းအမျိုးသား၏ ခေါင်းမှ ၁၀
စင်တီမီတာအကွာတွင် ရုပ်တန့်သွားခဲ့သည်။

လူလတ်ပိုင်းအမျိုးသားသည် ဖက်တီးကို
ဂရုမစိုက်ဘဲ စိုက်ကြည့်ပြီးနောက် ရှေ့သို့
ခြေတစ်လှမ်းတိုးကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ချင်!

ဖက်တီး၏ ပုဆိန်များသည် မြေပြင်ပေါ်သို့ ကျသွားသည်။ ထိုအခိုက်တွင် သူ့မျက်နှာသည် အေးစက်သော ချွေးများဖြင့် ဖုံးလွှမ်းနေပြီး သူ့မျက်လုံးများသည် အလွန်ကြောက်လန့်မှုဖြင့် ပြည့်နှက်နေသည်။

သူသည် အဆင့် ၉ သိုင်းကေရာဇ်သာ ဖြစ်သော်လည်း လုံးဝ အရှုံးမဟုတ်ပေ။

လူလတ်ပိုင်းအမျိုးသား၏

အကြည့်တစ်ချက်က သူ့စိတ်ဝိညာဉ်ကိုပင် ကြောက်ရွံ့တုန်လှုပ်စေခဲ့သည်။

ထို့အပြင် လူလတ်ပိုင်းအမျိုးသားသည်
ခြေတစ်လှမ်းမျှသာဖြင့် သူ၏ အမြင်အာရုံမှ
ပျောက်ကွယ်သွားခဲ့သည်။
သာမန်လူလတ်ပိုင်းဟု ထင်ရသော လူက သူ့ကို
လက်သီးတစ်ချက်ဖြင့် ထိုးနှက်ခဲ့သော
လူငယ်ထက် ပို၍
ကြောက်စရာကောင်းကြောင်း သူ
ကောင်းကောင်းသိလိုက်သည်။

"မဟုတ်ဘူး၊ ဒီလူက ခေါင်းဆောင်ထက်တောင်
ပိုပြီးကြောက်စရာကောင်းတယ်။"

“မိုက်မဲတယ်! နောက်ကို ငါဒီလိုမလုပ်တော့ဘူး! မလုပ်တော့ဘူး!" ဖက်တီးက သူ့ပုဆိန်တောင် မကိုင်တော့ပေ။ ချက်ခြင်းနောက်လှည့်ကာ ထွက်ပြေးသွားတော့သည်။

...

ယန်ယဲ့ နှင့် ဓားဝိညာဉ်တို့သည် ဗုဒ္ဓမျှော်စင်ရှေ့သို့ ရောက်လာကြသည်။ ထိုအချိန်တွင် သူတို့ရှေ့၌ အဘိုးအိုတစ်ဦး ပေါ်လာသည်။

ယန်ယဲ့၏ အမှုအရာသည်
ပြောင်းသွားသော်လည်း သူက
ဗုဒ္ဓမျှော်စင်အတွင်းပိုင်းသို့ လှမ်းကြည့်ကာ
အော်လိုက်သည်။ "ယင်ယင်! အစ်ကို့ကြီးက
မင်းအတွက် စားစရာယူလာခဲ့တယ်!"

"တကယ်လား?" ဗုဒ္ဓမျှော်စင်အတွင်းမှ
ချစ်စဖွယ်အသံသေးသေးလေး တစ်ခု
ထွက်ပေါ်လာသည်။ ထို့နောက် ယင်ယင် သည်
ယန်ယဲ့ နှင့် ဓားဝိညာဉ်ရှေ့တွင် ပေါ်လာသည်။

ဓားဝိညာဉ်သည်
သက်ရှိသတ္တဝါမဟုတ်သောကြောင့် ယင်ယင်
ကို မြင်နိုင်၏။ ယင်ယင်ကို မြင်လိုက်ချိန်တွင်
ဓားဝိညာဉ်၏ မျက်နှာသည်
လေးနက်သောအမူအရာနှင့်
ကြောက်ရွံ့မှုများပင် ပေါ်လာခဲ့လေသည်။

ယန်ယဲ့သည် ယင်ယင်ကိုမြင်သောအခါ
ချက်ချင်းပင် သက်ပြင်းချလိုက်သည်။ သူက
ဓားဝိညာဉ်ကို ယင်ယင်ထံသို့
အလျင်အမြန်ပို့ဆောင်ကာ "ယင်ယင်!

အစ်ကိုကြီးကို တစ်ခုခုကူညီပေးပါလား”
ဟုပြောလိုက်သည်။
တစ်ချိန်တည်းတွင် သူ့နောက်မှ
လူလတ်ပိုင်းအမျိုးသားကို လက်ညှိုးထိုးပြပြီး
“အဲဒီလူက အစ်ကိုကြီးကို လိုက်နေတာ
တော်တော်ကြာနေပြီ၊ ငါလည်း မတိုက်နိုင်ဘူး။
သူ့ကို ကူတိုက်ပေးပါလား ။ အဆင်ပြေမလား"

ယင်ယင် က မျက်တောင်ခတ်ပြီး
လူလတ်ပိုင်းအမျိုးသားကို ကြည့်လိုက်သည်
"သူ ငါ့ကို မမြင်ဘူး!"

ထိုအချိန်တွင် လူလတ်ပိုင်းအမျိုးသားက
မျက်မှောင်ကြုတ်လိုက်၏။ အကြောင်းမှာ
သူစိုးရိမ်မိသလောက် ယန်ယဲ့သည် လေထဲတွင်
စကားပြောနေသောကြောင့်ဖြစ်သည်။

လူလတ်ပိုင်းအမျိုးသားက သူ၏
လက်နှစ်ချောင်းကို ဆန့်ကာ
သူ့မျက်လုံးများဆီသို့ ပွတ်သပ်ကာ ယန်ယဲ့
ရပ်နေသည့်နေရာကို ကြည့်လိုက်သည်။

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့၏
ဘေးနားတွင်ရပ်နေသည့် ကလေးမလေးကို
တွေ့လိုက်ရလေသည်။

"သူငါ့ကိုတွေ့နိုင်နေပြီ!" ယင်ယင်က
ထပ်ပြောပြန်သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်များသည် ပြင်းထန်စွာ
လှုပ်ယမ်းသွားသည်။ ထင်ရှားသည်မှာ
လူလတ်ပိုင်းအမျိုးသားက
အလွန်ကြောက်စရာကောင်းသော
အစွမ်းထက်ပညာရှင် ဖြစ်သည်။

"ကောင်းကင်ပြင်ပ!"
လူလတ်ပိုင်းအမျိုးသားသည် ထိုစကား
ပြောလိုက်ရင်း ယင်ယင်ကို ခဏတာ
စိုက်ကြည့်နေသည်။

ယင်ယင် က လူလတ်ပိုင်းအမျိုးသားကို
ခဏလောက် စိုက်ကြည့်ပြီးတော့ တဖန်
ယန်ယဲ့ကို ကြည့်လိုက်ပြီး "အစ်ကိုကြီး၊ နင်
ယင်ယင်ကို ဒီလိုထောင်ချောက်ထဲ
တွန်းချလို့မရဘူး။ သူက
အရမ်းကြောက်ဖို့ကောင်းတယ်။ ယင်ယင်က
သူ့ကို မစားနိုင်တော့ဘူး!"

ယန်ယဲ့က သူ့လက်ညိုးကို ထောင်ပြပြီး "အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀၀၀။ ယင်ယင်! သူထွက်သွားအောင် ကူညီပေးမယ်မဟုတ်လား။"

ယင်ယင်၏ မျက်လုံးများသည် မှိတ်တုတ်မှိတ်တုတ်ဖြစ်လာကာ စိတ်လှုပ်ရှားမှု အရိပ်အယောင်အချို့ ပေါ်လာသည်။ သို့သော် သူမလေးက ခေါင်းယမ်းပြီး "သူက အရမ်းသန်မာတယ်။ ယင်ယင်မှာ

လက်လည်းမရှိဘူး။ ယင်ယင်က သူ့ကို
အနိုင်ကျင့်လို့မရဘူးထင်တယ်။"

ယန်ယဲ့က လက်ညှိုးနှင့်လက်ခလယ်ကို
မြှောက်လိုက်ပြီး "ယင်ယင်၊ ဒါ
ငါ့မှာရှိသမျှအကုန်ပဲ။
မင်းငါ့ကိုမကူညီချင်သေးရင်
မင်းငါ့ကိုစားလို့ရတယ်။ မင်းလက်နဲ့သေတာက
သူဖမ်းပြီး ညှဉ်းပန်းနှိပ်စက်တာထက်
ပိုကောင်းတယ်။”

"သဘောတူတယ်!" ယင်ယင်
၏မျက်လုံးသေးသေးလေးထဲတွင်
ယုတ်မာမှုတစ်ခု တောက်ပလာသည်။

ယန်ယဲ့၏ မျက်နှာသည်လည်း
တုန်လှုပ်သွားသည်။ သူမသည်
အစားကြူးရုံသာမက ထောင်ချောက်လည်း
ဆင်တတ်သည်။

လူလတ်ပိုင်းအမျိုးသားက
ရုတ်တရက်ပြောလိုက်သည်

“အဆင့်လွန်စွမ်းအင်ကျောက်တုံး ၃၀၀၀၀...
သူ့ကို ဖမ်းခွင့်ပေးရင်
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၃၀,၀၀၀
ပေးမယ်။"

ယင်ယင်ကို စိုက်ကြည့်ရင်း ယန်ယဲ့၏
နှလုံးသား တင်းမာသွားသည်။ သူက
ချက်ချင်းပင် ပြုံးပြီးပြောလိုက်၏။ " ၃၀,၀၀၀
ပေးမယ်။ သူ့ကို ထွက်သွားအောင် လုပ်ပေး။"

ထိုအချိန်တွင် လူလတ်ပိုင်းအမျိုးသားက “ငါ
မင်းကို မတိုက်ခိုက်ချင်ပေမယ့် မင်းကို
ကြောက်တယ်လို့ မဆိုလိုဘူး” ဟု
ပြောလာသည်။

စကားပြောပြီးသည်နှင့် သူ၏လက်ညှိုးကို
ဆန့်ကာ ယင်ယင် ဆီသို့ ညွှန်လိုက်သည်။
တစ်ချိန်တည်းမှာပင်
အာကာသဟင်းလင်းပြင်သည်
အက်ကွဲသွားကာ အတွင်းပိုင်းကနေ

ရောမလက်ချောင်းကြီး ပေါ်လာပြီး
ယင်ယင်ဆီသို့ ဦးတည်သွားခဲ့သည်။

ယန်ယဲ့ နှင့် ဓားဝိညာဉ်သည် ယင်ယင်
ဘာလုပ်မည်ကို
တိတ်တဆိတ်စောင့်ကြည့်နေကြသည်။
ဤအချိန်မှာ ယင်ယင်က
သူ့၏ပါးစပ်သေးသေးလေးကို
ဖွင့်ဟလိုက်သည်။
ထို့နောက်တွင်တော့ အမည်မဲ့မြို့အထက် ၁
ကီလိုမီတာကျော် လေထုထဲတွင်

ရောမပါးစပ်ကြီး ပေါ်လာပြီး
လူလတ်ပိုင်းအမျိုးသား၏ လက်ချောင်းကို
မျိုချလိုက်လေသည်။
ရောမလက်ချောင်းကြီးကို မျိုချလိုက်သည်နှင့်
ယင်ယင်၏ ပါးစပ်သည်လည်း
ပျောက်ကွယ်သွားသည်။ထို့နောက် သူမသည်
ဗိုက်သေးသေးလေးကို ပွတ်သပ်ကာ
အသက်ပြင်းပြင်းရှူလိုက်သည်။

၉၃၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၃ - ကြောက်စရာကောင်းသော

တိုက်ပွဲ

ယန်ယဲ့နှင့် ဓားဝိညာဉ် တို့နှစ်ဦးစလုံး၏

အမူအရာများ သိသိသာသာ

ပြောင်းလဲသွားသည်။

ယခုအချိန်တွင် ယင်ယင်က မည်မျှ

ကြောက်စရာကောင်းလဲ ဆိုတာ

နောက်ဆုံးတော့ သိသွားကြပါပြီ။

လူလတ်ပိုင်းအမျိုးသား၏ တူညီသော
တိုက်ခိုက်မှုသည် သူနှင့် ဓားဝိညာဉ်တို့ကို
ချက်ချင်း သတ်လုနီးပါးပင်။

သို့သော် ယခုအချိန်မှာ ယင်ယင်က လွယ်ကူစွာ
ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့သည်။

ယခုပင် သူမသည် ယင်းကို လွယ်ကူစွာ
ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည် အတော်လေး
ကံကောင်းသည်ဟု ခံစားရသည်။ ယင်ယင် ကို
မတိုက်ခိုက်မိသောကြောင့်ပင်တည်း။

ထိုသို့မဟုတ်ပါက သူ သတိမထားမိခင်မှာဘဲ
ချက်ချင်း သေသွားနိုင်ပေသည်။

တစ်ချိန်တည်းမှာပင် သူမလေးက သူ့ကို
လုယက်ခြင်းမှာ
အရှက်ရစရာမဟုတ်သောကြောင့်
များစွာပိုကောင်းလာခဲ့သည်။

"ငါ... အရမ်းစိတ်ဆိုးနေပြီ!" ယင်ယင်က ရှေ့ကို
ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်သည်။ သို့သော်
ဤခြေလမ်း ၂ ဆင့်သည် တစ်မြို့လုံးကို

တုန်လှုပ်သွားစေခဲ့ပြီး
ငလျင်လှုပ်ခတ်သွားသလိုပင်။

ဤအခိုက်အတန့်တွင်
မြို့တွင်းရှိမရေမတွက်နိုင်သောလူများ
တုန်လှုပ်ခြောက်ခြားသွားကာ ပညာရှင်
အများအပြားက ဗုဒ္ဓမျှော်စင်ဆီသို့
စူးစူးရဲရဲစိုက်ကြည့်နေကြသည်။

ယင်ယင်က သူမ၏ ပါးစပ်သေးသေးလေးကို
အနည်းငယ်ဖွင့်လိုက်သည်။
တစ်ချိန်တည်းမှာပင် ကောင်းကင်ကြီးကို

ဝါးမြိုပစ်နိုင်လောက်အောင်
ရောမပါးစပ်ကြီးသည် အမည်မဲ့မြို့
အထက်ကောင်းကင် လေထုထဲ၌
ထွက်ပေါ်လာသည်။ ကောင်းကင်သည်
အဆက်မပြတ် တုန်ခါလာပြီး ချက်ချင်းပင်
မှောင်ကျသွားကာ ရောမပါးစပ်ကြီးကို
ကြောက်နေပုံရ၏။

ယင်ယင် သည် သူမ၏ ညာခြေကို
ရှေ့နင်းချကာ နောက်ထပ် ပေါ့ပါးသော
ခြေတစ်လှမ်းကို လှမ်းလိုက်သည်။

ဘုန်း!

မရေမတွက်နိုင်သော လက်မခန့် ထူထပ်သည့်
အက်ကွဲကြောင်းများက ပတ်ဝန်းကျင်ဆီသို့
လျင်မြန်စွာ ပျံ့နှံ့သွားချိန်တွင် မြေတစ်ခုလုံး
ကွဲအက်သွားပါတော့သည်။ ယန်ယဲ့နှင့်
ဓားဝိညာဉ် တို့သည်လည်း ဤမြင်ကွင်းကို
အံ့သြစွာကြည့်နေကာ ၎င်းသည်
မြင်ကွင်းအဆုံးတိုင် ရပ်တန့်သွားခြင်းမရှိပေ။

ဤအခိုက်အတန့်မှာ လေထဲရှိ
ရောမပါးစပ်ကြီးသည် လူလတ်ပိုင်းအမျိုးသား

ဆီသို့ ဦးတည်သွားသည် ။ သို့သော်
ရောမပါးစပ်ကြီးသည် လူလတ်ပိုင်းအမျိုးသား
တင်မကဘဲ အမည်မဲ့မြို့တစ်မြို့လုံးကို
ဝါးမြိုရန် ရည်ရွယ်ထားပုံရသည်။

လူလတ်ပိုင်းအမျိုးသားသည် သူ့ဖက်သို့
ဆင်းလာသည့် ရောမပါးစပ်ကြီးကို ကြည့်ရင်း
မျက်လုံးထဲတွင် လေးနက်သော အမှုအရာ
ပေါ်လာပြီး သူ့လက်ကို မြှောက်လိုက်သည်။
ရုတ်တရက် သူ့လက်ဖဝါးနှစ်ဖက်ကို
အပေါ်တည့်တည့်မြှောက်ပြီး ပွတ်ဆွဲလိုက်၏။

လေထဲမှာ စွမ်းအင်ကနေ ဖန်တီးထားသည့်
ရောမလက်ဖဝါးကြီး နှစ်ဖက် ထွက်လာပြီး
ရှေ့ကို တရကြမ်း ရိုက်ချသွားသည်။

ထို့နောက်တွင် လက်ဝါးကြီး နှစ်ဖက်က
ပေါင်းစပ်၍ စက်ဝိုင်းသဏ္ဌာန် ဖြစ်ကာ
ရောမပါးစပ်ကြီး ထံ ဦးတည်သွားလေသည်။

ဂျိန်း !
ရောမပါးစပ်ကြီး နှင့်
စွမ်းအင်လက်ဖဝါးကြီးနှစ်ဖက်ဟာ ပြင်းထန်စွာ
ဆုံတွေ့သွားပြီး ကမ္ဘာတုန်စေသော

ပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ
မြို့တစ်မြို့လုံးပင် ဆက်တိုက် တုန်ခါသွားသည်။

တိုက်ခိုက်မှုနှစ်ခုလုံးသည် ချက်ချင်းပင်
ကွဲအက်သွားကာ မရေမတွက်နိုင်သော
စွမ်းအင်လှိုင်းလုံးများသည်
မျက်စိဖြင့်မမြင်နိုင်သော အရှိန်ဖြင့်
ပတ်ဝန်းကျင်ဆီသို့ ရိုက်ခတ်သွားကြသည်။
သူတို့ဖြတ်သွားတိုင်း အာကာသဟင်းလင်းပြင်
သည် ချက်ချင်းဆိုသလို ကွဲထွက်သွားပြီး
ကောင်းကင်အထက်မှာ

ရောမအက်ကြောင်းကြီးများ
ပေါ်လာပါတော့သည်။

"ငရဲလက်ချောင်း!" ရုတ်တရက် လူလတ်ပိုင်း၏
အသံသည် နောက်တစ်ကြိမ်ထပ်ထွက်လာပြီး
ယင်ယင်ရှေ့မှာ ရောမချောင်းကြီး ၁၀ ချောင်း
ပေါ်လာသည်။

လက်ချောင်းများက ယင်ယင်ကို မထိပေ။
ဂင်းတို့သည် အနည်းငယ် တုန်ခါလာကာ
တစ်ခုတည်းအဖြစ် ပေါင်းစပ်သွားပြီး မီတာ
၃၀၀ ကျော်နှင့် အရှည် ၁၀ မီတာခန့်
ရောမရွှေလက်ချောင်းကြီး ဖြစ်လာခဲ့လေသည်။

လူလတ်ပိုင်းက ယင်ယင်ကို
အသာညွှန်ပြလိုက်ရာ
ရောမရွှေလက်ချောင်းကြီးသည်
ရွှေရောင်အလင်းတန်းအဖြစ် ပြောင်းလဲ၍
ယင်ယင် ထံသို့ ကျဆင်းလာပါတော့သည်။

"ကောင်းကင်ဘုံ ဝိုကြွေးခြင်း!" ယင်ယင်၏
ကြည်လင်ငြိမ့်ညောင်းသည့်အသံသည်
ပဲ့တင်ထပ်လာပြီး သူမရှေ့က
အာကာသဟင်းလင်းပြင်သည် ချက်ချင်းပင်
တုန်ခါသွားခဲ့လေသည်။

ထိုနောက်တွင် အာကာသဟင်းလင်းပြင်သည်
ထက်မြိသော နတ်ဘုရားလက်နက်ဖြင့်
ပိုင်းဖြတ်လိုက်သလိုပင် အပိုင်းပိုင်း
ကွဲအက်သွားတော့သည်။

ဆူး! ဆူး! ဆူး! ဆူး!

ယင်ယင်၏ ရှေ့မှ
အာကာသဟင်းလင်းပြင်သည်
အစိတ်စိတ်အမှာမှာ ကွဲထွက်သွားကာ
ရောမရွှေလက်ချောင်းကြီးက ဆက်၍
ထိုးဖောက်မလာနိုင်ဘဲ ပေါက်ကွဲသွားသည်။

လူလတ်ပိုင်းသည် နောက်ထပ်တိုက်ခိုက်မှုကို
မလုပ်ဆောင်ဘဲ ယင်ယင်ကိုသာ
စိုက်ကြည့်နေသည်။ ထိုအချိန်တွင်
ယင်ယင်သည် ပါးစပ်ကို မဖွင့်ဘဲ
လူလတ်ပိုင်းကိုသာ စူးစိုက်ကြည့်နေသည်။
ဤအခိုက်တွင် သူမ၏ မျက်နှာပေါ်မှာ
ချစ်စဖွယ် အမူအရာနှင့် အပြုံးတို့
ပျောက်ကွယ်သွားခဲ့သည်။ထိုအစား
အေးခဲအေးစက်သော အမူအရာနှင့်
အကန့်အသတ်မရှိ သတ်ဖြတ်ရန်
ရည်ရွယ်ချက်သာ ရှိတော့သည်။

"ဒီနေ့ ငါနဲ့လိုက်ခဲ့ရမယ်!" လူလတ်ပိုင်းက
ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။
ဤအချိန်မှာပဲ ယန်ယဲ့ နှင့် လူတိုင်း၏
ပတ်ပတ်လည် ကီလိုမီတာ ရာချီသော
ဧရိယာသည် ပြင်းထန်စွာ
လှုပ်ခါလာခဲ့လေသည်။
တစ်ချိန်တည်းမှာပင် ကီလိုမီတာ ၅၀၀
အတွင်းရှိ ဝိညာဉ်စွမ်းအင်များ အားလုံး
လုံးဝစုပ်ယူခံလိုက်ရသည်။

“အစ်ကိုကြီး၊ အဲဒီကျောက်တုံးတွေက
မလုံလောက်ဘူး။ နင်ငါ့ကို ပိုပေးနိုင်မလား"
ယင်ယင်သည် ရုတ်တရက်
လှည့်ကြည့်လိုက်ပြီး ယန်ယဲ့ကို
ပြုံးပြလိုက်သည်။

"မင်းလိုချင်သလောက်!" ယန်ယဲ့က
လေးနက်စွာပြောခဲ့သည် "ဒါပေမဲ့ အခု မင်းကို
ငါ အကြွေးတင်ရမယ်။ ဘာလို့လဲဆိုတော့ ငါ့မှာ
အများကြီးမရှိဘူး!”

“ကောင်းပြီ!” ယင်ယင်က ယန်ယဲ့ကို
ထပ်ပြီးပြုံးပြလိုက်ကာ လူလတ်ပိုင်းကို
လှည့်ကြည့်လိုက်ရင်း “ငါ! နင့်ကို စားမယ်!"

ထိုစကားပြောပြီးသည်နှင့် တပြုံးနက်
ယင်ယင်၏ မျက်နှာသည်
ရက်စက်ကြမ်းကြုတ်သွားကာ ပါးစပ်ကိုဖွင့်ကာ
“ကောင်းကင်ဘုံဝါးမြိုသူ!”

ဗျုန်း!

ထိုခဏအတွင်း ကောင်းကင်တစ်ခုလုံး
မှိန်ဖျော့သွားခဲ့လေသည်။
ယန်ယဲ့ အပါအဝင် လူတိုင်းလည်း
အံ့သြသွားကြသည်။ အားလုံး ခေါင်းကိုမော့၍
ကောင်းကင်ကို မော့ကြည့်လိုက်ရာ
ကောင်းကင်အား ဖုံးလွှမ်းနေသည့်
ရောမပါးစပ်ကြီး မြို့အထက်လေထုထဲတွင်
ပေါ်လာသည်ကို သတိပြုမိလိုက်ကြသည်။

ရောမပါးစပ်ကြီး သည် အလွန်တရာကြီးမားပြီး
ယန်ယဲ့ နှင့် ဓားဝိညာဉ်သည်ပင်
ၛင်းဏေအစွန်းဖက်ကို မမြင်နိုင်ပေ။

ဂါး!

ရောမပါးစပ်ကြီးသည် ဒေါသတကြီး
အော်ဟစ်သံ နှင့်အတူ မရေမတွက်နိုင်သော
အဆောက်အအုံများ အမှုန့်အဖြစ်
ပြောင်းလဲသွားကာ ၎င်းအောက်ရှိ တစ်မြို့လုံး
တုန်လှုပ်သွားတော့သည်။

မြို့တွင်းရှိ ကျင့်ကြံသူများသည်လည်း
ထိတ်လန့်သွားပြီး မရေမတွက်နိုင်သောလူများ
မြို့ပြင်သို့ ရှုးသွပ်စွာ ထွက်ပြေးကြသည်။

ယန်ယဲ့ နှင့် ဓားဝိညာဉ်
တို့သည်လည်းဤမြင်ကွင်းကို ထိတ်လန့်စွာ
ကြည့်နေခဲ့လေသည်။

ဤအချိန်တွင် ယန်ယဲ့သည် အတော်လေး
အံ့ဩသွားမိသည်။ ယင်ယင်၏ ခွန်အားသည်
ဤမျှထိ ကြောက်စရာကောင်းနေမယ်လို့ သူ
မထင်ထားခဲ့ပေ။

ရုတ်တရက် သူ့စိတ်ထဲ တစ်ချိန်က ယင်ယင်
ပြောခဲ့သည့် စကားတစ်ခွန်းကို
သတိရသွားသည်။

"ယင်ယင်က ဘယ်လောက်သန်မာလဲ"ဟု
သူမေးသည့်အခါ သူမလေးက
တစ်မြို့လုံးစားနိုင်သည်ဟု ပြန်ဖြေခဲ့သည်။
ထိုအချိန်က သူ့စိတ်ထဲမှာ ယင်ယင်က
နောက်ပြောင်နေသည်ဟုသာ ထင်ခဲ့၏။

ဤအချိန်မှာတော့ ယင်ယင်က
နောက်ပြောင်နေသည် မဟုတ်ကြောင်း
သက်သေပြနေပါပြီ။ သူမက အမှန်ပင်
မြို့တစ်မြို့လုံးကို စားနိုင်၏။

ရောမပါးစပ်ကြီးကို မြင်လိုက်ရသောအခါ
လူလတ်ပိုင်း၏ မျက်လုံးများထဲတွင်
လေးနက်သောအမှုအရာတစ်ခု
တောက်ပလာသည်။ သူ့လက်များကို
ဆန့်ကျင်ဖက်ဆီသို့ ဖြည်းညှင်းစွာ
ဆန့်ထုတ်လိုက်သည်။
ရုတ်တရက်ဆိုသလိုပင် သူ့လက်ဝါးကနေ
အလွန်အားကောင်းသော
စွမ်းအင်အတက်အကျ ထွက်ပေါ်လာသည်။

စွမ်းအင်အတက်အကျ ပေါ်လာသည်နှင့်အမျှ
ပတ်ဝန်းကျင်ရှိ အာကာသဟင်းလင်းပြင်သည်

တဟုန်ထိုး တွန့်တက်လာတော့သည်။
ရောမမှုန်တိုင်းကြီးတိုက်ခတ်နေတဲ့
သမုဒ္ဒရာကြီးလိုပါပဲ၊
အလွန်ကြောက်စရာကောင်း၏။

"ရပ်လိုက်!" ဤအခိုက်အတန့်တွင်
အိုမင်းနေသော အသံတစ်သံ ထွက်လာပြီး
တိုက်ခိုက်မှုနှစ်ခုလုံးလည်း ရုတ်ချည်းပင်
ရပ်တန့်သွားကြသည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၄ - မျက်မမြင်အဘိုးအို

"တိုက်ပွဲက ဆက်မဖြစ်တော့ဘူး!"
ဓားဝိညာဉ်က လေးနက်စွာ ပြောလိုက်သည်။

ယန်ယဲ့လည်း ခေါင်းညိတ်လိုက်သည်။ ယင်ယင်
ပင်ဖြစ်စေ လူလတ်ပိုင်း ပင်ဖြစ်စေ သူတို့၏

တိုက်ခိုက်မှုတစ်ခုဟာ မြို့တစ်မြို့လုံးအား
ဖျက်ဆီးပစ်နိုင်သည်။
သို့သော် မြို့ထဲတွင် အခြား
အစွမ်းထက်ပညာရှင်များစွာ ရှိနေသေး၏။

မျှော်လင့်ထားသည့်အတိုင်း ယင်ယင်နှင့်
လူလတ်ပိုင်းအမျိုးသားတို့ကြားတွင်
မျက်မမြင်အဘိုးအိုတစ်ဦး ပေါ်လာပြီး
တိုက်ခိုက်မှုနှစ်ခုလုံး ရုတ်ချည်း
ပျောက်ကွယ်သွားကြတော့သည်။

“သမီးလေး ဒီလောက်ဆို လုံလောက်ပြီလေ။ မဟုတ်ရင် အမည်မဲ့မြို့ ပျက်သွားလိမ့်မယ်။” မျက်မမြင် အဘိုးအို က ပြောသည်။

"သူ ငါ့ကို အနိုင်ကျင့်တယ်!" ယင်ယင်က လူလတ်ပိုင်းအမျိုးသားကို လက်ညိုးထိုးကာ ပြန်ပြောသည် ။

မျက်မမြင် အဘိုးအို က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး လူလတ်ပိုင်းအမျိုးသားကို စိုက်ကြည့်ကာ

“မြင့်မြတ်သောအကြီးအကဲ၊ အကြီးအကဲ တို့ရဲ့ မြင့်မြတ်အရှင် နဲ့ အမည်မဲ့မြို့ကြားမှာ သဘောတူညီချက်က အသက်ဝင်သေးလားလို့ မေးပါရစေ။ မဟုတ်ရင် ဒီနေ့ တစ်ခုခုကို ချန်ထားခဲ့လိုက်ပါ။ ဖြစ်ရင်ထားခဲ့ပါ။ မင်းနဲ့ ယင်ယင်ကြားက အဖြစ်အပျက်ကို ငါဘာမှမပြောတော့ဘူး။"

"သူတို့ကို ငါ့ရဲ့မြင့်မြတ်ခန်းမတွေက အလိုရှိနေတယ်!" လူလတ်ပိုင်းအမျိုးသားက ယန်ယဲ့ နှင့် ဓားဝိညာဉ်ကို တစ်ချက်ကြည့်လိုက်သည်။

"မင်း သူတို့ကို အမည်မဲ့မြို့ထဲ
ဝင်ခွင့်မပေးခဲ့သင့်ဘူးလေ။"
မျက်မမြင်အဘိုးအို က ပြောသည်။

"သူတို့က မင်းအတွက် အသုံးမဝင်ဘူး!"
လူလတ်ပိုင်းအမျိုးသားက အဘိုးအို့ကို
စူးစိုက်ကြည့်နေသည်။

အဘိုးအို့က ခေါင်းခါပြပြီး "သူမက သူတို့ကို
အကာအကွယ်ပေးချင်တာဆို့တော့ သူတို့က

ငါတို့မြို့ရဲ့အဖွဲ့ဝင်တွေလို့သတ်မှတ်နိုင်တယ်။
မြင့်မြတ်သောအကြီးအကဲ၊ မင်းက သူတို့ကို
အတင်းအကြပ် ဖမ်းစားဖို့
ရည်ရွယ်ထားတယ်ဆိုရင် ပွင့်ပွင့်လင်းလင်း
ပြောပါရစေ။ မင်းရဲ့ခွန်အားတစ်ခုတည်းနဲ့
မလုံလောက်ဘူး။"

လူလတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြီး
"နားလည်ပါတယ်။ စိတ်မပူပါနဲ့။ ငါပြန်လာရင်
ငါ့ကိုယုံပါ၊
မင်းငါ့ကိုမတားနိုင်မှာသေချာတယ်!"
ထိုစကားပြောသည့်နောက်ပြန်လှည့်ကာ

အာကာသဟင်းလင်းပြင် ထဲသို့
ခြေတစ်လှမ်းတိုးပြီး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

လူလတ်ပိုင်းအမျိုးသား ထွက်ခွာသွားသည်နှင့်
တစ်ပြိုင်နက် အမည်မဲ့မြို့တစ်မြို့လုံး
ငြိမ်သက်သွား၏။ ယင်ယင်သည်လည်း
ကောင်းကင်ကို ဖုံးလွှမ်းနေသော
ရောမပါးစပ်ကြီးကို ပြန်သိမ်းလိုက်သည်။

အဘိုးအိုသည် ရုတ်တရက် ယန်ယဲ့ကို
စိုက်ကြည့်ကာ “တစ်ည။ မနက်ဖြန်
မင်းတို့နှစ်ယောက်လုံး အမည်မဲ့မြို့က
ထွက်သွားရမယ်။ မင်း ငြင်းရင် ငါ မင်းကို
လိုက်ပို့ပေးမယ်"

“မျက်မမြင် အဘိုး….” ယင်ယင်က
တစ်ခုခုပြောချင်ပေမယ့် အဘိုးအိုက
ခေါင်းခါပြပြီး "သမီးလေး၊ မင်းကြောင့်
မြင့်မြတ်အရှင်နဲ့ ငါ ပြဿနာမတက်ချင်ဘူး။
ငါတို့မြို့က မြို့ပြင်ကိစ္စတွေကို
ဝင်မစွက်ဖက်ခဲ့ဖူးဘူး။ ဒီတစ်ခါတော့

စည်းမျဉ်းဖောက်ဖျက်တယ်လို့
ယူဆလို့ရတယ်။” အဘိုးအို၏ ပုံရိပ်သည်
တဖျပ်ဖျပ်နှင့် ပျောက်ကွယ်သွားသည်။

ယင်ယင်က လှည့်ကာ ယန်ယဲ့ကို
စူးစိုက်ကြည့်ပြီး "တောင်းပန်ပါတယ်။
နှစ်ယောက်လုံး တကယ်ထွက်သွားရမှာ။
ဘာကြောင့်လဲဆိုတော့ ငါတို့မှာ
မြင့်မြတ်နယ်မြေ နဲ့ သဘောတူညီချက်
လုပ်ထားတယ်။ မြို့ပြင်မှာဖြစ်တဲ့ ဘာကိုမှ
ဝင်ပြီးစွက်ဖက်လို့မရဘူး။ သူတို့လည်း
အမည်မဲ့မြို့ကို အမိန့်ပေးလို့မရဘူး။

ဒါပေမဲ့ အခု နင်တို့နှစ်ယောက်ကလည်း
အမည်မဲ့မြို့က မဟုတ်ဘူးလေ။ ပြီးတော့
လူဆိုးတွေအများကြီး ရောက်လာနေတယ်။
ဒါကြောင့် မျက်မမြင်အဘိုးနဲ့ တခြားသူတွေက
မြို့ပြင်ကလူတွေနဲ့ လုံးဝ ပဋ္ဌိပက္ခဖြစ်မှာ
မဟုတ်ဘူး။”

ယန်ယဲ့က ခေါင်းညိတ်ပြီး
“နားလည်ပါတယ်။ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးက
ယင်ယင်ကို ကျေးဇူးတင်ပါတယ်!"
ထိုစကားပြောရင်း ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ "ယင်ယင်! မင်း

ငါတို့ကို တိတ်ဆိတ်တဲ့နေရာကို
ခေါ်သွားပေးနိုင်မလား?"
ငါမင်းကိုတစ်ခုလောက်မေးချင်တယ်!"

ယင်ယင်က မျက်တောင်
ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ခေါင်းညိတ်ပြသည်။

ဗုဒ္ဓမျှော်စင်....။
ယန်ယဲ့ နှင့် ဓားဝိညာဉ်သည်
ယင်ယင်၏အခန်းထဲသို့ ရောက်လာကြပြီး

ဓားဝိညာဉ်သည် ရုတ်တရက် မြေပြင်ပေါ်သို့
လဲကျသွားသည်။

ဤရုတ်တရက် အခြေအနေကြောင့်
ယန်ယဲ့လည်းအံ့အားသင့်သွားပြီး သူမကို
အလျင်အမြန်ပွေ့ထားလိုက်ကာ
"ဘာဖြစ်နေတာလဲ?"

"သူ့ခွန်အားတွေ ကုန်သွားပြီ!" ယင်ယင်က
ခပ်တိုးတိုးပြောလိုက်သည်။

ယန်ယဲ့က ရုတ်တရက်နားလည်လာသည်။
ဓားဝိညာဉ်သည် ဒြပ်စင် ၅ မျိုးဓားနည်းစနစ်ကို
အကြိမ်ကြိမ် အသုံးပြုခဲ့သည်ကို
မေ့လုနီးပါးပင်။
သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး ပင်လျှင်
ဤကဲ့သို့ အားအင်ကုန်ခန်းမှုကို မခံနိုင်ပေ။

"ငါ ခဏလောက် အနားယူရမယ်!"
ဓားဝိညာဉ်သည် နတ်ဓားအဖြစ် ပြန်ပြောင်းကာ
ယန်ယဲ့၏ခါးတွင်ချိတ်ထားသော
ရှေးဟောင်းဓားအိမ်ထဲ ဝင်ရောက်သွားသည်။

"အစ်ကိုကြီး၊ နင်ဘာမေးချင်တာလဲ" ယင်ယင်သည် ခြေထောက်များကို ဖြည်းညှင်းစွာ ခါရင်း ကုတင်ပေါ်တွင် ထိုင်လိုက်သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ရာ သူမ၏အခန်းသည်
အလွန်ရိုးရှင်းသည်ကို သတိပြုမိသည်။
အထဲမှာဘာမှမရှိပါ။ ကုတင်တစ်လုံးတည်းသာ
ရှိပြီး ကုတင်ပေါ်တွင် ထိုင်နေသည့်

စုတ်ပြဲနေသော အရုပ်လေးတစ်ရုပ်မှတပါး
အခြားဘာမှ မရှိပေ။

ဤအခိုက်တွင် ယန်ယဲ့ဟာ ငရဲကေရီ
ပြောခဲ့သည့် ကောင်းကင်ပြင်ပမှ လာသည့်
လူတိုင်း ထံမှ နာကျင်ကြေကွဲစရာ
အတိတ်များကို တွေးမိခဲ့သည်။
ယင်ယင် ကြုံတွေ့ခဲ့သည့် အခြေအနေကို သူ
မသိသော်လည်း
ကောင်းသောအရာမဟုတ်မှန်းတော့
သေချာပေသည်။

ယန်ယဲ့က သူ့မလေး၏ ဘေးနားကို
လျှောက်လာပြီး သူ့ဘေးမှာ
ဝင်ထိုင်လိုက်သည်။ သူက
လက်ဗလာအင်္ကျီများကို စိုက်ကြည့်ရင်း
"ယင်ယင်၊ မင်းရဲ့လက်ရှိခွန်အားနဲ့ဆို
လက်နှစ်ဖက်လုံးကို သေချာပေါက်
ပြန်ကောင်းအောင်လုပ်သင့်တယ်။
မင်းလက်တွေဘာလို့ပြန်မရသေးတာလဲ။"

ထိုစကားကို ကြားလိုက်ချိန်မှာ ယင်ယင်၏
ချစ်စဖွယ်မျက်နှာလေးသည် ချက်ချင်းပင်

မည်းမှောင်သွားပြီး ခေါင်းခါကာ “မဖြစ်နိုင်ဘူး။ ယင်ယင်ရဲ့ လက်တွေကို ဖြတ်လိုက်တုန်းက ဒီလောကရဲ့ဥပဒေသတွေထက် ပိုပြီးပြင်းထန်တဲ့စွမ်းအင်တွေနဲ့လေ။ ဒီတော့ ယင်ယင်က လက်အသစ်တွေ ပြန်ပေါက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒီလောကရဲ့ဥပဒေသတွေကို ကျော်လွန်တဲ့ကုသနည်း မရှိရင် အဲဒီနေရာကို ပြန်သွားမှပဲ လက်တွေ ပြန်ပေါက်တော့မယ်။ ဒါပေမဲ့ ယင်ယင်က မပြန်ချင်ဘူး!"

"ဘာကြောင့်လဲ?" ယန်ယဲ့က အတော်လေး သိချင်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် နယ်ခြားမိစ္ဆာများ အပါအဝင် လူတိုင်း၏ နောက်ဆုံးပန်းတိုင်မှာ ကောင်းကင်ဘုံသို့ ပြန်သွားရန်ဖြစ်သည်။အကြောင်းမှာ ၎င်းတို့သည် မူလခရမ်းရောင်စွမ်းအင် ကို ရယူရန်ပင်တည်း။ မူလခရမ်းရောင်စွမ်းအင်ကို ရသည်နှင့် အစစ်အမှန် သိုင်းသူတော်စင်များ ဖြစ်လာပေမည်။

ယင်ယင်က ခေါင်းငုံ့ပြီး ခဏလောက် လေးလေးနက်နက် စဉ်းစားရင်း "အဲဒီမှာ

လူဆိုးတွေ အများကြီးပဲ။ ယင်ယင်ရဲ့အမေကို
သူတို့က သတ်လိုက်ကြတယ်။ ပြီးတော့
ယင်ယင် ရဲ့လက်တွေကို အပိုင်းပိုင်းခုတ်ပြီး
ဒီကမ္ဘာကို ပစ်ချခဲ့တယ်။

သူတို့က ယင်ယင်ကို မကောင်းဆိုးဝါး လို့လည်း
ခေါ်သေးတယ်။ ဒါ့အပြင် ယင်ယင်ရဲ့
အမေကိုကျတော့
အရှက်မရှိတဲ့ကောင်မလို့ခေါ်တယ်။

ဘာကြောင့် အမေ့ကို ဒီလိုလုပ်တာလဲ။
ယင်ယင်ကို ဘာကြောင့် ဒီလိုလုပ်တာလဲ။
ဘာကြောင့်လဲ? ဘာကြောင့်…?"

စကားပြောနေရင်းဖြင့် သူမလေး၏အသံသည်
အကန့်အသတ်မဲ့ နာကြည်းမှုများ
ပြည့်နှက်လာပါသည်။
သူမ၏ခန္ဓာကိုယ်သေးသေးလေးကနေ
ကြောက်မက်ဖွယ်အရှိန်အဝါများ
ပေါက်ပွဲထွက်လာပြီး ပတ်ပတ်လည်
အာကာသဟင်းလင်းပြင်သည် ပင့်ကူမျှင်ကဲ့သို့
ကွဲအက်သွားတော့သည်။

ယန်ယဲ့သည် သူမလေးကို သနားသွားပြီး
"ယင်ယင်၊ စိတ်လျှော့ပါ။ စိတ်လျှော့ထား။
စိတ်ကို လုံးလုံးလွတ်မထားနဲ့။"

အချိန်အနည်းငယ် ကြာပြီးနောက် ယင်ယင်က
ခေါင်းလေးကို အောက်ငုံ့ကာ
ငြိမ်သက်နေလိုက်သည်။

ယန်ယဲ့သည် သက်ပြင်းကို
တိုးတိုးလေးချလိုက်ပြီး သူမအနား
ကပ်ထိုင်လိုက်ကာ "ယင်ယင်၊ အစ်ကိုကြီးက

မင်းရဲ့လက်မောင်းတွေကို ပြန်ပေးနိုင်တယ်။
ဒါပေမဲ့ မင်းက ဒီအကြောင်းကို ဘယ်သူ့ကိုမှ
မပြောနိုင်ဘူးလို့ ငါ့ကို ကတိပေးရမယ်။
အဆင်ပြေလား?"

ယင်ယင်က ယန်ယဲ့ကို ပြန်ကြည့်နေရင်း
ရုတ်တရက် ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူရင်း လက်ကို
ဆန့်ကာ သူမ၏ ပုခုံးပေါ် ဖိကပ်လိုက်သည်။
သူ့ခန္ဓာကိုယ်ထဲရှိ

မူလခရမ်းရောင်စွမ်းအင်များက ယင်ယင်၏ ခန္ဓာကိုယ်လေးထဲသို့ ဖြည်းညှင်းစွာ စီးဝင်လာပါတော့သည်။

မူလခရမ်းရောင်စွမ်းအင်က မည်သို့သော စွမ်းအင်မျိုးလဲ။ ဤလောက၏ နိယာမများကို သေချာပေါက် ကျော်လွန်နေမည်မှာ သေချာသည်။ သူတော်စင်တစ်ပိုင်းအဆင့် ပင်လျှင် သိုင်းသူတော်စင် ဖြစ်လာနိုင်၏။ ထို့ကြောင့် သူ့အနေဖြင့် ယင်ယင်၏ လက်နှစ်ဖက်လုံး ပြန်ပေါက်လာအောင် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်နေပါသည်။

မှန်ပါသည်။ သူက စွန့်စားလိုက်ခြင်းပါ။
ယင်ယင်က မကောင်းသော ရည်ရွယ်ချက်ကို
နှိုးဆော်လိုက်လျှင် သို့မဟုတ်
သစ္စာဖောက်မည်ဆိုပါက အမှန်တကယ်
ပြီးသွားပေလိမ့်မည်။

သူ အတွေးများလွန်းနေမှန်း သိသော်လည်း
ယခုအချိန်တွင်တော့ သူမလေး၏
သနားစရာအသွင်အပြင်ကို မြင်ပြီး
တုံ့ဆိုင်းမနေနိုင်တော့ပေ။ ထို့အပြင်
အစောပိုင်းက ယင်ယင် ကူညီခဲ့သောကြောင့်

လူလတ်ပိုင်း၏ လက်ကနေ
လွတ်မြောက်ခဲ့သည်မဟုတ်လော။

နောက်ဆုံးတွင် လူလတ်ပိုင်းအမျိုးသားက
သူမကို အဆင့်လွန်စွမ်းအင်ကျောက်တုံး
၃၀,၀၀၀ နှင့် ကမ်းလှမ်းခဲ့ပြီး ယင်ယင်
သဘောတူရန်သာလိုသည်။
သို့သော်လည်း သူမက သူ့တွက်နှင့်
လူလတ်ပိုင်းအမျိုးသား၏ ကမ်းလှမ်းချက်ကို
ငြင်းပယ်ခဲ့သည်။

ထိုအချက်က ယန်ယဲ့၏ စိတ်ထဲ ယင်ယင်ကို
ကူညီဖို့ဆုံးဖြတ်လိုက်သည့်
အကြောင်းအရင်းပင်ဖြစ်လေသည်။

၉၃၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၅ - အဲဒါ မူလခရမ်းရောင်စွမ်းအင်
မဟုတ်လား

ခရမ်းရောင်စွမ်းအင်များက သူမခန္ဓာကိုယ်ထဲသို့
ဝင်ရောက်လာချိန်တွင် ယင်ယင်၏
မျက်လုံးသေးသေးလေးနှစ်လုံးဟာ
ချက်ချင်းပင် ပြူးကျယ်သွားသည်။
သူမ၏မျက်လုံးလေးများတွင် ထိတ်လန့်ခြင်း၊
စိတ်လှုပ်ရှားခြင်း၊ ပျော်ရွှင်ခြင်းစသည်ဖြင့်
စသည်ဖြင့် ပြည့်နှက်နေပါသည်။

သို့သော်လည်း သူမ၏ ပုခုံးနှစ်ဖက်ကနေ
ပြင်းထန်သော စွမ်းအားတစ်ခု ရုတ်တရက်
ထွက်ပေါ်လာပြီး ယန်ယဲ့ ၏လက်များဆီသို့
ပစ်လွှတ်လိုက်လေသည်။

ယန်ယဲ့၏ အမူအရာသည် သိသိသာသာ
ပြောင်းလဲသွားလေသည်။
ရှောင်တိမ်းရန်ပြင်လိုက်ချိန်မှာပဲ
ထူးဆန်းသောစွမ်းအားက သူ့ကို ချက်ချင်း
လွင့်ပျံထွက်သွားစေခဲ့၏။

ယင်ယင်၏ မျက်လုံးများသည်လည်း
ကျဉ်းမြောင်းသွားကာ အထိတ်တလန့်ဖြင့်
ယန်ယဲ့ နောက် ပြေးလိုက်လာပါသည်။ သူမက
"အစ်ကိုကြီး…အဲဒါ ငါမဟုတ်ဘူး။
ငါမဟုတ်ဘူး…." သူမ ရှင်းပြချင်ပေမယ့်

ဘယ်လို လုပ်ရမှန်း မသိတော့ပါ။
အဆုံးမှာတော့ သူမ စိတ်တွေအရမ်းပူလာပြီး
ငိုပါတော့သည်။

ယန်ယဲ့သည် ပါးစပ်ထဲမှ သွေး ၂ လုတ်ကို
အန်ထုတ်ကာ မတ်တပ်ထရပ်လိုက်ရင်း
လက်ကိုဆန့်ကာ သူမလေး၏ မျက်နှာပေါ်မှ
မျက်ရည်များကို သုတ်လိုက်ပြီး “မင်ငို့။
မင်းမဟုတ်မှန်း ငါသိတယ်။"
သူစကားပြောနေစဉ်တွင် ယင်ယင်၏
ပုခုံးနှစ်ဖက်ကို စိုက်ကြည့်ကာ
"မင်းရဲ့လက်မောင်းကို ဖြတ်ခဲ့တဲ့သူရဲ့

လက်ကျန်စွမ်းအင်ပဲ!" ဤအချက်ကို ပြောလိုက်ချိန်တွင် ယန်ယဲ့၏ မျက်လုံးထဲ၌ အလွန်လေးနက်သော အမှုအရာတစ်ခု ပေါ်လာခဲ့လေသည်။

နောက်ဆုံးတွင် သူသည် လက်ကျန်စွမ်းအင်ကြီးမျှင်ကိုပင် တွန်းလှန်နိုင်စွမ်းမရှိခဲ့ပေ။

"ကောင်းကင်ပြင်ပက လူတွေ ဘယ်လောက် အားကောင်းသလဲ။ မူလစေတီထဲမှာ တွေ့ဖူးတဲ့ အဘိုးအိုနဲ့ နှိုင်းယှဉ်ရင်ကော ဘယ်လိုလဲ...."

ခဏအကြာတွင် ခေါင်းယမ်းလိုက်ပြီး
ခေါင်းငုံ့ကာ ယင်ယင်ကို
စိုက်ကြည့်လိုက်ပါသည်။ တစ်ချိန်တည်းမှာပင်
ယင်ယင်က ချစ်စဖွယ် ပြုံးပြပြီး "ငါ့ကို
ယုံကြည်ပေးလို့ ကျေးဇူးတင်ပါတယ်
အစ်ကိုကြီး!"

ယန်ယဲ့သည် အစောပိုင်းက
အဖြစ်အပျက်ကြောင့် အတော်လေး
တုန်လှုပ်မိတာတော့ အမှန်ပင်။

သူ့လက်ကို ယင်ယင်၏ ပုခုံးပေါ်တင်ပြီး
“ဒီတစ်ခါတော့ အဆင်ပြေသင့်တယ်။
မင်းရဲ့ခန္ဓာကိုယ်ထဲကို အဲဒီစွမ်းအင်တွေ
ငါလွှဲပေးပြီးတာနဲ့ မင်းရဲ့လက်တွေကို
ပြန်ပေါက်လာမှာ သေချာပါတယ်၊
ဟုတ်ပြီလား။"

ယင်ယင်က ခေါင်းညိတ်သည်။ ဤအချိန်မှာပဲ
ယန်ယဲ့က သူ၏ ဆန်းကြယ်ချီစွမ်းအင်ကို
ယင်ယင် ထံ ထပ်မံပို့လွှတ်ပေးခဲ့သည်။

ယန်ယဲ့၏ ဆန်းကြယ်ချီစွမ်းအင်များက သူမ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည်နှင့် ယင်ယင်၏ လက်နှစ်ဖက်က တဖြည်းဖြည်း သိသိသာသာ ကြီးထွားလာပါသည်။ ယင်ယင်၏ သေးသွယ်သော မျက်နှာလေးဟာ စိတ်လှုပ်ရှားမှုများဖြင့် ဖုံးလွှမ်းသွားသည်...။

အချိန် ၁ နာရီကျော်ကြာသည့်နောက်တွင် ယန်ယဲ့သည် သူ့လက်ကို ရုတ်ကာ သူမကို ပြုံးပြရင်း "ကောင်းပြီ၊ အခု မင်း သူတို့ကို ရှေ့လို့ရပြီ!"

ဤအခိုက်တွင် ယင်ယင်၏
ယခင်ဗလာကျင်းအင်္ဂါများထဲမှာ လက်နှစ်ဖက်
အပြည့်အစုံရှိနေပါပြီ။

ယင်ယင် သည် စိတ်လှုပ်ရှားစွာဖြင့်
သူမ၏လက်သေးသေးလေးနှစ်ဖက်ကို
စိုက်ကြည့်နေသည်။
သို့သော် သူမ၏လက်အသစ်ကို
အသုံးမချတော့ဘဲ အင်အားအလွန်အကျွံသုံး၍
ဖျက်ဆီးခံရမှာကြောက်လန့်နေသကဲ့သို့
သူမ၏လက်ချောင်းများကိုသာ ဖြည်းညှင်းစွာ
စတင်လှုပ်ရှားကြည့်နေလေသည်။

"ငါ့မှာ တကယ်လက်ရှိတယ်! ငါ.... ငါ
ခြေလက်အင်္ဂါစုံပြီ။" ရုတ်တရက် သူမ၏
လက်နှစ်ဖက်ကို စိုက်ကြည့်နေရင်း
မျက်ရည်များ အဆက်မပြတ်စီးကျလာသည်။
သို့သော် သူမ၏မျက်နှာသေးသေးလေးဟာ
ရွှင်မြူးသောအပြုံးများဖြင့် ဖုံးလွှမ်းထားသည်။
အစပိုင်းမှာတော့ လက်ကို ဖြည်းညှင်းစွာ
မြှောက်နေပြီး ရုတ်တရက်
လက်ခုပ်တီးလိုက်ပါသည်။
အဆုံးတွင် သူမ၏ လက်နှစ်ဖက်လုံးကို
အဆက်မပြတ် ခါယမ်းလိုက်ပါတော့သည်။

အချိန်အတော်ကြာအောင် ပျော်ရွှင်စွာ
အော်ဟစ်နေပြီးနောက်တွင် ယင်ယင်က
ရုပ်လိုက်ပြီး ယန်ယဲ့ ဆီသို့ လျှောက်လာကာ
"အစ်ကိုကြီး၊ နင်ပေးလိုက်တဲ့ စွမ်းအင်က
မူလခရမ်းရောင်စွမ်းအင်ပဲ မဟုတ်လား"ဟု
ပြောလိုက်သည်။

ယန်ယဲ့၏ခန္ဓာကိုယ်သည် ချက်ချင်းပင်
တောင့်တင်းသွားလေတော့သည်။

"ငါ မကောင်းတဲ့ အလောင်းအစား
လုပ်ခဲ့တာလား။" ယန်ယဲ့၏ စိတ်ထဲမှာ
ထိုအတွေးပေါ်လာချိန်တွင် ယင်ယင်က
သူ့ကိုဖက်ထားရာကနေ လွှတ်လိုက်ပြီး
"အစ်ကိုကြီး၊ နင့်မှာ မူလခရမ်းရောင်စွမ်းအင်
ရှိတယ်ဆိုတာ တခြားသူတွေ သိအောင်
ခွင့်မပြုရဘူး။ မဟုတ်ရင် မြို့ထဲက
လူမိုက်အတော်များများက နင့်ကို
ကိုက်စားလိမ့်မယ်။ သူတို့တွေက
အရမ်းကြောက်စရာကောင်းတဲ့
အရူးတွေချည်းပဲ။

အထူးသဖြင့်တော့ မျက်မမြင်အဘိုးနဲ့
ခေါင်းမပါတဲ့ ကြောင်အိုကြီး။ အစ်ကိုကြီး၊
နင်က လက်ရှိမှာ သူတို့ကို
မတိုက်နိုင်လောက်ဘူး!"

ယန်ယဲ့လည်း သက်ပြင်းချလိုက်နိုင်ပါသည်။
" ငါသူမကိုယုံခဲ့တာမှန်တယ်!"

ထိုနောက် ပြုံးရှ
သူမ၏ခေါင်းသေးသေးလေးကိုပွတ်သပ်ရင်း
"အစ်ကိုကြီးလည်း အဲဒါကို သဘာဝကျကျ
သိပါတယ်။ အဲဒါကြောင့် ဘယ်သူ့ကိုမှ မပြောဖို့

တောင်းဆိုတယ်။ မဟုတ်ရင် အစ်ကိုကြီး
သေမှာ သေချာတယ်!”

ယင်ယင်က ချစ်စဖွယ်အမူအရာလေးနှင့်
ခေါင်းညိတ်ပြသည် "ဟုတ်တယ်၊ ယင်ယင်
ဘယ်သူ့ကိုမှ မပြောဘူး!"

ယန်ယဲ့က ခေါင်းညိတ်ပြီး "မင်းကို ငါယုံတယ်!"

သူစကားပြောနေရင်းနဲ့ ရုတ်တရက်
သူမလေးကို သေချာလေး
ကြည့်လိုက်မိပါသည်။ ဖြူစင်သန့်ရှင်းသော

သူမ၏ လက်မောင်းများအပြင် မျက်နှာနှင့်
လည်ပင်း
နှစ်ဖက်လုံးကအညစ်အကြေးများဖြင့်
ဖုံးအုပ်ထားသည်။
အထူးသဖြင့် ဆံပင်များက လန့်ချီပြီး
မလျှော်ရသဖြင့် ကပ်နေပုံရသည်။

ထို့အပြင် သူမ၏အဝတ်အစားများသည်
စုတ်ပြဲရုံမျှမက ညစ်ပတ်နေပါသည်။
အတိုချုပ်ပြောရလျှင် ယင်ယင်သည်
သူတောင်းစားလေးတစ်ယောက်လိုပင်။

"ယင်ယင်၊ ဘာလို့ရေမချိုးတာလဲ" ယန်ယဲ့သည် သူ့ရင်ခွင်ထဲမှ ကလေးမလေးကို စိုက်ကြည့်နေရင်းက ရုတ်တရက် မေးလိုက်သည်။

"ရေချိုးရမှာလား?" သူမက မျက်တောင်ခတ်ပြီး "ဘယ်လိုလဲ"

ယန်ယဲ့က စကားမပြောနိုင်။

ယင်ယင်က "အစ်ကိုကြီး၊ ငါ့ကို ဘယ်လိုသင်ပေးတာလဲ၊ အဆင်ပြေလား"

"ယင်ယင်က

ဘယ်လိုရေချိုးရမှန်းမသိဘူးလား" ယန်ယဲ့က

အံ့သြနေသံဖြင့် မေးလိုက်၏။

သူမက ခေါင်းယမ်းလိုက်ပြီး "ယင်ယင်ကို

ဘယ်သူမှ မသင်ပေးဘူး!"

ယန်ယဲ့က ရုတ်တရက် ထပ်မေးသည်

"ယင်ယင်၊ ဘာလို့လူတွေကိုစားတာလဲ"

"ဗိုက်ဆာလို့ပါ" သူမလေးက
သနားစဖွယ်မျက်နှာလေးနှင့် ပြန်ဖြေပါသည်။

"မင်းဗိုက်ဆာလို့ လူတွေကိုစားတာလား"
ဒီတစ်ခါတော့ ယန်ယဲ့ဟာ အတော်လေးကို
အံ့အားသင့်သွားပါသည်။

"ဒါဆို ဘာစားရမလဲ" သူမက မေးခွန်းတစ်ခုနဲ့
ပြန်ဖြေလေသည်။

ဤစကားကြောင့် ယန်ယဲ့ဟာ
ဘာပြောရမှန်းတောင်မသိတော့ပေ။

ယန်ယဲ့ဟာ အတော်ကြာမှ ကိုယ့်နဖူးကို
ပြန်ရိုက်လိုက်သည်။
သူထင်ထားသည့်အတိုင်းမှန်နေသည်မဟုတ်ပါ
လား။ ယင်ယင်၏ လုပ်ရပ်များသည် သူမ
ပိုင်ဆိုင်ထားသည့် ဗီဇကြောင့်ပင်လော။
သူမ၏အသွင်အပြင်သည်
ချစ်စရာသားရဲလေးတစ်ကောင်လိုပင်။
သူမ ထိုသို့ဖြစ်ရခြင်းက
သင်ပေးမည့်သူမရှိလို့ပါ။
သို့သော်လည်း မည်သူမျှ သူမကို
သင်မပေးဝံ့ပေ။ နောက်ဆုံးတွင် သူမ၏

ခွန်အားသည် အမှန်ပင်
ကြောက်စရာမဟုတ်ပေလား။
ထို့အပြင် သာမန်လူများက သူ့မကို
မမြင်နိုင်ပေ။

ယန်ယဲ့က သူ့မခေါင်းကို ပွတ်လိုက်ပြီး
"ယင်ယင်၊အခု အသက်ဘယ်လောက်ရှိပြီလဲ"

သူ့မ ပြန်မဖြေခင် အချိန်အတော်ကြာအောင်
စဉ်းစားပြီး "ယင်ယင် မသိဘူး။ ဘာပဲဖြစ်ဖြစ်
ဒီမှာနေတာ နှစ်အတော်ကြာနေပြီ!"

ယန်ယဲ့သည် ယင်ယင်၏
လက်သေးသေးလေးကိုကိုင်လိုက်ပြီး
ခဏလောက် ငြိမ်သွားသည်။ ထိုအချိန်တွင်
ယင်ယင်၏ အသက်အရွယ်သည် သူမ၏
အပြင်ပန်းသဏ္ဌာန်နှင့် ဆင်တူသောကြောင့်
သူ့စိတ်ထဲ၌ ထိတ်လန့်မှုများ
အပြည့်ပေါ်လာလေသည်။

သူမလေးက အများဆုံးမှ အသက် (၁၀)
နှစ်ဝန်းကျင်သာ ရှိနိုင်၏။ သူမ၏ အရိုးများက
အသက် ၁၀ နှစ်ထက် မပိုသေးသည်မှာ
အကောင်းဆုံးသက်သေပင်။

သူမက အသက် ၁၀ နှစ်သာ ရှိသေးသည့်တိုင်
အစွမ်းထက်ပညာရှင်တစ်ဦးဖြစ်နေခြင်းက
အလွန်ကြောက်စရာပင်။

အတန်ကြာမှ ယန်ယဲ့ဟာ သူ့စိတ်ထဲက
တုန်လှုပ်ချောက်ချားမှုကို မျိုသိပ်ပြီး "ယင်ယင်၊
မင်းက ဒီလောက်တောင် သန်မာနေတာလား”
ဟု မေးလိုက်သည်။

ယင်ယင်က စကားပြန်မပြောသေးဘဲ
ငြိမ်သွားသည်။

ယန်ယဲ့က ပြုံးလိုက်သည်။ ပြီးနောက်
"မင်းငါ့ကို မပြောချင်ရင်လည်း
အဆင်ပြေပါတယ်။ တကယ်တော့ လူတိုင်းမှာ
ကိုယ်ပိုင်လျှို့ဝှက်ချက်တွေ
ရှိကြတယ်မဟုတ်လား။"
ဤစည်းမျဉ်းကို သူလည်း
ကောင်းကောင်းနားလည်ထားပေသည်။

သူမက ရုတ်တရက် ခေါင်းမော့ပြီး "အဘိုး
မုတ်ဆိတ်ဖြူက သာမန်လူကို မပြောသင့်ဘူးလို့
ပြောတယ်။ အစ်ကိုကြီးက အမေ့လိုပဲ။ နင်က

သာမန်လူမဟုတ်ဘူး။ ဒါဆို နင့်ကို
ငါပြောနိုင်တယ် ဟုတ်လား"

ယန်ယဲ့သည် မျက်ခွံများ လှုပ်ယမ်းသွားသည်။
အဘိုး မုတ်ဆိတ်ဖြူ လား ? ....
အသေအချာပင် ၎င်းသည် ကောင်းကင်ဘုံကို
ဖိနှိပ်နိုင်သော ပညာရှင် သို့မဟုတ်
ကောင်းကင်တာအိုသခင် ဖြစ်နိုင်သည်။

၉၃၆

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၆ - ပြန်လာမယ်

ယင်ယင်က "ယင်ယင်
လမ်းလျှောက်နိုင်တဲ့အခါ အဘိုးမုတ်ဆိတ်ဖြူနဲ့
တွေ့တယ်။ ယင်ယင်မှာ စွမ်းအင်အားလုံးကို
ဝါးမျိုနိုင်တဲ့
"ဝါးမြိုခြင်းခန္ဓာကိုယ်"ပိုင်ဆိုင်ထားတယ်လို့ သူ
ပြောတယ်။ အဲဒါက နိုးထာခဲ့ရင်
အာကာသဟင်းလင်းပြင်၊ ကမ္ဘာကြီး နဲ့
စကြဝဠာတွေကိုတောင်
ဝါးမြိုသွားနိုင်တယ်တဲ့။ အတိုချုပ်ပြောရရင်

ယင်ယင်က ဘယ်အရာကိုမဆို ဝါးမြုံနိုင်တယ်။ ယင်ယင်က အဲဒါကို နားမလည်ပေမယ့် အခု တော်တော်လေး အစွမ်းထက်လာတယ်လို့ ခံစားရတယ်။”

အာကာသ၊ ကမ္ဘာ၊ စကြဝဠာ နှင့် အရာဝတ္ထု စွမ်းအင်အားလုံးကို ဝါးမျိုပြစ်နိုင်စွမ်းရှိသည်။

ယန်ယဲ့ဟာ သူ့လက်နှစ်ဖက်လုံး
တုန်ယင်နေတာကို ခံစားလိုက်ရသည်။

ယင်ယင်က ဆက်ပြောနေသည်။ “အဘိုး မုတ်ဆိတ်ဖြူက ငါ့ကို အသတ်မခံနိုင်ဘူးလို့ ပြောတယ်၊ ပြီးတော့ "ကောင်းကင်ဝါးမြှုခြင်းနည်းစနစ်"ဆိုတဲ့ ကျင်ကြံခြင်းနည်းလမ်းကို ငါ့ခန္ဓာကိုယ်ထဲမှာ ထည့်ပေးထားပြီး လေ့ကျင့်ခိုင်းတယ်။ နောက်ဆုံးတော့ သူက ငါ့ခေါင်းကို ပွတ်သပ်ပြီး ပျောက်သွားတယ်!”

ယန်ယဲ့က ယင်ယင်၏ ခေါင်းလေးကို ပွတ်သပ်ပြီး ပြောလိုက်သည် "ဒါ မင်းရဲ့ ကံကြမ္မာနဲ့ ကြုံတာဘဲ။ ဒါပေမဲ့

အဲဒီလူဆိုးတွေက မင်းအမေကို
ဘာလို့သတ်တာလဲ။ ပြီးတော့ သူတို့က
မင်းကိုဘာလို့ဒီလိုလုပ်တာလဲ။" သူ့စိတ်ထဲမှာ
ဤအရာများကို မရှင်းသေးပေ။
ယင်ယင် လို ပါရမီရှင်ကလေးတစ်ယောက်ဟာ
ဘယ်မျိုးနွယ်မှာမဆို နတဘုရားသမီးတော်
သို့မဟုတ် သူမကိုကာကွယ်ဖို့အတွက်
မျိုးနွယ်စုတစ်ခုလုံးပင် စတေးကြပေမည်။
ထို့နောက် သူမလို ပါရမီရှင်သာ
ကြီးပြင်းလာပါက မျိုးနွယ်စုတစ်ခုလုံးကို
သေချာပေါက် အင်အားကြီးလာစေပါလိမ့်မည်။

ယင်ယင်က ခေါင်းငုံ့နေကာ
အချိန်တော်တော်ကြာသည်ထိ
ငြိမ်သက်သွားသည်။ သူမက ရုတ်တရက်
"ယင်ယင်က တရားမဝင်တဲ့ သမီးလို့
ပြောတယ်။ အမေက အရှက်မရှိဘူးလို့
ပြောတယ်၊ ယင်ယင်က တခြားသူတွေရဲ့
ကျင့်ကြံမှုကို ဆုတ်ယုတ်စေတဲ့
မကောင်းဆိုးဝါးလေးတဲ့။" စကားပြောနေရင်း
ခဏရပ်ကာ သူမလေးက ယန်ယဲ့ကို ကြည့်၍
ဝမ်းနည်းသောအမူအရာဖြင့် “ဒါပေမဲ့
ငါသူတို့ကို မကိုက်ဘူး။ သူတို့ကသာ အမေ့ကို
သတ်ပြီး ငါ့လက်တွေကို

ဖြတ်တောက်ပစ်လိုက်ကြတယ်။ ငါ့ကိုလည်း
သတ်ဖို့ ရည်ရွယ်ထားပေမယ့်
ယင်ယင်ရဲ့အဒေါ်က သေတာထက်
ပိုဆိုးတဲ့ဘဝနဲ့ ရှင်သန်စေချင်တယ်ဆိုပြီး
ယင်ယင်ကို ဒီနေရာ ပစ်ချလိုက်တာ!"

သူမပြောပြီးသည်နှင့် ပါးပြင်ပေါ်သို့
မျက်ရည်များ အဆက်မပြတ်စီးကျလာကာ
သူမ၏အသံသည် ပျော့ပျောင်းနူးညံ့လာသည်။

ယန်ယဲ့လည်း သက်ပြင်းသာချလိုက်၏။
ထို့နောက်

နှုးညံ့သောလေသံဖြင့် “ဒါတွေအားလုံးကို
မစဉ်းစားနဲ့။ ဒီနေ့မှစပြီး!” သူမကို
ကလေးစားချေဖို့ မတိုက်တွန်းတော့ပါ။ ထို့အပြင်
လက်ရှိ သူက သူမကို ကူညီရန်
ခွန်အားလည်းမရှိပေ။ ယခု သူလုပ်နိုင်သည့်
တစ်ခုတည်းသော အရာမှာ သူမကို
ပိုပျော်ရွှင်လာစေရန် ဖြစ်သည်။

ယင်ယင်၏ ဘဝအကြောင်းကို
နားထောင်ပြီးနောက်ယန်ယဲ့ဟာ
လောကစကြာဝဠာတွင် အဆုံးအစမဲ့

အားကောင်းလာရမည်ဟု
စိတ်ပိုင်းဖြတ်ခဲ့သည်။
လောကစကြာဝဠာတစ်ခုလုံးမှာ မည်သူမျှ
သူ့အား မယှဉ်နိုင်သည်ထိ သန်မာလာရန်
ဆုံးဖြတ်ထားသည်။

လောက၏ နိယာမသည် ဤအတိုင်းသာ။
လူတစ်ယောက်ဟာ ခွန်အားမရှိပါက
အခြားသူ၏ သနားညှာမှုကို
တောင်းခံရပေမည်။

အခြေခံမူများ? စည်းမျဉ်းများ? ဥပဒေသများ?

ဤအရာများသည် အားနည်းသူများအပေါ်သာ
သက်ရောက်သည့်
အချုပ်အနှောင်များပင်တည်း။

ယန်ယဲ့က ယင်ယင်၏ ပါးလေးကို
ဆွဲညှစ်လိုက်ပြီး "ငါ့ကို ဒီမှာစောင့်။
ငါပြန်လာခဲ့မယ်!"

သူမက ခေါင်းညိတ်ပြီး "အစ်ကိုကြီး၊ နင်
ပြန်လာရမယ်!" သူမလေး၏ အကြည့်များတွင်
ယန်ယဲ့အပေါ် ချစ်ခင်တွယ်တာပြီး

အားကိုးတကြီးခံစားချက်
အနည်းငယ်ရှိနေသည်။

ယန်ယဲ့သည် ပြုံးလိုက်ပြီးနောက်
အခန်းထဲကနေ ဖျတ်ခနဲ
ပျောက်ကွယ်သွားသည်။

အချိန် ၁၀ မိနစ်သာ ကြာလိုက်၏။ ယန်ယဲ့သည်
ယင်ယင်၏ အခန်းလေးထဲသို့ ဝင်လာရင်း
သူ့လက်ဝါးကို လှန်လိုက်ရာ ရေအပြည့်
ရေချိုးစည်တစ်ခု ပေါ်လာသည်။
အံ့အားသင့်နေသော အမူအရာများနှင့်

သူ့ကိုကြည့်နေသည့် ယင်ယင်ကို ပြုံးကြည့်ကာ "ယင်ယင်၊ မင်းရဲ့အဝတ်အစားတွေကို ချွတ်လိုက်။ ပြီးရင် ဒီအထဲကိုဝင်..." ဟု ပြောလိုက်သည်။

ယင်ယင်ကလည်း
သူ့စကားကိုနားထောင်ပါသည်။
သူမ၏အဝတ်အစားများကို ချွတ်ကာ
ကုတင်ပေါ်မှာပဲ ရပ်နေလေသည်။
ယန်ယဲ့ သည် သဘာဝအားဖြင့်
အခြားမည်သည့် အတွေးမျိုးမှ မရှိခဲ့ပေ။
သူသည် တိရစ္ဆာန်မဟုတ်သဖြင့်

ယန်ယောင်အာ နှင့် ပေါင်အာ တို့လိုမျိုး
သူညီမတစ်ယောက်ဟု သတ်မှတ်ထား၏။

ထို့နောက် ယင်ယင်၏ ကိုယ်လုံးလေးကို
ပွေ့ချီကာ ရေချိုးစည်ထဲကို ထည့်လိုက်ပြီး
"ကိုယ့်ကိုယ်ကို ရေဆေးပါ။ လုံးဝ
သန့်ရှင်းရမယ် နားလည်လား"

ယင်ယင်က ရေချိုးစည်ကို အုံ့ဩစွာ
ကြည့်နေရင်းနဲ့ ခေါင်းညိတ်ပြသည်။

ဤအချိန်တွင် ယန်ယဲ့သည်
ပြတင်းပေါက်မှတစ်ဆင့် အပြင်ဖက်ကို
တစ်ချက်ကြည့်လိုက်ရာ မိုးလင်းလုနီးနေပြီကို
သူ သတိပြုမိသည်။

"အစ်ကိုကြီး ငါပြီးသွားပြီ!" ထိုအချိန်တွင်
ယင်ယင်သည် ယန်ယဲ့ရှေ့တွင် ရုတ်တရက်
ပေါ်လာသည်။

ယန်ယဲ့ သည် သူမကို ငုံ့ကြည့်လိုက်ရင်း
မတတ်သာစွာ ခေါင်းခါလိုက်သည်။
"ငါလုပ်ပေးမယ်။"

ယန်ယဲ့က ယင်ယင်ကို ရေချိုးစည်ထဲက
သယ်ထုတ်ပြီး နောက်ထပ် ၁၀
မိနစ်လောက်ကြာတော့ သူ့ဝယ်ထားသည့်
အဝတ်အစားအသစ်ကို ထုတ်ယူလိုက်ပြီး
"မင်းဘယ်ဟာကြိုက်လဲ"

ယင်ယင်က အချိန်တော်တော်ကြာအောင်
ကြည့်နေပြီးမှ အစိမ်းရောင် ဝတ်စုံကို
ညွှန်ပြလိုက်သည်။ ယန်ယဲ့က ခေါင်းညိတ်ကာ
သူ့မအနားကို တိုးလာပြီး အစိမ်းရောင်ဝတ်စုံကို
ဝတ်ဆင်ပေးလိုက်သည်။

ခန္ဓာကိုယ်ကို သန့်စင်ပြီးနောက်တွင် ယင်ယင်သည် ပြီးပြည့်စုံစွာ ထုလုပ်ထားသည့် ပန်းပုရုပ်တစ်ရုပ်လိုပင်။ သူမသည် အလွန်ချစ်စရာကောင်းပြီး နတ်သမီးရုပ်တု အသက်ဝင်လာသလိုပင်ထင်ရ၏။ သူမ ကြီးပြင်းလာပါက ကျက်သရေရှိသော အမျိုးသမီးတစ်ဦးအဖြစ် ကြီးပြင်းလာမည်မှာ သိသာလှသည်။

ယန်ယဲ့က သိုလှောင်လက်စွပ်တစ်ကွင်းကို ထုတ်ယူလိုက်ပြီး "မင်းအတွက်

စားစရာတွေအများကြီးဝယ်ပြီး အဲဒီထဲမှာ
ထည့်ထားပေးတယ်။ အဲဒါတွေက အကြာကြီး
စားဖို့ လုံလောက်ပါတယ်။ ယင်ယင်က
နောက်တစ်ခါ လူတွေကို စားလို့မရတော့ဘူး....
နားလည်လား"

သူမက ခေါင်းညိတ်ကာ တုန့်ပြန်သည်။

ယန်ယဲ့က ဆက်ပြောလိုက်၏။
"အစားအသောက်တွေအပြင်
အဝတ်အစားတွေလည်း
အများကြီးပဲ။အစ်ကိုကြီးက ယင်ယင် အတွက်

အများကြီး ဝယ်ပေးခဲ့တယ်နော်။ နောက်
ယင်ယင် အားတဲ့အခါကျ ဖြည်းဖြည်းချင်း
ကြည့်လို့ရတယ်။ နေ့တိုင်း ရေချိုးဖို့လည်း
မမေ့ပါနဲ့။ အရင်ကလို ညစ်ပတ်နေဖို့
ခွင့်မပြုဘူး.... ဟုတ်ပြီလား"

သူမလေးက စကားမပြောဘဲ ယန်ယဲ့
ပြောသမျှကို ခေါင်းညိတ်၍သာ တုံ့ပြန်သည်။

ရုတ်တရက် သူမလေးက ခေါင်းမော့လာကာ
"အစ်ကိုကြီး၊ နင် အခုထွက်သွားတော့မှာလား။"

ယန်ယဲ့သည်
အနည်းငယ်စိတ်မကောင်းဖြစ်သွားပြီး
ခဏကြာမှ ခေါင်းညိတ်လိုက်သည်။
ယင်ယင်က ရုတ်တရက် "အစ်ကိုကြီး၊
ယင်ယင်က နင်နဲ့လိုက်ခဲ့မယ်!"
ထိုစကားကို ကြားတော့ ယန်ယဲ့က
ချက်ချင်းပင် ခေါင်းယမ်းလိုက်သည်။

အမှန်တော့ သူ့စိတ်ထဲ၌ ယင်ယင်ကို
သူ့ဘေးနား ခေါ်ထားချင်မိသည်။

သူမလေးက အလွန်အစွမ်းထက်ပြီး
တောင်ပိုင်းနယ်မြေ အတွက် ကြီးမားသည်
အကူအညီဖြစ်မှာပါ။
သို့သော်လည်း ယန်ယဲ့ဟာ
တစ်ကိုယ်ကောင်းဆန်စွာ ပြုမှု၍ ယင်ယင်ကို
သူနှင့်အတူ ဆွဲမချနိုင်ပေ။

ထို့အပြင် သူ့ဘေးနားရှိလျှင် သူမကို
သေချာပေါက် အားကိုးရမည်ဖြစ်သည်။ တဖန်
ဂင်းသည် ယင်ယင်ကို
အလွန်အန္တရာယ်ဖြစ်စေပါလိမ့်မည်။

ယန်ယဲ့က သူမခေါင်းကို ပွတ်သပ်ပြီး
“စိတ်မဆိုးပါနဲ့။
ငါအမြဲတမ်းထွက်သွားမှာမဟုတ်ဘူး။
ငါလုပ်စရာရှိတာ ရှင်းပြီးတာနဲ့ မင်းကို
လိုက်ရှာမယ် ဟုတ်လား"

"ပြန်လာရမယ်!" သူမက ယန်ယဲ့ကို
လေးလေးနက်နက် စိုက်ကြည့်ပြီး "
အစ်ကိုကြီး၊ နင်ပြန်မလာရင် ယင်ယင်က
လိုက်ရှာမယ်!"

"ငါကတိပေးပါတယ်!" ယန်ယဲ့က ပြုံးပြီး ခေါင်းကို ပွတ်သပ်လိုက်ကာ နေရာမှာတင် ပျောက်သွားသည်။

ယင်ယင်က ယန်ယဲ့ ထွက်သွားသည့်ဖက်ကို အချိန်တော်တော်ကြာ စိုက်နေခဲ့ပြီး ထို့နောက်မှ ကုတင်ပေါ် ပြန်တက်သွားသည်။

ထိုနေ့က သူမကို ယန်ယဲ့ ပေးခဲ့သော အနီရောင်ကြိုးကို ချွတ်လိုက်ပြီး သိုလှောင်လက်စွပ်အသစ်ကို ဝတ်ဆင်လိုက်၏။

ထို့နောက် သူမ၏
မျက်နှာသေးသေးလေးပေါ်မှာအပြုံးများ
ပေါ်လာပြီး ကုတင်ပေါ် လှဲချလိုက်တော့သည်။

နံနက်ခင်း၏ ပထမဆုံး နေရောင်ခြည်
မပေါ်ခင်မှာပင် ယန်ယဲ့ဟာ
အမည်မဲ့မြို့မှထွက်ခွာသွားခဲ့သည်။

သို့သော် မြို့ထဲမှ ထွက်လာပြီးနောက်
လူတစ်ဦးသည် သူ၏လမ်းကို
ပိတ်ဆို့ထားခဲ့သည်။

အဆိုပါလူက မြင့်မြတ်သောအကြီးအကဲ
မဟုတ်ချေ။ ငရဲကေရီ ပင်တည်း။

ငရဲကေရီက ယန်ယဲ့ကို စိုက်ကြည့်ကာ "ငါ
နင့်ကို ယန်ယဲ့ ဒါမှုမဟုတ် ယန်မန်း
လို့ခေါ်ရမလား"

၉၃၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၇ - ယန်ယဲ့ Vs ငရဲကေရီ (အပိုင်း ၁/၃)

"အစကတည်းက မသိဘူးလား" ယန်ယဲ့သည် နေရာမှာပင် ရပ်လိုက်ပြီး သူ့မကို တည့်တည့်ကြည့်သည်။ ဤနေရာ၌ စောင့်မျှော်နေမည့်သူဟာ မြင့်မြတ်သောအကြီးအကဲ သို့မဟုတ် မြင့်မြတ်ခန်းမများ၏ အဆင့်မြင်အာဏာပိုင်တစ်ဦးပင် ဖြစ်မည်ဟု သူထင်ခဲ့သည်။

ငရဲကေရီ ကိုယ်တိုင် စောင့်ဆိုင်းနေသည်ဟု
တစ်ခါမျှ မျှောင့်ထားချေ။ သူ့စိတ်ထဲ
အတော်လေး အံ့ဩသွားခဲ့သည်။

သူမက "ပထမတစ်ချက်က နင့်ကို
ငါမှတ်မိတယ်။ဘာကြောင့်လဲဆိုတော့
ဒီကမ္ဘာမှာ ငါ့မျက်လုံးကို လှည့်စားနိုင်တဲ့အရာ
မရှိဘူး။ ပြီးတော့ ငါ နင့်ကို ထုတ်ဖော်မပြဘဲ
ထပ်ခါထပ်ခါ ကူညီနေခဲ့တာတွေကို နင်သိလား"

"အဲဒါ ငါတကယ်သိချင်နေတာပဲ!" ယန်ယဲ့က
ခေါင်းညိတ်ကာ ပြန်ပြောသည် ။

ငရဲကေရီက "အတိတ်က
ဆန်းကြယ်တိုက်ကြီးဟာ မြင့်မြတ်နယ်မြေကို
အသာလေး ဖျက်ဆီးပစ်နိုင်တယ်။ ဒါပေမဲ့
အခုက မတူတော့ဘူး။ တစ်ခုရှိတာက ငါ့ရဲ့
မြင့်မြတ်ခန်းမတွေတောင် သတိထားရမဲ့
တည်ရှိမှု နှစ်ခုက ဆန်းကြယ်တိုက်ကြီးမှာ
ပေါ်လာတယ်။

လက်ရှိမှာ တိုက်ကြီးတစ်ခုလုံး
ပေါင်းစည်းပြီးသွားပြီဆိုတော့
ဆန်းကြယ်တိုက်ကြီးက မြင်မြတ်နယ်မြေကို

အတိုင်းအတာတစ်ခုအထိ
ခြိမ်းခြောက်လာနိုင်တယ်။
အရေးကြီးဆုံးကတော့ မကြာခင်မှာ
နတ်ဆိုးအကျဉ်းထောင် ပျက်စီးပြီး
နယ်ခြားမိစ္ဆာတွေ အကုန် ထွက်လာတော့မယ်။"

"မင်း ငါ့ကို တိုက်ကြီး နဲ့ မြင့်မြတ်နယ်မြေကို
ပေါင်းပြီး နယ်ခြားမိစ္ဆာတွေကို
ရင်ဆိုင်ပေးစေချင်တာလား။" ယန်ယဲ့က
မေးလိုက်သည်။

သူမက ခေါင်းယမ်းပြီး “ငါက ဒီလောက်
နုံအတာမဟုတ်ဘူး။ အရင်ကလည်း
တစ်ခါပြောဖူးတယ်။ဒီကမ္ဘာမှာ
အသက်ရှင်ကျန်လိုရင် နယ်ခြားမိစ္ဆာတွေကို
သတ်ပစ်ရမယ်။ သူတို့ကို မသတ်ရင် နင်နဲ့
ဆန်းကြယ်တိုက်ကြီးမှာရှိလူတိုင်း
သေလိမ့်မယ်။ ဟုတ်ပါတယ်၊ အဲဒီအထဲမှာ ငါ့ရဲ့
မြင့်မြတ်နယ်မြေ လည်းပါတယ်။
နယ်ခြားမိစ္ဆာတွေကို မသတ်သရွေ့
ငါတို့အားလုံး သူတို့နဲ့အတူ မြုပ်နှံခံရမှာပဲ။
ငါ့အမြင်ကတော့ အတိတ်က ရန်ငြိုးတွေကို

ခဏာဖယ်ထားပြီး
အတူပူးပေါင်းသင့်တယ်လို့ထင်တယ်။"

"နယ်ခြားမိစ္ဆာတွေ အသတ်ခံရမှာလား ငါတို့ကို
သတ်သွားမလားတော့မသိဘူး။
ငါသိတာတစ်ခုက အရင်တုန်းကရော ခုပါ
မြင့်မြတ်နယ်မြေက ငါ့ကို
သေစေချင်နေတယ်!" ယန်ယဲ့က အေးစက်စက်
ရယ်မောကာ ပြောလိုက်သည်။

ငရဲကေရီက ယန်ယဲ့ကို စိုက်ကြည့်နေရင်း
“နင့်ကို နောက်ဆုံးအခွင့်အရေးတစ်ခု

ပေးမယ်။ဆန်းကြယ်တိုက်ကြီးကို
မြကက်ခြေတ်နယ်မြေနဲ့ ပေါင်းစည်းဖို့
သဘောတူတယ်။ ငါ့ကိုယုံပါ၊
ဒါနင့်ရဲ့နောက်ဆုံးအခွင့်အရေးပဲ"

ယန်ယဲ့ သည် သူ၏ညာလက်ကို လှန်လိုက်ရာ
လက်ထဲတွင် ဟာကျူလီတူ ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် သူ၏ဘယ်ဖက်လက်ထဲ၌
အားပြောင်းအားလွှဲဒိုင်း ပေါ်လာလေသည်။
"ဒါက ငါ့အဖြေပဲ!"

"မြင့်မြတ်တဲ့ကေရီ၊ ငါသူ့ကို
မင်းအတွက်ထားခဲ့မယ်!" မိုးကုတ်စက်ဝိုင်းမှ
အသံတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် ထိုအသံက
မြင့်မြတ်သောအကြီးအကဲ ဖြစ်ကြောင်း
သတိပြုမိလိုက်၏။ သို့သော်
ထွက်ခွာသွားသောကြောင့် အနည်းငယ်
ပဟေဠိဖြစ်နေသည်။

ငရဲကေရီက သူမ၏ မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်ပြီး “နင့်ရဲ့

နောက်ဆုံးအခွင့်အရေးကို စွန့်လွှတ်လိုက်ပြီ။
မြင့်မြတ်နယ်မြေက နယ်ခြားမိစ္ဆာတွေနဲ့ စစ်ပွဲမှာ
ဆန်းကြယ်တိုက်ကြီးရဲ့နောက်ကျော
ဓားနဲ့ထိုးတာမျိုး မလိုချင်ဘူး။
ဒါကြောင့် မြင့်မြတ်အရှင်က
ဆန်းကြယ်တိုက်ကြီးကို ချတ်ပိတ်ထားတဲ့
အာကာသလျှောက်လမ်းကို ဖွင့်ပေးခဲ့တယ်။
မြင့်မြတ်သောအကြီးအကဲတွေနဲ့
အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်
၁၀ ပါး၊ သာမန် သူတော်စင်တစ်ပိုင်းအဆင့်
၁၀၀ ကျော်ကို ဆန်းကြယ်တိုက်ကြီးဆီ
စေလွှတ်လိုက်တယ်။ သူတို့က အခုကနေစလို့

တစ်ရက်အတွင်းမှာ ဆန်းကြယ်တိုက်ကြီးကို
ရောက်သွားလိမ့်မယ်။ နင်က
ဖြစ်လာမဲ့အကျိုးဆက်တွေကို
သတိထားသင့်တယ်!”

သူမ စကားပြောပြီးသည်နှင့် ဘေးနားတွင်
ဝတ်ရုံဖြူအဘိုးအို အယောက် ၂၀
ပေါ်လာသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၂၀...
ထိုအပြင် ၎င်းတို့ထဲမှာ အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးပင် ရှိနေ၏။

ဤအချိန်တွင် ယန်ယဲ့သည် သူ့ရှေ့မှ
သူတော်စင်တစ်ပိုင်းအဆင့်များကို
အာရုံစိုက်မနေခဲ့ပေ။ ငရဲကေရီ
ပြောခဲ့သည့်စကားသာလျှင် သူ့စိတ်ထဲ
ကျန်နေခဲ့သည်။
မြင့်မြတ်သောအကြီးအကဲ ၂ ပါးနှင့်
သူတော်စင်တစ်ပိုင်းအဆင့် ၁၀၀ နီးပါးက
ဆန်းကြယ်တိုက်ကြီးကို ဦးတည်နေကြသည်။
ထိုသို့ဆိုလျှင် အကြီးအကဲမူ နှင့်
အဘိုးအိုလုယန်တို့က ၎င်းတို့အဖွဲ့အား
တားဆီးနိုင်ပါမည်လော။

ငရဲကေရီက ရုတ်တရက် ပြောလိုက်သည်။
"နင့်မှာ သူတော်စင်တစ်ပိုင်းအဆင့်
ရုပ်သေးတွေရှိတယ်ဆိုတာ ငါသိတယ်၊
ဒါကြောင့် ဒီလူအိုကြီးတွေကို ငါနဲ့အတူ
ခေါ်လာခဲ့တာ။ နင့်ရဲ့ရုပ်သေးတွေကို
အသုံးမပြုရင် သူတို့က
တိုက်ခိုက်မှာမဟုတ်ဘူး။”

"မင်းငါ့ကို တစ်ယောက်ချင်း တိုက်ခိုက်ဖို့
ရည်ရွယ်ထားတာလား။" ယန်ယဲ့သည်

သူ့အတွေးများကို ထိန်းကာ ငရဲကေရီကို
စိုက်ကြည့်နေသည်။

သူမက “နင်လည်း ငါ့ရဲ့စစ်မှန်တဲ့ ခွန်အားကို
သက်သေပြချင်တယ်လို့ ငါထင်တယ်
ဟုတ်ရဲ့လား။အဲလိုပါပဲ... ငါလည်း
နင့်ရဲ့စစ်မှန်တဲ့ ခွန်အားကို အရမ်းသိချင်နေတာ။
ဒီလိုဆိုတော့ ဒီနေ့ တစ်ယောက်နဲ့တစ်ယောက်
စိတ်ကျေနပ်တဲ့အထိ ဘာလို့
မတိုက်ခိုက်တာလဲ။"

ယန်ယဲ့က သူမကို ခဏကြာထိ
စိုက်ကြည့်နေပြီး နောက်မှ
ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီလေ၊ ဒါဆို
လာ!"

"လာခဲ့ပါ!" ငရဲကေရီက ပြောပြီးသည်နှင့်
ရုတ်တရက် မျက်လုံးပွင့်လာခဲ့သည်။ သူမ၏
မျက်လုံးထဲမှ အဖြူရောင်နှင့်
အနက်ရောင်အလင်းတန်းများ ထွက်လာသည်။

ဘုန်း! ဘုန်း!

ယန်ယဲ့၏ အောက်ဖက်ရှိ မြေပြင်သည် မီတာ ၃၀၀ ကျော် အက်ကွဲသွားကာ သူ့ဘယ်လက်ထဲမှ အားပြောင်းအားလွှဲဒိုင်း သည်လည်း ကွဲအက်သွားသည်။

ဝေါ....

ရုတ်တရက်ပင် တဝေါဝေါ မြည်ဟီးသံများနှင့် လေထုပေါက်ကွဲသံများ ဆက်တိုက်ကို ထွက်ပေါ်လာပါသည်။

အသံထွက်လာသည်နှင့် တပြိုင်နက် ယန်ယဲ့ ကိုင်ထားသော အားပြောင်းအားလွှဲဒိုင်းက

အနက်ရောင်သံကြိုးတစ်ချောင်းဖြင့်
ရိုက်ခွဲခံလိုက်ရသည်။
ယန်ယဲ့ကိုယ်တိုင်လည်း မီတာ ၃၀၀ ကျော်
အကွာထိ နောက်ပြန်လွင့်ထွက်သွားလေသည်။
ဤတစ်ကြိမ်တွင် အားပြောင်းအားလွှဲဒိုင်း သည်
စွမ်းအားလှိုင်း ရိုက်ခတ်မှုကို မခံနိုင်တော့ဘဲ
အပိုင်းပိုင်း ကွဲထွက်သွား၏။

"မြင့်မြတ်တဲ့ကေရီက အရင်ထက် ပိုလို့တောင်
အားကောင်းလာတယ်!"
အဖြူရောင်ဝတ်ရုံအဖိုးအိုတစ်ဦးမှ
လေးနက်သောအသံဖြင့် “အဲဒီဒိုင်းကို

အာကာသဟင်းလင်းပြင်ထဲက သတ္တုတွေနဲ့
ဖန်တီးထားတာ။ ငါတို့တောင် မခွဲနိုင်ပေမဲ့
သူမကတော့ လွယ်လွယ်နဲ့ ခွဲပစ်လိုက်တယ်။
ဒီလို ခွန်အားတွေက တကယ်ကို
အရှက်ရစေတယ်!”

“အမြင်နဲ့တင် အကဲဖြတ်လို့ မရဘူး။”
အဖြူရောင်ဝတ်ရုံအဘိုးအို
နောက်တစ်ယောက်က ယန်ယဲ့ကို
စိုက်ကြည့်ကာ "တကယ်တော့ ငါက
သူ့အကြောင်း အရမ်းသိချင်နေတာ။"

"ဓားတာအိုမှာ
သူ့အောင်မြင်မှုတွေကတကယ်ကို
ထူးခြားပါတယ်လေ။ သူ့ရဲ့ရုပ်ခန္ဓာက
သူတော်စင်တစ်ပိုင်းအဆင့်ကို ကျော်သွားပြီ။
ဒါ့အပြင် ကောလဟာလတွေအရ သူဟာ
ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒကို
ပိုင်ဆိုင်ထားတဲ့အပြင် ဓားနယ်မြေကိုပါ
နားလည်ထားသေးတယ်။
သူတော်စင်ဘုံထက်ဝက်ကျော်သွားပြီဖြစ်သည်
။

သူက ငါတို့ မြင့်မြတ်နယ်မြေရဲ့ရန်သူဖြစ်ပေမဲ့
မြင့်မြတ်တဲ့ကေရီကလွဲလို့ မြင့်မြတ်နယ်မြေရဲ့

ဘယ်သူမှ သူ့ကိုမယှဉ်နိုင်ဘူးဆိုတာဝန်ခံရမယ်။
ဂူကလန် နဲ့ ယွမ်ကလန် ရဲ့
ထိပ်ဆုံးရောက်ပါရမီရှင်တွေတောင်
မဖြစ်နိုင်ဘူး" အဘိုးအိုက ဆက်ပြောသည် ။

"ဒီကမ္ဘာရဲ့နံပါတ်တစ်ပါရမီရှင်က
အဲဒီဓားအင်ပါယာ နဲ့ ပြိုင်ဖက်ဟုတ်မဟုတ်
စောင့်ကြည့်ကြတာပေါ့။"

"အစ်ကိုကြီး ကံကောင်းပါစေ!" ရုတ်တရက်
အသံတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့လည်း စကားသံ ထွက်လာသည့်ဆီကို
လှမ်းကြည့်လိုက်မိသည်။
အမည်မဲ့မြို့၏ အထက်မှာ လူအများအပြား
မတ်တပ်ရပ်နေတာကို သူတွေ့လိုက်ရသည်။
သူတို့အထဲမှာ အရင်ကတွေ့ခဲ့သော
မျက်မမြင်အဘိုးအို နှင့် ယင်ယင် တို့
ရှိနေခဲ့သည်။
ဤအခိုက်တွင် ယင်ယင်က
လက်ကလေးနှစ်ဖက်ကို ဝှေ့ယမ်းကာ သူ့အား
အားပေးနေသည်ကိုမြင်ပြီး သူမကို လက်
ပြလိုက်သည်။

၉၃၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၈ - ယန်ယဲ့ Vs ငရဲကေရီ (အပိုင်း ၂/၃)

ယန်ယဲ့လည်း ပြုံးလိုက်ပြီး ငရဲကေရီကို
လှည့်ကြည့်လိုက်ရင်း "အရင်တုန်းက
မျိုးဆက်တူ တခြားသူတွေကို
ချက်ချင်းသတ်လေ့ရှိတယ်။ ဒါဟာ တကယ့်ကို
ငြီးငွေ့စရာကောင်းလွန်းတယ်။ ဒီနေ့
ကောင်းကောင်း တိုက်ခိုက်ရအောင်။”

စကားပြောပြီးသည်နှင့် ညာခြေဖြင့် မြေကြီးကို
နင်းလိုက်သည်။

အုန်း!
အောက်မြေပြင်သည် ပြိုကျသွား၏။
သို့သော်လည်း ယန်ယဲ့သည်
နတ်မြှားတစ်ချောင်းကဲ့သို့ တဟုန်ထိုး
ခုန်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ငရဲကေရီ ရှေ့၌ ပေါ်လာပြီး
သူ့လက်ထဲရှိ ဟာကျူလီတူက
သူမ၏ခေါင်းတည့်တည့် ထုချလေသည်။

ပြုတ်ကျပြီးချင်းမှာပဲ ဟာကျူလီသံတူနဲ့
သယ်ဆောင်လာသည့် ဖိအားက ငရဲကေရီ၏
ခြေထောက်များကို အောက်မြေပြင်သို့
နစ်မြုပ်သွားစေသည်။

ဤအချိန်မှာပဲ ငရဲကေရီ၏ လက်မှာ
ရစ်ပတ်ထားသည့် အနက်ရောင်သံကြိုးက
စတင်ရွေ့လျားလာပါသည်။

အနက်ရောင်သံကြိုးက
အဆိပ်ရှိသောမြွေများအလား ချက်ချင်းပင်
ရှေ့ကိုရောက်လာပြီး ယန်ယဲ့၏
ဟာကျူလီသံတူကို ရိုက်ချလိုက်ကြသည်။

ကလန် !

စူးရှကျယ်လောင်သည့် နားကွဲမတတ်
ပေါက်ကွဲသံ ထွက်ပေါ်လာသည်။
လက်နက်နှစ်ခု ဆုံတွေ့ခိုက်မှာပဲ
ဟာကျူလီတူကနေ
ကြောက်စရာအားလျှင်းကြီး စီးထွက်လာပြီး

ယန်ယဲ့၏ ညာလက်မောင်းတစ်ခုလုံး
ပြင်းထန်စွာ တုန်လှုပ်သွားပါတော့သည်။
သူ၏ ညာလက်မောင်းသည်
ကွဲကြေသွားတော့မည်ကဲ့သို့ပင်။ ဟာကျူလီတူ
ကဲ့သို့ အဆက်မပြတ် တုန်ခါနေပါသည်။
ယန်ယဲ့သည်လည်း ဤအခြေအနေကြောင့်
မျက်နှာပျက်သွားကာ သူ၏စိတ်ဆန္ဒကို
ထုတ်ဖော်၍ ဟာကျူလီသံချပ်ကာကို
ချက်ချင်းဆိုသလို
အသက်သွင်းလိုက်လေသည်။

ဘုန်း

ဤအချိန်မှာပဲ အနက်ရောင်သံကြိုးက
ဟာကျူလီတူကို ထပ်မံ ရိုက်ချလာကာ
ယန်ယဲ့လည်း နောက်တစ်ကြိမ်
လွင့်ထွက်သွားပါသည်။
ထို့အပြင် အနက်ရောင်သံကြိုးက
သရဲတစ္ဆေများအလား လေထုကို ထိုးဖောက်၍
ယန်ယဲ့ လွင့်ထွက်သွားရာဆီသို့
လိုက်ပါပျံသန်းသွားပါတော့သည်။
အနက်ရောင်သံကြိုးက အရှိန် အရမ်းမြန်နေပြီး
ယန်ယဲ့ မတ်တပ်ရပ်လိုက်စဉ်မှာပဲ သူ့ရှေ့
ရောက်လာပါပြီ။

လေထုကို ထိုးဖောက်ထွက်လာသည့်
အနက်ရောင်သံကြိုးကို မြင်လိုက်ချိန်တွင်
ယန်ယဲ့၏ မျက်လုံးများသည်
အနည်းငယ်ကျဉ်းမြောင်းသွားပါတော့သည်။

အုန်း!

တိုက်မိရာမှ မီးပွားများ ဖြန်းခနဲ လွင့်စင်လာပြီး
ပြင်းထန်သော အားလှိုင်းကြောင့်
ပတ်ဝန်းကျင်ရှိအာကာသဟင်းလင်းပြင်သည်ပ
င် ကွဲထွက်သွားခဲ့လေသည်။

အာကာသဟင်းလင်းပြင်သည် ပင့်ကူမျှင်ကဲ့သို့
မရေမတွက်နိုင်သော အက်ကွဲကြောင်းများ
ထပ်လာသည်။ တိုက်ခိုက်ရာမှ
ထွက်ပေါ်လာသည့် အားလှိုင်းက ယန်ယဲ့အား
နောက်တစ်ကြိမ် လွင့်ထွက်သွားရပြန်သည်။
သို့သော် ခဏအကြာတွင် ယန်ယဲ့ဟာ
မြေပြင်ပေါ်သို့ တည်ငြိမ်စွာ
ပြန်ဆင်းလာပါသည်။

ဤအခိုက်တွင် အနက်ရောင်သံကြိုးက
သူ့ရှေ့တွင်
နောက်တစ်ကြိမ်ထပ်ပေါ်လာပြန်သည်။

ဤတစ်ကြိမ်တွင် အနက်ရောင်သံကြိုးကနေ
ထွက်လာသည့် စွမ်းအားက ယခင်နှင့်
လားလားမျှ မဆိုင်ပေ။
သေဆုံးခြင်းအင်ဌေအသက်များ ဖြာထွက်နေပြီး
အလွန် ကြောက်စရာကောင်းနေ၏။

ဂင်းသည် အာကာသဟင်းလင်းပြင်ထဲသို့
ထိုးဖောက်သွားကာ ရောမနဂါးကြီးများ
ပျံသန်းနေသလိုပင် ထင်ရသည်။
ထို့နောက်တွင် ကောင်းကင်သည်ပင်
အရောင်ပြောင်းသွားကာ

အနက်ရောင်စွမ်းအင်လှိုင်းကြီးများ
ဖြာထွက်လာပါသည်။
စွမ်းအင်လှိုင်းလုံးများသည်
ပတ်ဝန်းကျင်နေရာအနှံ့ ပြန့်နှံ့သွားပြီး
အာကာသဟင်းလင်းပြင်သည်ပင် ပြင်းထန်စွာ
တုန်ခါသွား၏။

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့ဟာ
လက်နှစ်ဖက်ကို ဆန့်၍ ဟာကျူလီတူကို
တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။
တစ်ဆက်တည်း သူ၏ ဘယ်ဖက်ခြေကို
နောက်အနည်းငယ် ရွှေ့ရင်း သူ့ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင်များသည် ဟာကျူလီတူ
ထဲသို့ ဆက်တိုက် တိုးဝင်လာပါတော့သည်။

ထို့နောက်တွင် ဟာကျူလီတူကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ထုချရင်း
ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဂျုန်း !

ယန်ယဲ့ အောက်ရှိ မြေပြင်သည် ချက်ချင်းပဲ
ပြိုကျလာပြီး ကြောက်မက်ဖွယ်ရာ
ပေါက်ကွဲသံကြီး ထွက်ပေါ်လာလေသည်။

ခဏအကြာတွင် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး အာကာသဟင်းလင်းပြင်သည် ကွဲအက်သွားကာ အနက်ရောင်သံကြိုးက နောက်ပြန်လွင့်ထွက်သွား၏။ တစ်ချိန်တည်းမှာပဲ ယန်ယဲ့သည်လည်း ထပ်မံ၍ လွင့်ပျံသွားလေသည်။

"အရမ်းသန်မာတယ်!" အဖြူရောင်ဝတ်ရုံဝတ် သူတော်စင်တစ်ပိုင်းအဆင့်များထဲမှ တစ်ဦးက လေးနက်သော အသံဖြင့် ပြောလိုက်သည်။

သူ့ဘေးက အခြား သူတော်စင်တစ်ပိုင်းအဆင့်
သည်လည်း ခေါင်းညိတ်ကာ သဘောတူသည်။

သူတို့ဟာ ငရဲကေရီ ကိုသာမကဘဲ ယန်ယဲ့
အကြောင်းကိုပါ ပြောဆိုနေခြင်းပင်။ ယန်ယဲ့
ထုတ်ဖော်လိုက်သော တိုက်ခိုက်မှုသည်
သူတို့အတွက်
ကြီးမားသောခြိမ်းခြောက်မှုတစ်ခုဖြစ်သော
ကြောင့်ပါ။

သို့သော် ငရဲကေရီက ယန်ယဲ့ထက် ပို၍
သန်မာသည်ဟု ခံစားရသည်။

အခြားအရာများကို အသာထား၊ ယန်ယဲ့သည်
ငရဲကေရီ၏ တိုက်ခိုက်မှုများကို
အသည်းအသန်ခုခံနေရသော်လည်း
ငရဲကေရီကတော့ အသာလေး
ချေဖျက်ပြခဲ့သည်။

မှန်ပါသည်။ သို့သော် ယန်ယဲ့ဟာ ယခုအချိန်ထိ
ဓားမထုတ်ရသေးကြောင်းကိုမူ လူတိုင်း
သတိမထားမိကြသေးချေ။

"ငါ နဂါးမျိုးနွယ်စုရဲ့ ပါရမီရှင် လုံ့ရှမ် နဲ့
တိုက်ခိုက်ခဲ့တယ်။ သူက နဂါးမျိုးနွယ်စုရဲ့

မျိုးဆက်သစ်လူငယ်တွေထဲမှာ အသန်မာဆုံး ပါရမီရှင် ဖြစ်ပေမယ့် သူ့ရဲ့ရုပ်ခန္ဓာက နင့်ထက် အများကြီး နိမ့်ကျနေသေးတယ်။

နင့်မှာ ငါတွေ့ဖူးသမျှထဲ ကြောက်စရာအကောင်းဆုံး ရုပ်ခန္ဓာ နဲ့ အကာအကွယ် ရှိတယ်။” ငရဲကေရီက ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာပြီး “ဒါပေမဲ့ ငါ့အမြင်အရတော့ ဒါဟာ မလုံလောက်သေးဘူး။ နင်က ဟာကျူလီသံချပ်ကာ နဲ့ ဟာကျူလီတူကို ကိုင်ထားရင်တောင်။"

ယန်ယဲ့၏ အကြည့်များသည် ငရဲကေရီ
လက်ထဲမှ အနက်ရောင်သံကြိုးပေါ်
ကျဆင်းသွားသည် ။
သူစိတ်ထဲ ငရဲကေရီ ဆိုလိုချင်တာကို
နားလည်လိုက်၏။
ထိုစဉ် ငရဲကေရီက ရုပ်လိုက်ပြီး “ငရဲချိန်းကြိုး!
ဒါက သူတော်စင်လက်နက်တစ်ခုပဲ။ ဒါပေမဲ့
အဲဒါက နင့်ထက် အများကြီး ပိုကောင်းတယ်"
စကားပြောနေရင်း သူမလက်ထဲရှိ
ငရဲချိန်းကြိုးက အဆက်မပြတ် လှုပ်ရှားလာပြီး
"ငါ သူတော်စင်နည်းစနစ်ကို သုံးတော့မယ်။
ဒီတော့ နင့်ရဲ့ဓားကို ဆွဲထုတ်သင့်ပြီ။"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူကာ
ခေါင်းညိတ်လိုက်သည်။ သူ့လက်ထဲက
ဟာကျူလီတူကို ပြန်သိမ်းပြီး
လက်ကိုတစ်ချက်ယမ်းလိုက်သည်။

တဖျပ်ဖျပ်တောက်ပနေသော
ဓားအလင်းတန်းများနှင့် လနတ်ဓားက
သူ့လက်ထဲတွင် ပေါ်လာသည်။

ယန်ယဲ့သည် လနတ်ဓားကို စိုက်ကြည့်ရင်း
ပြုံးလိုက်သည် ။ မူချင်းဖန်က သူ့ကို
ယာယီပေးထားသည့်

ဓားတစ်လက်ဖြစ်သော်လည်း သူမကို
ပြန်ပေးဖို့မေ့သွားခဲ့သည်။

အစောပိုင်းက ပျက်စီးသွားခဲ့သော်လည်း
သူ့အလိုလို
ပြန်လည်ကောင်းမွန်လာသောကြောင့် ယခုအခါ
အပြည့်အဝ ပြန်လည်ကောင်းမွန်လာခဲ့သည်။

"အမှန်အတိုင်း စလိုက်ရအောင်!"
ထိုစကားများကို သူပြောပြီးသည်နှင့်
တပြိုင်နက် သူ့ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော

ဓားကြိုးတစ်ချောင်း
ပေါက်ကွဲထွက်လာပါသည်။

" ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ.... "

ယန်ယဲ့ထံမှ ထွက်လာသော ဓားစိတ်ဆန္ဒကို
သတိပြုမိသောအခါ ဤနေရာရှိလူတိုင်း
အံ့ဩသွားကြသည်။ အဘယ်ကြောင့်ဆိုသော်
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒသည်
သူတော်စင်တစ်ပိုင်းအဆင့်များကို
ချုပ်နှောင်ထားနိုင်သောကြောင့်ပင်တည်း။

ဟုတ်သည်။ ထိုအရာက သူတို့
ထိတ်လန့်သွားသည့် အကြောင်းအရင်း
မဟုတ်ချေ။
သူတို့ ထိတ်လန့်သွားသည့်အကြောင်းအရင်းက
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ ကို
နားလည်ထားသူဟာ အသက် ၂၀ ဝန်းကျင်သာ
ရှိနေခြင်းပါ။

"မြင့်မြတ်တဲ့ကေရီသာ မရှိခဲ့ရင်
မြင့်မြတ်နယ်မြေမှာရှိတဲ့ ဘယ်ပါရမီရှင်ကမှ
ဒီယန်ယဲ့ကို ယှဉ်နိုင်မှာမဟုတ်ဘူး။"
အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်က

လေးနက်စွာပြောလိုက်သည်။ အခြား
အဖြူရောင်ဝတ်ရုံအဘိုးအိုများသည်လည်း
တိတ်တိတ်ဆိတ်ဆိတ်နေပါသည်။
ဤကဲ့သို့တိတ်ဆိတ်နေခြင်းဟာ
ထောက်ခံမှုအား ကိုယ်စားပြုနေခြင်းပင်။

ယင်ယင်၏ ဘေးမှာ ရပ်နေသည့်
မျက်မမြင်အဘိုးအိုသည်လည်း အံ့ဩနေသံဖြင့်
ရေရွတ်လိုက်လေသည်။ "တကယ့်ကို
ဓားတာအိုရဲ့အထွတ်အထိပ်ပါရမီရှင်ပဲ!"

"အရမ်းကောင်းတယ်!" ငရဲကေရီက
သူမ၏လက်များကို မြှောက်ထားရင်း
အနည်းငယ် ခေါင်းညိတ်လိုက်သည်။
ချက်ချင်းပင် သူမ၏လက်ထဲရှိ
အနက်ရောင်သံကြိုးက
အနက်ရောင်လျှပ်စီးများကဲ့သို့ ပတ်ဝန်းကျင်ကို
ပြန့်နှံ့သွားကာ ကောင်းကင်တစ်ခုလုံး
ရုတ်တရက် မည်းမှောင်သွားခဲ့သည်။
တစ်ချိန်တည်းမှာပင် အနက်ရောင်သံကြိုးကနေ
ထွက်ပေါ်လာသည့်
ကြောက်မက်ဖွယ်စွမ်းအင်များသည် ၃
ကီလိုမီတာ ပတ်လည်

အာကာသဟင်းလင်းပြင်ကို
တွန့်ခေါက်သွားစေလေသည်။

“အားလုံးနောက်ပြန်ဆုတ်!”
အဖြူရောင်ဝတ်ရုံအဘိုးအို များ၏
အမူအရာများသည်
သိသိသာသာပြောင်းလဲသွားကြကာ ကိုယ်စီ
အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍ ၁၀
ကီလိုမီတာကျော် အကွာသို့
ဆုတ်ခွာသွားကြသည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၃၉ - ယန်ယဲ့ Vs ငရဲကေရီ (အပိုင်း ၃/၃)

"ဘယ်လောက်တောင် ကြောက်စရာကောင်းတဲ့ မိန်းကလေးလဲ!" ယင်ယင်ဘေးမှာ ရပ်နေတဲ့ မျက်မမြင်အဘိုးအို က နောက်တစ်ကြိမ် ထပ်ပြောပြီး သူ့လေသံက လေးနက်မှု

အရိပ်အယောင်တွေ
သယ်ဆောင်လာခဲ့ပါသည်။

"ယန်ယဲ့၊ ဒါက သူတော်စင်နည်းစနစ်ပဲ။
"ကောင်းကင်ချုပ်နှောင်ချိန်း"လို့ခေါ်တယ်။ နင့်ရဲ့
ခွန်အားအစစ်အမှန်ကို ငါသက်သေပြပါရစေ။"

သူမစကားပြောပြီးသည်နှင့် လေထုထဲတွင်
ရောမသံကြိုးကြီးတစ်ချောင်း ထိုးထွက်လာပြီး
ပိုက်ကွန်တစ်ခုသဖွယ် ယန်ယဲ့ ဆီသို့
ရောက်ရှိလာသည်။

အနက်ရောင်သံကြိုးက
အာကာသဟင်းလင်းပြင်အား ထူးဆန်းစွာဖြင့်
ဖိနှိပ်ထားသည်ကို လူတိုင်း သတိပြုမိကြသည်။
ထို့အပြင် ၎င်း၏လမ်းကြောင်းရှိ
အာကာသဟင်းလင်းပြင်သည်
လေဟာနယ်လှိုဏ်ခေါင်းပုံသဏ္ဌာန်ဖြင့်
ပိုင်းခြားထားသည်။
ထို့နောက်တွင်
အထပ်ထပ်ပေါင်းစည်းထားသည့်
အကာသပိုက်ကွန်
(လေဟာနယ်အလွှာ)မြောက်များစွာသည်

ယန်ယဲ့၏ အထက် ကောင်းကင်မှာပေါ်လာပြီး
သူ့ဆီသို့ တိုက်ရိုက်ကျဆင်းလာပါသည်!

ယန်ယဲ့သည် ရောမသံကြိုးပိုက်ကွန်ကြီးကို
စိုက်ကြည့်ရင်း
အသက်ပြင်းပြင်းရှူလိုက်သည်။
ရအတ်တရက်ပင် သူ့မျက်လုံးထဲ၌
အေးစက်သော အလင်းတန်းတစ်ခု
လင်းလက်လာသည်။
သူ့ခန္ဓာကိုယ်ထဲရှိ ဓားစိတ်ဆန္ဒသည်
တဝုန်းဝုန်းဆူပွက်လာပြီး လနတ်ဓား ထံ
အဆက်မပြတ် စီးဝင်နေသည်။

ၛင်းသည်
သူ၏ဓားစိတ်ဆန္ဒသက်သက်မဟုတ်ပါ၊
သူ့ခန္ဓာကိုယ်ထဲရှိ
မူလခရမ်းရောင်စွမ်းအင်များလည်းပါဝင်လေ
သည်။

ဤအခိုက်အတန့်တွင် လနတ်ဓားသည်
ပြင်းထန်စွာ တုန်ခါလာပြီး ကြောက်မက်ဖွယ်ရာ
အရှိန်အဝါနှင့် ဓားမြည်သံများဟာ
ကောင်းကင်ယံသို့တိုင် ပြန့်နှံ့သွားပါတော့သည်။

အချိန်သိပ်မကြာတော့ဘဲ လနတ်ဓားသည် မူလခရမ်းရောင်စွမ်းအင်ကို လက်ခံနိုင်စွမ်းမရှိတော့သကဲ့သို့ ပင့်ကုမ္ပဏီလို ကွဲအက်သွားလေသည်။

“လာ!” ယန်ယဲ့၏ ဒေါသတကြီး အောသံသည် ကမ္ဘာနှံ့ လွှမ်းခြုံထားသည့် ဓားမြည်သံကဲ့သို့ပင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ယန်ယဲ့သည် သူ၏ဓားကိုကိုင်ထားရင်းပျောက်ကွယ်သွားကာ ထို့နောက်တွင် စူးရှသော ဓားအလင်းတန်းဟာ

ငရဲချိန်းကြိုးပိုက်ကွန် ဆီသို့
ပစ်လွှတ်လိုက်သည်။

"ဓားနှင့်လူတစ်သားတည်းပေါင်းစည်းခြင်း။
သူ့ဓားရဲ့အရှိန်နဲ့ခွန်အားက ချက်ချင်းကို
တိုးလာပါလား။
ငါသာဆိုရင် ဒီလို တိုက်ခိုက်မှုမျိုးကို မခံနိုင်ဘူး
…” အဖြူရောင်ဝတ်ရုံအဘိုးအို့တိုင်း
မျက်နှာပျက်သွားကာ စိတ်ထဲ၌
တူညီသောအတွေးများ ဖြစ်ပေါ်လာကြသည်။

ယန်ယဲ့ သို့မဟုတ် ငရဲကေရီပင်ဖြစ်စေ၊
သူတို့နှစ်ဦးစလုံး၏ တိုက်ခိုက်မှုနှင့် အရှိန်ဟာ
အလွန်လျင်မြန်ပြီး သာမန်လူတစ်ယောက်
မြင်နိုင်သောအရာမဟုတ်ချေ။

သို့သော် လက်ရှိ ဤနေရာမှ လူတိုင်းက
သူတော်စင်တစ်ပိုင်းအဆင့်များဖြစ်ရာ
တိုက်ပွဲအခြေအနေအား
အနည်းနှင့်အများဆိုသလို မြင်တွေ့နိုင်ကြ၏။

လူတိုင်း အံ့ဩတုန်လှုပ်စွာ
စောင့်ကြည့်နေချိန်တွင်
စူးရှသောအလင်းတန်းက

ငရဲချိန်းကြိုးပိုက်ကွန်အား
ကန့်လန့်ဖြတ်ပိုင်းချသွားလေသည်။

ဂျုန်း

ကောင်းကင်ယံတွင် နတ်လျှပ်စီးကြောင်း
ပေါက်ကွဲသွားသကဲ့သို့ပင်။
ရောမပေါက်ကွဲသံကြီးသည် ကီလိုမီတာ ၅၀၀
အကွာထိပင် တိုက်ရိုက် ပြန့်နှံ့သွား၏။

တိုက်မိသည့်အချိန်၌
ရောမစွမ်းအင်လှိုင်းလုံးများပါ ဖြာထွက်လာပြီး
ပတ်ဝန်းကျင်ဆီသို့ အဆက်မပြတ်
ရိုက်ခတ်သွားသည်။

စွမ်းအင်လှိုင်းများ ဖြတ်သန်းသွားသည့်
နေရာတိုင်းတွင် အနက်ရောင်တွင်းနက်များစွာ
ပေါ်လာပြီး အာကာသဟင်းလင်းပြင်သည်
ချက်ချင်းပြိုကျသွား၏။
သို့သော်လည်း အာကာသနိယာမသည်
ထိုတွင်းနက်များကို
ချက်ခြင်းပြုပြင်လိုက်သောကြောင့်

ကောင်းကင်သည်
တစ်ဖန်ပြန်လည်ငြိမ်သက်သွားခဲ့သည်။
သို့တိုင် ငရဲချိန်းကြိုးပိုက်ကွန်သည်
ပျံ့လွင့်မသွားဘဲ မည်သည့် လှုပ်ခတ်မှုမျှပင်
မရှိချေ။
 ရုတ်တရက်ဆိုသလို အလင်းတန်းများ
မှိန်ဖျော့ဖျော့ တောက်ပလာပြီး
ငရဲချိန်းကြိုးပိုက်ကွန်သည် ပြင်းထန်စွာ
တုန်ခါလာ၏။

ဆူး!

ယန်ယဲ့သည် သို့မဟုတ် ယန်ယဲ့ တစ်ဖြစ်လည်း
ရောမဓားကြီးသည် ငရဲချိန်းကြိုးပိုက်ကွန်ကို
ထိုးဖောက်၍ ငရဲကေရီ ရှေ့သို့
ရောက်လာခဲ့လေသည်။

သို့သော်လည်း ငရဲကေရီက
သေးသွယ်သောလက်နှစ်ချောင်းဖြင့်
သူ၏ဓားကို ညှပ်ထားလိုက်သည်။
ဤအရာကြောင့် ယန်ယဲ့၏
မျက်လုံးများသည်လည်း ပြင်းထန်စွာ
ကျဉ်းမြောင်းသွားခဲ့သည်။

“ဖြုန်ခွဲ!” သူမအသံထွက်လာသည်နှင့်
လနတ်ဓားက ချက်ချင်းပင် ပြာအဖြစ်
ပြောင်းလဲသွားသည်။

ယန်ယဲ့သည် ဤအခြေအနေကြောင့် အလွန်ပင်
အံ့ဩသွားသည်။
သူက ချက်ချင်း နောက်ဆုတ်ဖို့ ပြင်လိုက်၏။
သို့သော်လည်း ငရဲကေရီက သူ့ရှေ့မှာ
ပေါ်လာသည်ကို မြင်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ငရဲကရီ၏ လက်သည်
ယန်ယဲ့၏ ရင်ဘတ်အား လျင်မြန်စွာ
ရိုက်ချလာပါသည်။

"ချိုး!" သူမပြောပြီးသည်နှင့် တပြိုင်နက်
ယန်ယဲ့၏ ဟာကျူလီသံချပ်ကာသည်
ထူးဆန်းသော စွမ်းအားတစ်ခု ချက်ချင်း
ထိုးဖောက်ဝင်ရောက်ကာ သူ့ရင်ဘတ်ကို
ထိမှန်သွားခဲ့သည်။

သို့သော် သူ့ခန္ဓာကိုယ် လွင့်ထွက်မသွားခင်မှာပဲ
ယန်ယဲ့ဟာ ငရဲကရီ၏ လက်ကို

ဖမ်းကိုင်လိုက်ကာ အဆင့် ၁၂
ဓားစိတ်ဆန္ဒဓားဖြင့် ပိုင်းချခဲ့သည်။

ရွှစ်....
သွေးကြိုးတစ်ချောင်းက လေထဲသို့ ဖျန်းခနဲပါ။

ထိုအချိန်တွင် ယန်ယဲ့၏ ခန္ဓာကိုယ်သည်
အမည်မဲ့မြို့၏ တံတိုင်းနှင့် တိုက်ချကာ
မြို့ရိုးတစ်ခုလုံး တုန်လှုပ်သွားစေသည်။

သူမ ဒဏ်ရာရသွားပြီ။

အဝေးမှကြည့်နေသော
မြင့်မြတ်ခန်းမအသီးသီး၏
အကြီးအကဲများအားလုံးလည်းအံ့ဩသွားကြ
သည်။

ယန်ယဲ့သည် ငရဲကေရီ ကို အမှန်တကယ်
ဒဏ်ရာရစေလိမ့်မည်ဟု မထင်ထားခဲ့ကြချေ။

ဤအခိုက်အတန့်တွင် သူတို့၏ နှလုံးသားထဲက
ထိတ်လန့်မှုကို စကားလုံးများဖြင့် ဖော်ပြရန်
မဖြစ်နိုင်ပေ။

ငရဲကေရီ သည် မြင့်မြတ်ခန်းမများ၏
သမိုင်းတစ်လျှောက်တွင် မည်သည့်အခါမှ
ရှုံးနိမ့်ခြင်း မရှိခဲ့သလို
ထိခိုက်ဒဏ်ရာရခြင်းလည်း
မရှိခဲ့ပါ။သူတော်စင်တစ်ပိုင်းအဆင့်ကို
သတ်ခဲ့သည့်အချိန်ကပင် သူမဟာ
ဒဏ်ရာသေးသေးလေးပင်မရချေ။

ယခုအချိန်မှာတော့ အဆင့် ၄ သိုင်းကေရာဇ်၏
လက်ချက်ဖြင့် ဒဏ်ရာရသွားပါပြီ။

“အံ့ဩစရာပဲ!” မျက်မမြင်အဘိုးအို၊ နောက်တစ်ကြိမ် ထပ်ပြောပြန်သည်။ ယင်ယင်သည် အဘိုးအို၏ အဓိပ္ပါယ်ကို အပြည့်အဝနားမလည်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူမသည် မြို့ရိုးရှေ့တွင် မတ်တပ်ရပ်နေသော ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။

"တိုက်ပွဲမှာ ဒဏ်ရာရတာ ဒါပထမဆုံးဘဲ!" ငရဲကေရီက စကားပြောနေရင်း ယန်ယဲ့ ဆီကို ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။

"ဘယ်လောက်ကြာနေပြီလဲဆိုတာတောင်
မသိပါဘူး။ ဒဏ်ရာရတယ်လို့ ခံစားရတာ
ဒါပထမဆုံးအကြိမ်ပဲ။ ယန်ယဲ့၊
ငါနင့်ကိုတကယ်လေးစားတယ်၊
နင့်ကိုငါတကယ်မသတ်ချင်ဘူး။
ဒီအရာကိုရောက်ဖို့ ငါကြိုးစားခဲ့ပေမဲ့
နင်ကငါ့ရန်သူဖြစ်လာဖို့ ရွေးချယ်တုန်းပဲ!"

"မင်းက ငါ့ရန်သူဖြစ်လာဖို့ ရွေးချယ်ခဲ့တာပဲ!"
ယန်ယဲ့သည်လည်း ရှေ့တိုးလာရင်း "မင်းလိုပဲ
ငါလည်း မင်းနဲ့ရန်သူ မဖြစ်ချင်ဘူး။ ဒါပေမဲ့
မတတ်နိုင်ဘဝလေ။ ငါတို့ရဲ့ရှုထောင့်က

မတူဘူး၊ ဒါကြောင့် ငါတို့က ရန်သူတွေ
ဖြစ်ရမယ်။”

သူမက ခေါင်းမည်တက်ခင်
ခဏလောက်စဉ်းစားပြီး “နင်မှန်တယ်၊ ငါတို့ရဲ့
ရှုထောင့်က မတူဘူး။ ဒါတင်မကသေးပါဘူး၊
ငါတို့တွေးပုံက မတူပါဘူး။
ငါတို့ရန်သူဖြစ်မယ်လို့
ကြိုတင်သတ်မှတ်ထားတာပဲ။ လာ! ငါ့ရဲ့
နောက်ထပ်တိုပ်ခိုက်မှုကို လက်ခံလိုက်စမ်း!”
စကားပြောပြီးသည်နှင့် ငရဲကေရီသည်
သူမ၏ညာဖက်လက်ကို

ဖြည်းညှင်းစွာမြှောက်လိုက်ပြီး မလှမ်းမကမ်းမှ
ယန်ယဲ့ကို ချိန်ရွယ်ကာ

"နောက်ပြန်သွားတော့!"
သို့သော် ဤလုပ်ရပ်သည်
ဤနေရာရှိလူတိုင်း၏ အမှုအရာများကို
သိသိသာသာပြောင်းလဲသွားစေခဲ့ပြီး
မျက်မမြင်အဘိုးအိုလည်း ပါဝင်ခဲ့သည်။
မျက်စိနှင့်မမြင်ရပေမဲ့ သေခြင်းတရားကို
ကောင်းကောင်း ခံစားလိုက်ရပုံပါ။

"..."ယင်နှင့်ယန်ကို ပြောင်းပြန်လှန်ခြင်း" ဒါကဘယ်လိုဖြစ်နိုင်မှာလဲ!" မျက်မမြင် အဘိုးအို၏ အသံသည် ထိတ်လန့်မှုနှင့် ကြောက်ရွံ့မှု အနည်းငယ်ကိုလည်း သယ်ဆောင်လာသည်။

လက်တစ်ချက်သာ ယမ်းလိုက်သော်လည်း ယန်ယဲ့၏ ပတ်ပတ်လည် မီတာ ၃၀၀ အကွာရှိ အာကာသဟင်းလင်းပြင်သည် တီးခတ်နေသော ဗုံတစ်လုံးကဲ့သို့ စတင်တုန်ခါလာခဲ့လေသည်။

ထို့အပြင် လူတိုင်းဟာ ယန်ယဲ့ ရုပ်နေသည့်
နေရာပတ်ပတ်လည်၌ ရှင်သန်မှုအင्ဃေအသက်
လုံးဝပျောက်ကွယ်သွားသည်ကို
သတိပြုမိလိုက်ကြသည်။
အသက်စွမ်းအင်(ရှင်သန်ခြင်းချီ)သည်
မရဏ(သေခြင်းချီ)စွမ်းအင်အဖြစ်
လုံးဝပြောင်းလဲသွားသည်ဟု ဆိုရပါမည်။

"ယင်နှင့်ယန်ပြောင်းပြန်လှန်ခြင်း။
ကမ္ဘာရဲ့ဥပဒေသကိုတောင်ဖျက်ဆီးပစ်တယ်...။
အတိအကျ သူမက ဘယ်သူလဲ!?"
မျက်မမြင်အဘိုးအိုဘေးနားတွင်

ဦးခေါင်းမရှိသူတစ်ဦး ရုတ်တရက်ပေါ်လာပြီး အသံတိုးတိုးနှင့်ပြောလိုက်လေသည်။

"ငရဲခန်းမ!" မျက်မမြင်အဘိုးအိုသည် ထိုစကားများကိုသာ ပြောလိုက်ပြီးနောက် အားလုံး တိတ်ဆိတ်သွားကြသည်။

၉၄၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၄၀ - ဒုတိယမြောက်
အနှောင်အဖွဲ့ကင်းမဲ့သူ

ထိုအချိန်တွင် ယန်ယဲ့သည်
လူသေကောင်ဖြစ်သွားသည့်အလား
သူ့ခန္ဓာကိုယ်မှ အသက်စွမ်းအင်များ
တဖြည်းဖြည်းလျော့ကျသွားပါတော့သည်။
အသက်ရှူ ၁၀ ရှိုက်စာအတွင်းမှာပဲ ယန်ယဲ့ဟာ
သူ၏ ဟာကျူလီသံချပ်ကာပေါ်၌
အက်ကြောင်းများပေါ်လာသည်ကို
သတိပြုမိခဲ့သည်။

ပတ်ဝန်းကျင်ရှိလူတိုင်း၏ အကြည့်များသည်
ယန်ယဲ့ အပေါ်တွင် ရှိနေသည်။ တစ်ချို့က
သနားကြတယ်၊ တစ်ချို့က သူ့ရဲ့ကံကြမ္မာကို
နှစ်သက်ကြတယ်၊ တစ်ချို့က
လျစ်လျူရှုကြတယ်...။

ငရဲကေရီ သည်လည်း ယန်ယဲ့ကို
စိုက်ကြည့်နေသည်။
ဟာကျူလီသံချပ်ကာပေါ် ရှိ ဖြည်းညှင်းစွာ
ပေါ်နေသော အက်ကွဲကြောင်းများကို
ကြည့်နေရင်း သူမ၏ မျက်လုံးထဲ၌

ရှုပ်ထွေးသောအမှုအရာတစ်ခုက
တောက်ပလာသည်။ အဆုံးတွင် သူမ
မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။

“အစ်ကိုကြီး….” ယင်ယင်က ရုတ်တရက်
တိုးတိုးလေး အော်ဟစ်လိုက်ပြီး ယန်ယဲ့ကို
ကယ်တင်ရန် ပြင်လိုက်၏။
သို့သော် ခေါင်းမရှိသောလူက သူမကို
တားလိုက်သည်။ ယင်ယင်သည်
ဒေါသတကြီးဖြစ်ကာ
မျက်လုံးသေးသေးလေးထဲကနေ

အဆုံးမရှိသတ်ဖြတ်လိုသော အင်ငွေ့အသက်များ ပေါက်ကွဲလာလေသည်။

ယင်းကြောင့် မျက်မမြင်အဘိုးအို၏ မျက်ခွံများ လှုပ်ယမ်းသွားကာ အလိုလိုပင် ဘေးဖက်သို့ ရွှေ့သွားခဲ့သည်။

ထိုအချိန်တွင် ဦးခေါင်းမရှိသူ၏ အစာအိမ်မှ အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည် "ကူညီဖို့ အလျင်လိုမနေနဲ့။ ရှေ့ကို သေချာကြည့်စမ်း၊ သူ့မျက်နှာက တုန်လှုပ်ချောက်ချားမှုတွေ ပျောက်ကွယ်သွားပြီ။ သူ့မှာ ဖြေရှင်းဖို့

နည်းလမ်းရှိကောင်းရှိနိုင်တယ်။ သူက ဓားတာအိုလမ်းစဉ်ကျင့်ကြံသူဖြစ်လို့ အခုနေ မင်း သူ့ကို လက်ကို ဌားရင် အတွင်းစိတ်နတ်ဆိုးတွေ ပေါ်လာလိမ့်မယ်။ ဒါကြောင့် သူ့ကို ကယ်တင်လိုက်ရင်တောင် သူ ချိန့်သွားလိမ့်မယ်။ သူ့ရဲ့ အတွင်းစိတ်နတ်ဆိုးတွေကို ဘယ်တော့မှ ကျော်ဖြတ်နိုင်မှာမဟုတ်တော့ဘူး။"

"သမီးလေး၊ သူပြောတာမှန်တယ်။" ထိုအတောအတွင်း မျက်မမြင်အဘိုးအို က "သူ့ကို တိုက်ခိုက်တဲ့ ဒီကလေးမလေးက

ကျင့်ကြံမှုနိမ့်ကျနေတယ်လေ။ ဒါဟာ
သူတို့ကြားက တရားမျှတတဲ့ တိုက်ပွဲတစ်ခုပဲ။
မင်း သူ့ကို လက်တစ်ဖက်ဌားလိုက်ရင် သူ့ရဲ့
စိတ်အခြေအနေက သေချာပေါက်
ဒုက္ခရောက်လိမ့်မယ်၊ အဲဒါက
သူ့ဓားနှလုံးသားရဲ့ ရှင်းလင်းပြတ်သားမှုကို
ဆုံးရှုံးသွားစေလိမ့်မယ်။ ဒါဟာ
ဓားသမားတိုင်းအတွက် သေစေလောက်တဲ့
ထိုးနှက်ချက်ပဲ။ ဒါဆို စောင့်ကြည့်လိုက်ဦး…."

ယင်ယင်၏မျက်လုံးများတွင်
စိုးရိမ်ပူပန်မှုများရှိနေသော်လည်း သူမ

အလျင်စလိုမလုပ်ဘဲ ယန်ယွဲ့ကိုသာ
စူးစိုက်စိုက်စိုက်ကြည့်နေလေသည်။

ဤအချိန်မှာ ဟာကျူလီသံချပ်ကာရှိ
အက်ကွဲကြောင်းများသည် ပိုမိုကြီးမားလာပြီး
ချပ်ဝတ်တန်ဆာကိုယ်တိုင်က
ၛင်း၏ပုံသဏ္ဌာန်ကို ဆုံးရှုံးလာပါတော့သည်။

ရုတ်တရက် ဓားဝိညာဉ်၏
စိုးရိမ်တကြီးအသံသည် ယန်ယွဲ့၏ စိတ်ထဲတွင်
ပဲ့တင်ထပ်ကာ "ဓားနယ်မြေကို

အမြန်အသက်သွင်းပြီး ငါပြောတဲ့အတိုင်း
လိုက်လုပ်ပါ။"

“စိတ်ကို ကြည်လင်စေပြီး
အာရုံစူးစိုက်မှုကင်းပါစေ။
ဓားနယ်မြေထဲမှာရှိတဲ့ အရာအားလုံး
ဘယ်အရာမဆို နင်ကိုယ်တိုင်ပဲ။
နင်ကိုယ်တိုင်က ဓားနယ်မြေထဲမှာရှိတဲ့
အရာအားလုံး။ နင်က ဓားနယ်မြေထဲမှာ လုံးဝ
ပြိုင်ဖက်ကင်းပဲ။" ဓားဝိညာဉ်၏ အသံသည်
မပြတ်ပဲ့တင်ထပ်နေသည်။

ယန်ယဲ့သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်ပါသည်။
ဤတစ်ကြိမ်တွင် သူသည် ဓားနယ်မြေ ကို
ထိန်းချုပ်ရန် မကြိုးစားတော့ပေ။ ထိုအစား
ဓားနယ်မြေထဲရှိ အရာအားလုံးကို
စတင်ခံစားမိလာခဲ့သည်။

သူပထမဆုံးခံစားမိသည်မှာ ငရဲကေရီ
အသုံးပြုခဲ့သည့် ဥပဒေသများ ပင်တည်း။

အလွန်အမင်းအစွမ်းထက်ကာ
ကြောက်စရာကောင်းလှသည်။
သူ၏ ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒဖြင့်ပင်
ဖိနှိပ်နိုင်စွမ်းမရှိချေ။
(ယင်နှင့်ယန်ပြောင်းပြန်လှန်ခြင်း) ငရဲကေရီ
အသုံးပြုလိုက်သော ဥပဒေသစွမ်းအင်သည်
သူ့ပတ်ဝန်းကျင်ရှိ အရာအားလုံးကို ပြင်းထန်စွာ
ပြောင်းလဲစေခဲ့သည်။ ဥပမာအားဖြင့်
ကောင်းကင်၊ ကောင်းကင်ထက်ရှိ
နေအလင်းရောင်ပင်ပျောက်ကွယ်၍
ညအမှောင်ကဲ့သို့ မည်းမှောင်နေပါသည်။

ထို့အပြင်၊ လက်ရှိ သူ့ခန္ဓာကိုယ်သည်လည်း
အသက်စွမ်းအင်များ ပျောက်ကွယ်နေကာ
မရဏစွမ်းအင်များဖြင့် ပြည့်နှက်နေ၏။
တစ်နည်းပြောရရင် သူ၏ခန္ဓာကိုယ်က
လူသေကောင်အဖြစ် တဖြည်းဖြည်း
ပြောင်းလဲလာနေပြီဖြစ်သည်။

ဤအရာသည် "ယင်နှင့်ယန်
ပြောင်းပြန်လှန်ခြင်း" ၏စွမ်းအားပင်တည်း။

ရင်းသည် ဥပဒေသ
စွမ်းအင်အမျိုးအစားတစ်ခုဖြစ်ပြီး
လက်ရှိကမ္ဘာတာအိုဥပဒေသထက်ပင်
ကျော်လွန်ခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
အမြင်အာရုံသည် တဖြည်းဖြည်း
ပိုမိုရှင်းလင်းလာသည်။ သူ့ပတ်ဝန်းကျင်က
အရာအားလုံးကို မျက်လုံးနဲ့သာ
မြင်ဖူးသော်လည်း လက်ရှိတွင်
သူ့နှလုံးသားဖြင့် ကြည့်နေသည်ဖြစ်ရာ
အတိတ်က သူ့မထိတွေ့ဖူးသည့်
အရာတချို့ကိုပင် ခံစားမိလိုက်သည်။
ဤအခြေအနေသည် ရုတ်တရက်
ဉာဏ်အလင်းပွင့်သွားသည်ဟု ဆိုနိုင်သည်။

"အရာခပ်သိမ်း၏အနှစ်သာရကို
ဆုပ်ကိုင်မိခြင်း။
စွမ်းအင်၏အနှစ်သာရနှင့်
နိယာမတရား(ဥပဒေသ)
များ၏ အနှစ်သာရများ။ သို့သော်လည်း သူဟာ
အစွန်အဖျားလောက်သာ
ဆုပ်ကိုင်မိသေးသည်ကို နားလည်ခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်
ဆေဘာဓားဂိုဏ်းတည်ထောင်သူဘိုးဘေး၏
ဓားစိတ်ဆန္ဒက အဘယ်ကြောင့်

ဤမျှအစွမ်းထက်သည်ကို
နားလည်သွားပါသည်။
အဘယ်ကြောင့်ဆိုသော် အနှောင်အဖွဲ့ကင်းမဲ့သူ
နားလည်ထားသည့် ဓားနယ်မြေ သို့မဟုတ်
ဓားစိတ်ဆန္ဒ တွင် ဥပဒေသစွမ်းအင်များ
ပါဝင်သောကြောင့်ပင်တည်း။
ရိုးရိုးရှင်းရှင်းပြောရလျှင် ဓားစိတ်ဆန္ဒ
သက်သက်ဟု မယူဆနိုင်ပါ၊ ၎င်းအား
ဥပဒေသဓားစိတ်ဆန္ဒ(ဓားတာအိုစိတ်ဆန္ဒ)အဖြစ် သတ်မှတ်ရပေမည်။

ဥပဒေသ ဟူသည်ကား မည်သည့်အရာနည်း။

ယန်ယဲ့သည် ထိုအဖြေကို မသိလိုက်ပေ။
သူသည် မည်သည့် ဥပဒေသကိုမျှ
ဆုပ်ကိုင်မထားမိသေးသောကြောင့်ပါ။
အရာအားလုံး၏ အနှစ်သာရကိုသာ
နားလည်လိုက်ခြင်းပင်။ တစ်နည်းပြောရလျှင်
သူသည် ဓားနယ်မြေ ထဲမှ နေရာနှင့်
အချိန်အပါအဝင်
စွမ်းအင်အမျိုးအစားအားလုံးကို
ရှင်းရှင်းလင်းလင်း သိရှိနိုင်သည်။

ဤအရာအားလုံးသည် သူ့စိတ်ထဲတွင်
အကြိမ်ပေါင်း ၁၀,၀၀၀ ချဲ့ထွင်ထားပုံရပြီး
အချိန်တိုင်း အသေးစိတ်ကို ရှင်းရှင်းလင်းလင်း
မြင်နေရပါသည်။

ဤအရာများကို လုံးလုံးလျားလျား
ဆုပ်ကိုင်ထားပြီးနောက် ၎င်းတို့အား
ဖျက်ဆီးရန်မှာ လွယ်ကူမည်မဟုတ်ပေ။

"ဖျက်ဆီးလိုက်တော့.....!"

ဤအချိန်တွင်တော့ အတိတ်က
သူ၏ဓားနယ်မြေ ဟာ ဘာကြောင့်များ
အစွမ်းမထက်ခဲ့သလဲကို နောက်ဆုံးတွင်
နားလည်သွားပါပြီ။
အကြောင်းအရင်းမှာ သူသည် ဓားနယ်မြေ၏
စစ်မှန်သောသဘောတရားကို
နာယမလည်သောကြောင့်ပါပဲ။
ပြိုင်ဖက်ကို တိုက်ခိုက်ရန်သာ
အသုံးပြုနေခဲ့ခြင်းပင်။ ထို့ကြောင့်လည်း
ငရဲကေရီ နှင့် ပထမဆုံးရင်ဆိုင်တွေ့စဉ်က
သူ၏ဓားနယ်မြေ ချက်ချင်း
ဖျက်ဆီးခံလိုက်ရခြင်းပင်တည်း။

ယန်ယဲ့၏ မျက်လုံးများသည်
ဖြည်းညှင်းစွာပွင့်လာပြီး သူ့မျက်လုံးအစုံကနေ
ဓားစိတ်ဆန္ဒများ ထွက်ပေါ်လာသည်။
ဤတစ်ကြိမ်တွင် ဓားစိတ်ဆန္ဒသည်
ငရဲကေရီ၏ စွမ်းအင်ကြောင့်
ပြိုပျက်မသွားပေ။ ဓားစိတ်ဆန္ဒသည် ယန်ယဲ့၏
ပတ်လည်ရှိ အာကာသဟင်းလင်းပြင်
အပါအဝင် လေထုနှင့်
တစ်သားတည်းဖြစ်နေပုံရသည်။ ၎င်းကို
မမြင်နိုင်သော်လည်း ထွက်ပေါ်လာသည့်
အင်ဌေအသက်ကိုတော့ ခံစားမိနိုင်လေသည်။

ဓားစိတ်ဆန္ဒသည် ယန်ယဲ့ကို ဗဟိုပြုလျက်
ရောမဓားစိတ်ဆန္ဒစက်ဝန်းကြီး
ဖြစ်ပေါ်လာပါသည်။
ဓားစိတ်ဆန္ဒအင်ပေါ်အသက်များ ပြန့်နှံ့သွားသည့်
နေရာတိုင်းတွင်
အာကသဟင်းလင်းပြင်သည်အနက်ရောင်မှ
အဖြူရောင်သို့ ပြောင်းလဲသွားပြီး
မရဏစွမ်းအင်သည်လည်း အသက်စွမ်းအင်
အဖြစ် ပြန်ပြီး ပြောင်းလဲသွားပါတော့သည်။

အချိန်သိပ်မကြာခင်မှာပဲ ယန်ယဲ့၏ ဓားနယ်မြေ လွှမ်းခြုံထားသည့် အရာအားလုံးဟာ ငြိမ်သက်သွားခဲ့ပါပြီ။

တစ်ချိန်တည်းမှာပင် ဓားစိတ်ဆန္ဒသည် ဓားနယ်မြေ တစ်ခုလုံး လွှမ်းခြုံနေကာ ကောင်းကင်နှင့်မြေကြီးပါလုံးဝပေါင်းစပ်သွားခဲ့သည်။ အာကာသဟင်းလင်းပြင် သည်ပင် ၎င်းနှင့် ပေါင်းစပ်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိလူတိုင်း တုန်လှုပ်ခြောက်ခြားသွားကြလေသည်။

“ဖန်တီးနိုင်သော ဓားနယ်မြေ!”
မျက်မမြင်အဘိုးအိုသည်လည်း
ထိတ်လန့်တုန်လှုပ်စွာ ရေရွတ်လိုက်ပါပြီ။

“မှန်တယ်၊ နောက်ထပ် ဆေဘာဓားဂိုဏ်းရဲ့
တည်ထောင်သူဘိုးဘေး (ဒုတိယမြောက်
အနှောင်အဖွဲ့ကင်းမဲ့သူ) မွေးဖွားလာခဲ့ပြီ။”
ဦးခေါင်းမဲ့သူလည်း စကားပြောသည်။

ဤအခိုက်အတန့်တွင် ငရဲကေရီ
သည်သူမ၏မျက်လုံးများကိုဖွင့်၍ ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ရင်း
"ဂုဏ်ယူပါတယ်။ အခုကစလို့ အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့် ဒါမှမဟုတ်
သူတော်စင်တစ်ပိုင်းအဆင့် အောက်မှာ
ဘယ်သူမှ နင့်ကို မသတ်နိုင်တော့ဘူး။"

ယန်ယဲ့သည် ငရဲကေရီကို
တစ်ချက်စိုက်ကြည့်ရင်း သူ့ခန္ဓာကိုယ်က
တဖျပ်ဖျပ်တောက်ပလာပြီး
အလင်းတန်းတစ်ခုအဖြစ် ပြောင်းကာ

မိုးကုပ်စက်ဝိုင်းထဲသို့
ပျောက်ကွယ်သွားလေတော့သည်။

"မြင့်မြတ်တဲ့ကေရီ၊ သူ့ကိုမသတ်ရင်
ငါတို့မြင့်မြတ်ခန်းမတွေရဲ့ကပ်ဘေးတစ်ခု
ဖြစ်လာမှာ
သေချာတယ်!"အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်
ဦးသည် ၎င်းရဲ့ကေရီ၏ နံဘေးမှာပေါ်လာပြီး
လေးနက်စွာ ပြောလိုက်သည်။

ငရဲကေရီသည် မိုးကုပ်စက်ဝိုင်းဆီသို့ ခဏတာ မျှော်ကြည့်ပြီးနောက် သူမ အကြည့်ကို ဆုတ်လိုက်ပြီး အဘိုးအို့ကို တစ်ချက်ကြည့်ကာ "နင်က သူနဲ့ အတူ သေစေချင်တာလား"

အဘိုးအို၏ အမူအရာသည် ချက်ချင်းပင် ပြောင်းသွားပြီး "မြင့်မြတ်တဲ့ကေရီ၊ အဲဒါကို မမေးတော့ဘူး." ဟု ကမန်းကတန်း ပြောလိုက်သည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၄၁ - သက်တမ်း ၁ လ သာကျန်

ငရဲကေရီသည် အဘိုးအိုကို နောက်ထပ် ဂရုမစိုက်တော့ပေ။ နောက်ပြန်လှည့်ကာ အလင်းတန်းတစ်ခုအဖြစ်ပြောင်းၪီလူတိုင်း၏ မြင်ကွင်းမှ ပျောက်ကွယ်သွားပါတော့သည်။ အဖြူရောင်ဝတ်ရုံအဘိုးအို၏ မျက်နှာသည် ချက်ချင်းပင် ပြောင်းလဲသွားပြီး ယန်ယဲ့ကို လိုက်ချင်နေပုံရသည်။ သို့သော် သူ့ဘေးနားရှိ

အဘိုးအိုတစ်ဦးက “သူက ဓားနယ်မြေကို နားလည်ထားပေမဲ့ အနှောင်အဖွဲ့ကင်းမဲ့သူထက် အများကြီးနိမ့်ကျနေသေးတယ်။ မြင့်မြတ်သောအကြီးအကဲ နှစ်ပါး နဲ့ အဖွဲ့က တောင်ပိုင်းနယ်မြေသွားတဲ့လမ်းမှာ ရှိနေတုန်းပဲ။

ဒီတော့ သူက တောင်ပိုင်းနယ်မြေကို ပြန်ရင် ကိုယ့်ကိုယ်ကို သေလမ်းရှာသလိုပဲဖြစ်မှာ။

ဒါပေမယ့် အခု ငါတို့ သူ့ကို လိုက်ဖမ်းမယ် ဆိုရင် သူ့မှာ ရှိတဲ့ သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးတွေကို သတ်နိုင်မယ်ဆိုရင်တောင်

ငါတို့အတွက် ထိုက်တန်တဲ့ အောင်ပွဲ
ဖြစ်နိုင်မှာမဟုတ်ဘူး!”

အဘိုးအိုသည် ဤစကားကိုကြားပြီး
အချိန်တော်တော်ကြာသည်ထိ
တုံ့ဆိုင်းသွားခဲ့သည်။နောက်ဆုံးတွင် ယန်ယဲ့
ကိုလိုက်ဖမ်းရန် ရည်ရွယ်ချက်ကို စွန့်လွှတ်ကာ
အခြားသူများနှင့်အတူ
မြင့်မြတ်သောခန်းမများသို့ ပြန်သွားခဲ့သည်။

ထိုအတောအတွင်း မျက်မမြင်အဘိုးအို သည်
ယန်ယဲ့ထွက်ခွာသွားသည့် လမ်းကြောင်းဆီသို့
စူးစိုက်ကြည့်ကာ "သူက ဖြောင့်မတ်ပေမဲ့
စိတ်ဆတ်တယ်။ မြင့်မြတ်နယ်မြေရဲ့
အဖွဲ့ဝင်တွေကို သတ်သလို
နယ်ခြားမိစ္ဆာတွေကိုလည်း သတ်တယ်။
တကယ်လို့ အနာဂတ်မှာ သူသာ
တောင်ပိုင်းနယ်မြေကို ဦးဆောင်ပြီး ငါတို့ကို
တိုက်ခိုက်လာမယ်ဆိုရင် အခြေအနေက
သိပ်ကောင်းမယ်မထင်ဘူး။ သူက အခု
ကီလိုမီတာ ၅.၀၀၀ လောက်ပဲ ဝေးတယ်။

အခုချက်ချင်းလုပ်ရင် သူ့ကိုသတ်ပစ်ဖို့ ၉၀ ရာခိုင်နှုန်း ယုံကြည်မှုရှိတယ်။”

"ငါနင့်ကိုစားမယ်!" ယင်ယင်က မျက်မမြင်အဘိုးအို့ကို စိုက်ကြည့်ပြီး “အစ်ကိုကြီးက ငါ့ကို လူစားဖို့ ခွင့်မပြုပေမဲ့ နင်သူ့ကိုသတ်ရဲရင် ငါ စည်းမျဉ်းကို ချိုးဖောက်မယ်!”

မျက်မမြင်အဘိုးအို၏ ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး “သမီးလေး၊ မင်းက

ဘယ်လောက် ရက်စက်လုံ့ကသလဲ။ ငါတို့
တစ်ယောက်နဲ့တစ်ယောက် သိတာ
ဘယ်လောက်ကြာပြီလဲ။ မင်းသူ့ကိုသိတာ
ဘယ်လောက်မှ မကြာသေးဘူးလေ။ ဒါတောင်
မင်းက သူ့အတွက် ငါ့ကိုစားချင်နေတာလား။ ငါ
မင်းကို ဘာမှ မရည်ရွယ်ပါဘူး၊ တကယ်ကို
ကြောက်ပါတယ်!"

ယင်ယင်က ငြီးတွားကာ တိတ်ဆိတ်နေ၏။

ထိုအချိန်တွင် ဦးခေါင်းမရှိသူသည် “ငါတို့ ၃ ယောက်အတူတကွရှိနေမှပဲ မြင့်မြတ်နယ်မြေနဲ့ နယ်ခြားမိစ္ဆာတွေကို ခုခံနိုင်မှာ။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ရင် သေလမ်းရှာတာနဲ့ ဘာမှမခြားဘူး။

ဒီကလေး ယန်ယဲ့ ကို အသက်ရှင်လျက် ထားလိုက်ပါ။ စောစောကပြောသလိုပဲ။ သူက နယ်ခြားမိစ္ဆာတွေကိုလည်း သတ်ဖြတ်တယ်။ အနာဂတ်မှာ သူက ငါတို့နဲ့ မဟာမိတ် ဖြစ်နိုင်တယ်။ အဲဒါအတွက် ဖြစ်နိုင်ခြေ အရမ်းများတယ်။ ဘာလို့လဲ ဆိုတော့ သူက

ယင်ယင်အပေါ်မှာ အရမ်းကောင်းတာ
သိသာတယ် !"

"ဟုတ်ပါတယ်!" ယင်ယင်က သူ့မ၏
လည်ပင်းမှ အနီရောင်ကြိုးလေးကို လက်ဖြင့်
ပွတ်သပ်ရင်း ပြန်ပြောလိုက်သည်။

“မင်း သူ့ကို လှည့်စားနေတာလား…”
မျက်မမြင်အဘိုးအို့သည် ခေါင်းယမ်းကာ
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

“အခုကစပြီး နောက် ၂ လကြာရင်
လာတော့မယ့် စစ်ပွဲအတွက်
ကြိုတင်ပြင်ဆင်ပြီး လေ့ကျင့်ကြရအောင်။”
ဦးခေါင်းမဲ့သူလည်း ပျောက်ကွယ်သွားသည်။

ယင်ယင်သည် ထိုနေရာတွင် ရပ်နေပြီး ယန်ယဲ့
ထွက်သွားသည့် လမ်းကြောင်းကို
အချိန်အတော်ကြာ ထွက်ငေးကြည့်ပြီးနောက်
နောက်ဆုံးတွင် သူမလည်း မြို့ထဲသို့
ပြန်ဝင်သွားခဲ့သည်။

...

ယန်ယဲ့၏ ပုံရိပ်သည် ဆန်းကြယ်တိုက်ကြီး
သွားသည့် လမ်းကြောင်းအတိုင်း
ဦးတည်ပျံသန်းနေပါသည်။ သူသည်
အကြီးအကဲမူ နှင့် အဘိုးအို လုယန်တို့အား
ယုံကြည်သည့်တိုင် မြင့်မြတ်နယ်မြေမှ
စေလွှတ်လိုက်သော ပညာရှင်များသည်လည်း
အားနည်းသည်မဟုတ်ချေ။

ထို့အပြင် ငရဲကေရီ၏ ပြောကြားချက်အရ
မြင့်မြတ်နယ်မြေဟာ အတည်တကျ
ကိုင်တွယ်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့်
ယန်ယဲ့သည် သူ၏အမြန်နှုန်းကို တိုးမြှင့်၍

ဆန်းကြယ်တိုက်ကြီးသို့ အလျင်အမြန်
ပြန်သွားနေခြင်းပင်။

"စောစောက သူမ နင့်ကိုသတ်ဖို့
အခွင့်အရေးရခဲ့တယ်!" ရုတ်တရက်
ဓားဝိညာဉ်၏ အသံသည် သူ့စိတ်ထဲတွင်
ပဲ့တင်ထပ်လာသည်။

"အဲဒါကို မင်းဘာတွေထင်နေတာလဲ"
ယန်ယဲ့သည် သူ့စိတ်ထဲတွင် သိပ်မယုံချင်ပေ။
အဘယ်ကြောင့်ဆိုသော် သူသည်

ဓားနယ်မြေထဲတွင် စစ်မှန်သော နတ်ဘုရား ဟု ခံစားမိသည်။

သူမက "နင် ဓားနယ်မြေကို တကယ် ဆုပ်ကိုင်မိတယ်လို့ ထင်နေတာလား" ဟု မေးလေသည်။

"မဟုတ်ဘူးလား?" ယန်ယဲ့သည် သူမကို ပြန်မေးရင်း ချက်ချင်းဆိုသလို မျက်မှောင်ကြုတ်လိုက်သည်။

"နင်အဲ့ဒါနဲ့အရမ်းဝေးနေသေးတယ်!" သူမက "ဓားနယ်မြေ ဆို ကမ္ဘာတစ်ခုလိုပဲ။ ကမ္ဘာကြီးက ဘာနဲ့ဖန်တီးထားတာလဲ သိလား။ လေဟာနယ်ဥပဒေသ၊ အပူချိန်ဥပဒေသတွေ၊ အသက်စွမ်းအင်တွေ၊ ကံကြမ္မာကောင်းချီးတွေ၊ ပြန်လည်မွေးဖွားခြင်းဥပဒေသတွေ... စတဲ့ ဥပဒေသတွေ အများကြီးပဲ။ အတိုချုံးပြောရရင် ကမ္ဘာကြီးက မရေမတွက်နိုင်တဲ့ ဥပဒေသတွေ နဲ့ စွမ်းအင်အမျိုးမျိုးကနေ ဖန်တီးထားတာပဲ။ အဲဒါအားလုံးကို "တာအို" လို့ခေါ်တယ်။ ဆေဘာဓားဂိုဏ်းရဲ့တည်ထောင်သူဘိုးဘေးက ဘာကြောင့် အစွမ်းထက်သလဲဆိုတာ သိလား။

သူ့ကိုယ်ပိုင်တာအိုကို ဆုပ်ကိုင်ထားလို့လေ။ သူ့ရဲ့ဓားနယ်မြေထဲမှာ မရေမတွက်နိုင်တဲ့ ဥပဒေသစွမ်းအင်တွေက ထောက်ပံ့ပေးထားသေးတယ်။ ဒါပေမဲ့ နင်ကော? ဥပဒေသတစ်ခုတောင် မဆုပ်ကိုင်မိသေးတာ နင့်ရဲ့ဓားနယ်မြေက ဘယ်လောက်အားကောင်းနိုင်မလဲ။"

ယန်ယဲ့သည် စကားပြောရန် ပါးစပ်ကိုဖွင့်လိုက်သော်လည်း ပြောစရာ စကားလုံးရှာမရပေ။

ထိုအတောအတွင်း ဓားဝိညာဉ်က “သူမ နင့်ကို
သတ်နိုင်တယ်လို့ ငါပြောခဲ့တဲ့
အကြောင်းရင်းက ဥပဒေသစွမ်းအင်တစ်ခုကို
ဆုပ်ကိုင်ထားလို့ပဲ။ အဲဒါက
အခုလက်ရှိဒီကမ္ဘာကြီးမှာ လုံးဝ
အနိုင်ယူနိုင်စွမ်းမရှိဘူးဆိုတာကို
နင်ကသတိပြုမိသင့်တယ်။နင့်ရဲ့ ဓားနယ်မြေ
လိုပဲ။ သူမပိုင်ဆိုင်တဲ့ ဥပဒေသ စွမ်းအင်သာ
အနည်းငယ် ပိုအားကောင်းခဲ့ရင်
နင့်ရဲ့ဓားနယ်မြေကို လုံးလုံးဖျက်ဆီးပစ်နိုင်မှာ
သေချာတယ်။

သူမက ဘာနဲ့တူသလဲဆိုရင် ဆေဘာဓားဂိုဏ်းရဲ့
တည်ထောင်သူဘိုးဘေး လိုပဲလေ။ ဒီကမ္ဘာရဲ့
အကန့်အသတ်တွေကို ကျော်သွားပြီ။
ဒါကြောင့် သူမက ကောင်းကင်ကို
အပေါက်ဖြတ်အောင်တောင် လုပ်နိုင်တယ်။
အခု နင့်ရဲ့ဓားနယ်မြေက ဒီကမ္ဘာထက်
ပိုသန်မာသလား"

ယန်ယဲ့သည်လည်း အချိန်အတော်ကြာအောင်
တိတ်ဆိတ်သွားပါတော့သည်။

ယန်ယဲ့သည် အချိန်အတော်ကြာအောင်
နှုတ်ဆိတ်နေခဲ့ပြီး "မင်းပြောတာကို

ငါနားလည်ပါတယ်။ဓားနယ်မြေရဲ့အစွမ်းက ငါ့အပေါ်မှာ မူတည်တယ်။ ငါသန်မာရင် သန်မာလိမ့်မယ်။ ဒါပေမဲ့ ငါက အားနည်းရင် အားနည်းလိမ့်မယ်!”

သူမ ထပ်မပြောခင် အချိန်အတော်ကြာအောင် နတိတ်ဆိတ်နေလေသည်။ ပြီးမှ သူမက “အနည်းဆုံးတော့ နင်က ကယ်တင်ဖို့ လုံးလုံးမလောက်ပါဘူး။ နင့်ရဲ့ အသစ်ရလာတဲ့ခွန်အားကို အရမ်းကြီး မောက်မာမနေဘူးပဲ။"

ယန်ယဲ့သည် အကူအညီမဲ့စွာသာ
ရယ်မောလိုက်ပြီး

“မင်းငါ့ကိုသတိမပေးရင် ငါတကယ်ပဲ
လမ်းလွဲသွားနိုင်တယ်။ မင်းသိလား… ငါက
သူမကို တစ်ချက်တည်းနဲ့ အဆုံးသတ်ဖို့
အခွင့်အရေးတစ်ခု ရှိခဲ့တယ်”

"ဒါဆို နင်လည်းသေရမှာ!" ဓားဝိညာဉ်က
ခေါင်းခါရင်း“ဒီလူရဲ့ခွန်အားဟာ ဒီကမ္ဘာရဲ့
အထွတ်အထိပ်ကို ရောက်နေပြီ။ ဒါကြောင့် နင်
သူတော်စင်တစ်ပိုင်းအဆင့်ကို

ရောက်ခဲ့ရင်တောင် သူမအတွက်
ပြုံးဖက်ဖြစ်မှာ မဟုတ်ဘူး။”

"နောက်ဆုံးတော့ ငါ တော်တော်
အားနည်းနေသေးတယ်!" ယန်ယဲ့သည်
ခေါင်းယမ်းလိုက်ပြီး ဤအကြောင်းကို
ဆက်မပြောတော့ပေ။ နောက်ဆုံးတွင် ခွန်အား
ဟူသည်
အလျင်စလိုလုပ်ယူနိုင်သောအရာမဟုတ်ပါ။

"ဟုတ်တယ်၊ ဒါနဲ့ ငရဲကေရီက ငါ့ကိုသတ်နိုင်မယ်လို့ မင်းပြောနေတာလား။ အဲဒါက ဘာကြောင့်လဲ?"

"သူမရဲ့ခွန်အားကို အပြည့်အဝအသုံးမပြုဘူးဆိုတာ နင်သဘောပေါက်လား" ဓားဝိညာဉ်က လေးနက်စွာ ပြောလေသည် "သေချာတယ်၊ သူမသာ နင့်ကိုတူတူဆွဲမချချင်ဘူးဆိုရင်တော့ နင် ဓားနယ်မြေကို ထုတ်ဖော်ထားတုန်း နင့်ကို မသတ်နိုင်ဘူး။ အတိုချုပ်ပြောရရင်တော့ အနာဂတ်မှာ သူမနဲ့ ရင်ဆိုင်ရင်

သတိထားဖို့လိုမယ်။ ဒါ့အပြင် နင်က
ဓားနယ်မြေကို နောက်တစ်ကြိမ်မသုံးဖို့
သတိရပါ။"

"ဘာကြောင့်လဲ?" ယန်ယဲ့သည် ရုတ်တရက်
အံ့ဩသွားသည်။

ဓားဝိညာဉ်က ရုတ်တရက် " နင်
ဘယ်လောက်ကြာကြာ
အသက်ရှင်နိုင်တယ်ဆိုတာ သိလား"

"အနည်းဆုံး နှစ်ရာကျော်!" ယန်ယဲ့သည် ပြတ်ပြတ်သားသား ပြောလိုက်သည်။
နောက်ဆုံးတွင် သူသည် သိုင်းကေရာဇ်အဆင့် တက်ရောက်သွားပြီဖြစ်ရာ
နောက်ထပ်သက်တမ်း
နှစ်ရာကျော်ရှိသင့်သည်မဟုတ်ပါလား။

"ကိုယ့်ဟာကိုယ် သေချာလေးပြန်စစ်ကြည့်။" ဓားဝိညာဉ် ကပြောသည် ။

ယန်ယဲ့လည်း ခဏကြာတုံ့ဆိုင်းနေပြီးမှ
သူ့ခန္ဓာကိုယ်ကို
စတင်ပြီးစစ်ကြည့်လိုက်လေသည်။
ထိုခဏလေးမှာပဲ သူ့မျက်လုံးများဟာ
အံ့ဩတုန်လှုပ်ခြင်းများစွာ
ပြည့်နှက်သွားရပါပြီ။ သူ၏
လက်ကျန်သက်တမ်းဟာ တစ်လသာလျှင်
ကျန်တော့သည်ကို သတိပြုမိသောကြောင့်ပင်။

"ဘာတွေဖြစ်နေတာလဲ?" ယန်ယဲ့၏ အသံသည်
အနည်းငယ် တုန်ယင်နေပါသည်။ ဒီအချိန်မှာ
သူက နားမလည်နိုင်သော အမှုအရာနဲ့

ဓားဝိညာဉ်ကို စိုက်ကြည့်ကာ "မဟုတ်မှလွဲရော ဒါက ငရဲကေရီ ကြောင့်ပဲလား"

“မဟုတ်ဘူး!”ဓားဝိညာဉ်က ခေါင်းခါရင်း ဆက်ပြောပါသည်။"ဒီလိုတွေဖြသ်လာမှာဆိုးလို့ ဓားနယ်မြေကို ဘယ်လိုသုံးရမလဲ နက်မေးလာတုန်းက ငါမပြောခဲ့ဘူး။ ဘာလို့လဲဆိုတော့ အခုလိုပဲ၊ ဓားနယ်မြေကိုသုံးမယ်ဆိုရင် ဒီလိုမျိုး တန်ကြေးတစ်ခုပေးဆပ်ရမှာလေ။ နင်က အဲလိုအရာကိုမတတ်နိုင်ဘူး။"

"ဘာလို့ဒီလိုဖြစ်သွားတာလဲ!?" ယန်ယဲ့က
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"အရင်က နင့်ရဲ့ဓားနယ်မြေထဲမှာ
ဥပဒေသစွမ်းအင် ၂ ခုရဲ့ပါဝင်တယ်။
ယာယီဥပဒေသတွေ နဲ့
အာကာသဟင်းလင်းပြင် ဥပဒေသတွေ။
ဒါပေမဲ့ လက်ရှိမှာ နင်က အဲဒါတွေ တစ်ခုမှ
မဆုပ်ကိုင်ထားသေးဘူးလေ။ ဒီတော့
နက်နဲဆန်းကြယ်တဲ့နည်းစနစ်တစ်ခုကို
အပြည့်အဝနားမလည်ဘဲသုံးတဲ့အရူးတစ်ယောက

က်လိုပဲဖြစ်နေတယ်။ အဲဒါကတော့
နောက်ဆက်တွဲရလာမဲ့ အကျိုးဆက်အနေနဲ့
သေချာပေါက် ရိုက်ခတ်ခံရမှာပဲ။
နားလည်ရဲ့လား?" ဓားဝိညာဉ်က ယန်ယဲ့ကို
စိုက်ကြည့်နေရင်း ပြောလိုက်သည်။

Book.53